
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**သမိုးပုံနှိပ်တိုက်**

**သမီးပျိုစာပေ**

အမှတ် (၁၄၀)၊ လေဆိပ်လမ်း၊
မြောက်ဥက္ကလာပမြို့နယ်။

လူတချို့က ပြောကြတယ်

ကောင်မလေးတွေပျက်စီးတာ

ကောင်လေးတွေက

ဖျက်ဆီးလို့တဲ့ . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁ |

❑

❑ ပထွေးတဲ့ …။

ဘယ်ပထွေးမှ ကောင်းတာမဟုတ်ဘူး။

ဝတ္ထုတွေ၊ ရုပ်ရှင်ဗီဒီယိုတွေ၊ ရုပ်ပြဇာတ်လမ်းတွေထဲမှာ ဖြဲ ဖတ်ခဲ့ဖူးတာပေါ့။

တစ်ယောက်မှ မကောင်းကြဘူး။

မယားပါသမီးကို ခြေတော်တင်ချင်ကြတဲ့သူတွေ၊ မင်း

**သမီးပျိုစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



မယားကို နှိပ်စက်ညှဉ်းပန်းတတ်ကြသူတွေဆိုတာ ဖြူကြားဖူး ကြည့်ဖူးနေခဲ့တာပေါ့။ ပထွေးဆိုတဲ့ ယောကျ်ားတွေရဲ့အကြောင်း ကို ဖြူကိုယ်တိုင် လက်တွေ့ကြုံမှသိလိုက်ခဲ့ရတယ်။

မိန်းကလေးတွေရဲ့ဘဝကိုက ဆိုးပါတယ်။

ရိုးရိုးရှင်းရှင်းလေးနဲ့ အဓိပ္ပါယ်ထိရောက်တဲ့ မြန်မာစကား ပုံတစ်ခုရှိတယ်လေ။

ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်တယ်။

ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်သတဲ့။ မိန်းမသား တွေရဲ့ဘဝကို ဖက်နဲ့နှိုင်းထားတဲ့ စကားပုံလေးပေါ့။

ခန္ဓာကိုယ်ကာကွယ်ရေးအတွက် လုံခြုံရေးစနစ်က ပါး လွှာလွန်းသလို နုနယ်သောအရံအတားလေးသာရှိတဲ့အတွက် ဘဝလမ်းကြမ်းကြမ်းမှာလျှောက်နေရတဲ့ မိန်းမတစ်ယောက် အဖြစ်က . . . ကြိုးတန်းပေါ် လမ်းလျှောက်နေရသလိုပဲလေ။

မိန်းမသားတစ်ယောက်ရဲ့ဘဝဒုက္ခကို ဖြူကိုယ်တိုင် ရင် ဆိုင်ကြုံတွေ့ခဲ့ရတယ်ဆိုရင် လက်ခံနိုင်ကြမလား။

ဒါတွေအားလုံးက ကံကြမ္မာကြောင့်လား၊ အတိတ်ဘဝ က အကုသိုလ်, ကုသိုလ်တရားပဲလား ဖြူမသိပါဘူး။





ဖြူ လူမှန်းသိတတ်စအရွယ်ရောက်တော့ လောကကြီး ထဲမှာ ဖေဖေမရှိတော့ပါဘူး။ ဖြူ့အသက် သုံးနှစ်အရွယ်လောက် မှာပဲ ဖေဖေတိမ်းပါးခဲ့တာလို့ မေမေပြောပြလို့ ဖြူသိခွင့်ရခဲ့တယ်။

ပါးအို့လေးတွေ နီမို့မို့အစ်အစ်နဲ့ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ပြီး ချစ်စရာကောင်းတဲ့သမီးလေးမို့ ဖေဖေက ပန်းဖြူတီ လို့နာမည်ပေးခဲ့တာလေ။

ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးမှာ ဖေဖေပျော် ရွှင်စွာနဲ့ရှင်သန်ခွင့်က သိပ်မရခဲ့ပါဘူး။

ကုန်စုံဆိုင်လေးတစ်ဆိုင်၊ ခြံထဲကပျဉ်ထောင်အိမ်လေး တစ်လုံးနဲ့ သားအမိနှစ်ယောက်တည်း ကျန်ရစ်ခဲ့ရတဲ့ဘဝလေးကို မေမေက ဆက်ပြီးအဆင်ပြေအောင် ရုန်းကန်ခဲ့ပါတယ်။

'မေမေ့သမီးအတွက် မေမေ့မှာ ခွန်အားတွေရှိပါတယ် သမီးလေးရယ်'

မိန်းမသားတစ်ယောက်ရဲ့ မာနခွန်အားတစ်ခုနဲ့ မေမေ က ဖြူ့တီဘဝလေးကို တာဝန်ယူဦးဆောင်ခဲ့တယ်။ သမီးတစ် ယောက်အမေ မုဆိုးမ,ဆိုပေမယ့် မေမေ့အရွယ်က အလှသွေးစို နေတုန်း ချောမေလှပနေဆဲလေ။



www.burmeseclassic.com

ထီးမရှိသော ဘုရား၊ တံခွန်မရှိသော ရထား၊ လင်သား မရှိသော မယားဟူသည် မတင့်တယ်ရာဘူးတဲ့။

လင်ယောကျ်ားမရှိတဲ့ဘဝကို ရုန်းကန်ရှင်သန်ရတဲ့ မေမေ့ဘဝမှာ ရင်ဆိုင်ရတဲ့ အခက်အခဲဒုက္ခတွေကတော့ အများကြီးရှိခဲ့ပါတယ်။

'အဟဲ ... ဘယ်လိုကြည့်ကြည့် အလတ်ကြီးပဲရှိသေးတယ်ဗျာ'

'ဟင် ... ရှင်ဘာပြောတာလဲ ကိုလှအောင်'

'ဗျာ ... အဲ ... ဟို ... အာ ... အာလူးကြီးတွေကို ပြောတာပါ မပန်းနိုင်ရဲ့၊ အဟီး ... တကယ့်လတ်လတ်ဆတ်ဆတ်ကြီးနော်၊ မနွမ်းမဖပ်သေးဘူးပဲ ... အဲဒါပြောတာပါ'

'ရှိသဲ့သဲ့လာမလုပ်နဲ့နော်၊ ဒီမှာဘာလဲ ကြည့် ... ပိသာလေးနဲ့ပစ်ထည့်လိုက်လို့ ခေါင်းဟက်တက်ကွဲသွားမယ်'

'အာ ... မ ... မလုပ်ပါနဲ့ဗျာ၊ မပန်းနိုင်ကလည်း ကျွန်တော်က ခင်လို့စတာပါဗျာ ... အဟဲ'

'ဒီမှာ ရှင်ဘာဝယ်မှာလဲ ... ဝယ်စရာရှိတာ ဝယ် မဝယ်ရင်လည်း ပြန် ... ဒါပဲ'





'ဟို ... အဟဲ ... နောက်မှဝယ်မယ်နော်၊ အခုက ဈေးမေးကြည့်တာ'

'ရှင် အူတူတူလာမလုပ်နဲ့၊ ရှင့်မိန်းမ မအေးကြည်ကို ကျွန်မ ပြန်ပြောလိုက်မှာ'

'ဟာ ... မ ... မလုပ်ပါနဲ့၊ ငါက နင့် ... နင့်ကို ဘာပြောလို့လဲ၊ ငါသွားတော့မယ်နော် ... နော်'

မယားငုတ်တုတ်ရှိလျက်နဲ့ သွေးတိုးစမ်းချင်တဲ့လူမျိုး ရှိသလို အရက်ကလေးထွေထွေနဲ့ လာရစ်ချင်၊ ကြံစည်ချင်တဲ့သူကလည်း ရှိသေးတယ်။

'မပန်းနိုင် ... ကွမ်းယာ တစ်ရာဖိုးလောက် ... အေ့'

'ဘာတွေကြောင်နေတာလဲ ... ကျွန်မဆိုင်က ကွမ်းယာ မရောင်းဘူးလေ၊ ရှင်မူးနေပြီလား ကိုမြဖော်'

'အင် ... အဟဲ ... ဆောရီး ... ဒါဆိုလည်း စီးကရက် တစ်လိပ်လောက်ရောင်းနော်၊ အဟင်း ... အချစ်ပါပေး'

'ရှင် ဘာပြောတာလဲ'

'ဟို ... ဟိုလေ ... မီး ... မီးခြစ်ပါ မပန်းနိုင်ရဲ့ ... အဟင်း'

'ကိုမြဇော်နော် ရှင် မူးပြီးလာမရစ်နဲ့ ရှော့ ... ဆေးလိပ် ဒီမှာ မီးခြစ်၊ ခြစ်ပြီးရင်ထားခဲ့'

'အဟင်း ... မပန်းခိုင်ကလည်း အားရပါးရချစ်ချင်လို့ပါ၊ တွန့်တိုလိုက်တာဗျာ ... အဟဲ'

'ကိုမြဇော် ... ရှင် ပြန်တော့နော်၊ ကျွန်မ ခုချက်ချင်း ရပ်ကွက်လူကြီးအိမ် သွားတိုင်ပစ်လိုက်မှာ ... ဘာမှတ်နေလဲ'

ရပ်ကွက်လူကြီးဆိုတာနဲ့ မြဇော်မျက်လုံးပြူးသွားတယ်။ အရက်မူးပြီး ပြဿနာမဖြစ်တော့ပါဘူးဟု ဝန်ခံကတိလက်မှတ် ရေးထိုးထားရတာ သည်တစ်ခါနဲ့ဆိုရင်တော့ အချုပ်ထဲရောက်မှာ အသေအချာလေ။

အန္တရာယ်တွေကို မေမေ့ခမျာ နည်းလမ်းအမျိုးမျိုးနဲ့ ဖြေရှင်းခဲ့ရတယ်။ တချို့ကလည်း လေပြေကလေးထိုးပြီး မေမေ့ကို ချဉ်းကပ်ဖို့ကြိုးစားကြတယ်။

'မပန်းရယ် ... ကိုသိန်းမြိုင်ကြီးက လူရိုးလူအေးကြီးပါတော်၊ သူလည်း မုဆိုးဖိုဆိုတော့ မပန်းနဲ့ လိုက်ဖက်ပါတယ်'

''စိတ်မဝင်စားပါဘူး မအေးရယ်၊ သူ့မှာက သားသမီး သုံးယောက်နဲ့၊ ကျွန်မမှာသမီးလေးနဲ့၊ ရေရှည်ကျရင် ဖြစ်မှာ





မဟုတ်ပါဘူး'

သမီးအတွက် အမြဲတမ်းစဉ်းစားတတ်သော မေမေ။

ဖြူ အပျိုပေါက်အရွယ်၊ ဆယ်တန်းအောင်တဲ့နှစ်မှာပဲ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မေမေ့ရဲ့ဆုံးဖြတ်ချက်ကြီးကြောင့် ဖြူ အံ့ဩခဲ့ရတာ အမှန်။ ဒါပေမဲ့ မေမေ့ရဲ့ဖြေရှင်းစကားတွေကလည်း ခိုင်ကျည်နေခဲ့တာပါပဲ။

'မေမေ အိမ်ထောင်ပြုလိုက်တဲ့ အဓိကအချက်ကတော့ မေမေ့သမီးလေးကြောင့်ပဲ၊ သမီးအသက်အရွယ်က ကလေးမဟုတ်တော့ဘူးနော်၊ အပျိုပေါက်အရွယ်ရောက်နေပြီ၊ သမီးအတွက် မားမားမတ်မတ်ကာကွယ်ရပ်တည်ပေးမယ့် ယောကျ်ားတစ်ယောက်, အုပ်ထိန်းသူတစ်ယောက်လိုတာ အမှန်ပဲသမီး၊ ကိုအောင်စိုးက မေမေနဲ့သမီးအတွက် အားကိုးရမယ့်ယောကျ်ားတစ်ယောက်လို့ မေမေယုံကြည်တယ်သမီး'

အိမ်ကို အမြဲတမ်းဝင်ထွက်နေကျ ဦးအောင်စိုးတဲ့။ သူ့ကို ဖြူ ကောင်းကောင်းသိတာပေါ့။ မေမေနဲ့ သက်တူရွယ်တူလောက် ရှိပါတယ်။

ဌာနဆိုင်ရာ ရုံးကြီးတစ်ခုမှာ အထက်တန်းစာရေးကြီးပီ

www.burmeseclassic.com



ပီ အကျင့်သိက္ခာသမာဓိကလည်း ယုံကြည်ကိုးစားဖွယ်ရှိပါတယ်။ ရုပ်ရည်သန့်ပြန့်ပြီး စတိုင်ကျကျဝတ်စားတတ်သူမို့ မေမေရွေးချယ်ခဲ့ခြင်းဆိုတာ ဖြူသဘောပေါက်လိုက်ပါတယ်။

ဦးအောင်စိုးက လူပျိုကြီးတော့ မဟုတ်ပါဘူး။ အိမ်ထောင်ကျဖူးသူတစ်ယောက်ပါပဲ။ ကံအကြောင်းမလှစွာနဲ့ ဇနီးသည်ကို တစ်နှစ်လောက်ပဲပေါင်းသင်းလိုက်ရပြီး တိမ်းပါးသွားခဲ့တာမို့ သားသမီးမရှိတဲ့ မုဆိုးဖိုဘဝရောက်ခဲ့ရသူပါ။

မေမေနဲ့ ရင်းနှီးကျွမ်းဝင်စွာ အိမ်ကိုဝင်ထွက်နေစဉ်ကတည်းက ဖြူ့အတွက် အဝတ်အစားက အစ၊ အသုံးအဆောင်ပစ္စည်းလေးတွေ အဆုံး ... တစ်ခုမဟုတ်တစ်ခု ဝယ်လာတတ်ပြီး မေမေခေါ်သလို သမီးလေးလို့ခေါ်တတ်ခဲ့သူတစ်ယောက်။

တကယ်တမ်း ဖြူတို့အိမ်ပေါ်ရောက်လာတော့လည်း ဖြူ့အပေါ်ကို သမီးအရင်းလို ချစ်ခင်ဂရုစိုက်သူပါပဲ။

ဖြူစိတ်ကောက်သမျှ သည်းခံပေးပြီး ဖြူပူဆာသမျှကိုလည်း အလိုလိုက် အကြိုက်ဆောင်ပေးခဲ့ပါတယ်။

ရောက်စ တစ်လ၊ နှစ်လလောက်က ဦးအောင်စိုးအပေါ်ကို ပထွေးတစ်ယောက်ဆိုတဲ့အသိနဲ့ ဖြူဆက်ဆံခဲ့မိပါတယ်။





နောက်ပိုင်းမှာတော့ ဖခင်ရင်းတစ်ယောက်ပမာ ဖြူ အားကိုးယုံကြည်လာခဲ့မိတာ အသေအချာပါပဲ။

အရင်တုန်းက ဦးဦးစိုးလို့ခေါ်တတ်ခဲ့တဲ့ဖြူ နောက်ပိုင်းမှာ ဖေဖေစိုးလို့ခေါ်ရဲ့၊ ခေါ်နိုင်ခဲ့ပါပြီ။

ဖေဖေစိုးက ဖြူတို့သားအမိအပေါ် ဖခင်တစ်ယောက်တာဝန်၊ အိမ်ထောင်ဦးစီးတစ်ယောက်တာဝန်ကို အပြည့်အဝယူနိုင်ခဲ့တာလည်း အမှန်ပါ။

ပျော်စရာမိသားစုဘဝလေးကို ပိုင်ဆိုင်ခဲ့ပြီဆိုတဲ့အသိနဲ့ မေမေကတော့ ကြည်နူးဝမ်းသာနေခဲ့ပါတယ်။ ဖေဖေစိုးကလည်း ကြည်နူးကျေနပ်သွားခဲ့ရတာ မေမေ့ရဲ့ဝမ်းထဲမှာရင်သွေးလေးလွယ်ပိုးထားရပြီဆိုတဲ့ သတင်းကြောင့်ပါပဲ။

ဖြူတီကတော့ ဝမ်းသာရမှာလား၊ မနာလိုဝန်တိုဖြစ်ရမှာလား မသိခဲ့ဘူး။ အသက်ကြီးမှ ဒုတိယရင်သွေးလွယ်ပိုးထားရတဲ့ မေမေကတော့ ဖြူ့အတွက်အဖော်တစ်ယောက် မေမေမွေးပေးမှာတဲ့လေ။

ဖြူတီ ဝမ်းတော့သာမိပါတယ်။ ညီအစ်ကို မောင်နှမရင်းချာမရှိတဲ့ဘဝမှာ မောင်လေးလား ညီမလေးလား ပိုင်ဆိုင်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ကျေနပ်စရာပါ။

နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့ ဝမ်းနာလာတဲ့ မေမေ့ကို အဲဒီညနေက ဆေးရုံတင်လိုက်ရတယ်။ မိုးချုပ်တဲ့အထိ မေမေ မမွေးဖွားသေးဘူး။

ဆေးရုံမှာက ညအိပ်စောင့်ရမယ့် အခြေအနေဖြစ်လာခဲ့တယ်။ ဒီအခြေအနေတွေက ဖြူ့အတွက် ကြိုမမြင်နိုင်တဲ့ ကံကြမ္မာဆိုးကို သယ်ဆောင်လာမယ့်အဖြစ်ဆိုတာ အဲဒီအချိန်က ဖြူမသိခဲ့တာလည်း အမှန်ပါပဲ။

* * *

## အခန်း | ၂ |

❑

❑ "သမီး ဆေးရုံမှာ ညစောင့်မအိပ်ပါနဲ့ကွယ်၊ မခင်မှုံ စောင့်ပေးနေတာပဲကွယ် ... ရပါတယ်"

"ဘာဖြစ်လို့လဲ မေမေရဲ့ ... သမီးပါ ဒေါ်လေးမှုံနဲ့အတူ မေမေ့ကိုစောင့်ပေးမှာပေါ့"

"မစောင့်ပါနဲ့ သမီးရဲ့ ... မေမေ့သမီးလေးက အပျိုစင်လေးပဲ ရှိသေးတယ်၊ သားဖွားဆေးရုံမှာ နေ့လယ်နေ့ခင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လာနေတာတောင် မေမေက လာစေချင်တာမဟုတ်ဘူး။ မနက်မှလာပါသမီးရယ်နော်''

ဖြူဆေးရုံမှာ ညစောင့်အိပ်ပေးမယ့် အစီအစဉ်ကို မေမေက လက်မခံတာမို့ ဖြူအိမ်မှာပဲအိပ်ဖို့ အစီအစဉ်ဖြစ်လာရတယ်။

''နိုင်ရယ် … နိုင်နဲ့ မခင်မှုံ နှစ်ယောက်တည်း ဖြစ်ပါ့မလား''

မေမေ့ကို စိတ်မချသလိုနဲ့ ဖေဖေစိုးကပြောတော့ ဒေါ်ခင်မှုံ မျက်စောင်းထိုးရင်း …

''အမလေးတော် … ကျွန်မတို့နှစ်ယောက်တည်း မဟုတ်ပါဘူး၊ ဆရာဝန်တွေ, ဆရာမတွေ အပုံကြီးရှိပါတယ် ကိုအောင်စိုးရဲ့''

''အာ … မခင်မှုံကလည်း ကျွန်တော်က စိုးရိမ်လို့ပါဗျာ''

''ရှင်တို့ရှိနေတော့ကော ဘာတတ်နိုင်မှာမို့လဲ၊ ဒီမှာရှင့်မိန်းမက ကလေးမမွေးဖူးတာ မဟုတ်ပါဘူးနော်''

ဒေါ်မှုံက စကားပြောရင် အဲဒီလို ဟောဟောဒိုင်းဒိုင်း ပြောတတ်တာ။ စိတ်ဓာတ်ကတော့ တကယ်ကောင်းပါတယ်။





အဝလည်း မေမေဗိုက်နာပြီဆိုတာနဲ့ အပြေးရောက်လာပြီး ဆေးရုံကို တစ်ခါတည်းလိုက်လာပေးတဲ့ အိမ်နီးချင်းကောင်းတစ်ယောက်လေ။

နောက်ဆုံးတော့ ဒေါ်ခင်မှုံကို မေမေကိုညစောင့်ပေးဖို့ အားရစ်ခဲ့ပြီး ဖေဖေစိုးနဲ့ ဖြူတို့ပဲ အိမ်ပြန်ခဲ့ကြတယ်။

အိမ်ပြန်ရောက်တော့ ဖြူရေမိုးချိုးအဝတ်အစားလဲလိုက်တယ်။ ရာသီဥတုက အိုက်စပ်စပ်မို့ အိမ်နေရင်းဘလောက်အင်္ကျီပါးလေးပဲ ဝတ်လိုက်တယ်။ ဘောင်းဘီကလည်း ပိတ်သားပါးပါးလေးနဲ့ ချုပ်ထားတဲ့ဒူးလောက်ပဲ ရှည်တဲ့ဘောင်းဘီကိုလေးကို ရွေးဝတ်လိုက်တယ်။

ဖေဖေစိုးကတော့ ဧည့်ခန်းထိုင်ခုံမှာ ငုတ်တုတ်ကြီးထိုင်ပြီး ပုတီးကြီးကိုင်ထားတာမို့ ဖြူလှမ်းသတိပေးလိုက်ရသေးတယ်။

''ဖေဖေစိုး ရေချိုးဦးမှာလား၊ ချိုးလေ … သမီး ထမင်းပြင်ထားလိုက်မယ်''

''အင်း … သိပ်မဆာလှပါဘူး သမီးရယ်''

''မဆာလည်း ဆာသလောက်ပဲစားပေါ့ဖေဖေစိုးရဲ့၊ ကဲ ရေမြန်မြန်ချိုးလိုက်၊ သမီး ထမင်းခူးပြီးစောင့်နေမယ်''



www.burmeseclassic.com

www.burmeseclassic.com



မြူဆိုမှ ဖေဖေစိုး ပုတီးကြီးစားပွဲပေါ်ပြန်တင်ပြီး ရေချိုးဖို့ထွက်သွားပါတော့တယ်။

မြူ ထမင်းပိုင်းပြင်ဆင်ပြီးတော့ ဖေဖေစိုးအဝတ်အစားလဲပြီးရောက်လာတယ်။ ချိုင်းပြတ်စွပ်ကျယ်နဲ့ ထမင်းစားပွဲမှာဝင်ထိုင်ရင်း …

"သမီးဆာရင် စားနှင့်လေ … စား … စား … ထည့်စား။ ဖေဖေစိုးက သိပ်မဆာဘူးကွ"

"မေမေ့အတွက် စိတ်ပူနေတာလား … သိပ်မပူပါနဲ့ ဖေဖေစိုးရယ်၊ ဆေးရုံမှာ ဆရာဝန်ဆရာမတွေ အများကြီးပဲ၊ ထမင်းတော့ ဝင်အောင်စားလိုက်၊ ပြီးရင် အိပ်လိုက် … မနက်အစောကြီး သမီးတို့သွားကြတာပေါ့"

မေမေ့အတွက် စိတ်ပူနေတဲ့ ဖေဖေစိုးကို မြူကပဲ လူကြီးလုပ်ပြီး နှစ်သိမ့်ပေးနေမိသေးတယ်။ ဒါပေမဲ့ ဖေဖေစိုးခမျာ မြူခူးပေးသော ထမင်းတစ်ပွဲတောင် ကုန်အောင်မစားနိုင်ပါဘူး။

မြူကတော့ ဆာနေတာမို့ တစ်ပွဲအပြင် နောက်ထပ်တစ်ဝက်လောက်ထပ်စားဖြစ်သေးရဲ့။ စားသောက်ပြီး ပန်းကန်ခွက်ယောက်တွေ သိမ်းဆည်း၊





မြူမီးဖိုခန်းထဲကထွက်တော့ ဖေဖေစိုး ဘုရားခန်းထဲမှာ ပုတီးကြီးလက်မှာပတ်ပြီး ဘုရားဝတ်ပြု ဆုတောင်းနေတယ်။ မီးမှားလွယ်စေတဲ့ အင်္ဂုလိမာလသုတ်တွေ ဘာတွေပါ ရွတ်နေသလားမသိဘူး။

မြူကတော့ တီဗီကြည့်မလို့ စဉ်းစားပြီးမှ မကြည့်ချင်တော့တာနဲ့ ကိုယ့်အိပ်ခန်းထဲ ကိုယ်လှမ်းဝင်ခဲ့မိတော့တယ်။

တစ်နေ့လုံး စိတ်ကာပင်ပန်းမောဟိုက်ခဲ့တာကြောင့် ထင်ရဲ့၊ တစ်ခဏလေးမှာပဲ မြူ မျက်ခွံတွေလေးပင်လာပြီး ခုတင်ပေါ်မှာ ခြင်ထောင်တောင်မချနိုင်ဘဲ အိပ်ပျော်သွားခဲ့ရတယ်။

ဖနီးအတွက် ပူပန်စိုးရိမ်စိတ်နဲ့ ဦးအောင်စိုးကတော့ နာမျှဘုရားစာတွေ ရွတ်၊ သုတ်တွေရွတ်ဖတ်ပြီးတော့လည်း ပုတီးစိပ်နေလိုက်တယ်။

လက်က ပုတီးစေ့တွေ တစ်လုံးပြီးတစ်လုံးချ၊ နှုတ်ကဘုရားစာရွတ်နေရပေမယ့် ပထမဆုံး သားသမီးရတနာဆိုတော့လည်း စိတ်ထဲမှာလှုပ်ရှား ပူပန်နေမိတာအမှန်။

လမ်းထိပ်ကင်းထဲက နာရီသံချောင်းခေါက်သံသဲ့သဲ့ ပျံ့လွင့်လာမှ ဦးအောင်စိုး သတိနဲ့ခန္ဓာကိုယ် ပြန်ပူးကပ်လာရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သမီးလေးမြူတီ ညည့်ခန်းထဲမှာ တီဗီကြည့်နေသလား မသိ။

ဦးအောင်စိုးလက်ထဲက ပုတီးလုံးကိုဘုရားစင်က သံမှို လေးမှာပြန်ချိတ်လိုက်ပြီး ညည့်ခန်းဘက်ထွက်ခဲ့တယ်။

ညည့်ခန်းထဲမှာ သမီးလေးလည်း မရှိ။ တီဗီကလည်း ပိတ်လျက်သားရှိနေတာမို့ သမီးမြူတီ အိပ်နေပြီလို့ တွက်လိုက်မိ ရဲ့။ နံရံပေါ်က နာရီကိုလှမ်းကြည့်လိုက်တော့ ဆယ့်တစ်နာရီ နဲ့ငါးမိနစ်။

"အင်း . . . မနက်ကျ ဆေးရုံအစောကြီးသွားရဦးမှာ ပဲ၊ အိပ်ပျော်အောင်တော့ အိပ်ဦးမှ"

အိပ်ရာထဲဝင်ဖို့ ဆုံးဖြတ်ပြီး ဦးအောင်စိုးအိပ်ခန်းဘက် လှမ်းခဲ့တယ်။ ပန်းမြူတီ အခန်းရှေ့အဖြတ်မှာ ခပ်ဟဟပွင့်နေ တဲ့ အခန်းတံခါးနဲ့ မီးရောင်ကြောင့် ခြေလှမ်းက တုံ့ခနဲဖြစ်သွား ရတယ်။

"ဟာ . . . သမီးလေးကတော့ လုပ်ပြီ၊ အခန်းတံခါး လည်း မပိတ်, မီးလည်းမမှိတ်ပါလား၊ အိပ်ပျော်နေပြီလား မသိ ဘူး"

ထမ်းရှိုဂာဝေ



ဦးအောင်စိုး စိတ်ကတွေးရင်း အခန်းတံခါးကို အသာဆွဲ ပြီး လှမ်းဝင်လိုက်မိတယ်။

ထင်တဲ့ အတိုင်းပါပဲ . . .။ အိပ်ခန်းတံခါးတင် မကဘူး . . . အိပ်ရာဘေးက ပြတင်းတံခါးကြီးကပါ ဟာလာဟင်းလင်းပွင့် လို့။

အခန်းထဲက လေးပေမီးချောင်းကြီးကလည်း လင်းထိန် နေတယ်။ ညအိပ်ရင် ညအိပ်ထွန်းမီးလုံးလေးသာ ထွန်းအိပ်တတ် တဲ့ ကလေးမ ပင်ပန်းပြီး အိပ်ပျော်သွားတာထင်ပါရဲ့။

ဦးအောင်စိုး စိတ်ထဲကတွေးရင်း ပြတင်းတံခါးကို အသာသိတ်ပေးလိုက်တယ်။ မီးခလုတ်ကို မပိတ်ခင် ခုတင်ပေါ်ကို လှမ်းကြည့်လိုက်မိတဲ့ ဦးအောင်စိုး မျက်လုံးတွေပြူးသွားရတယ်။

အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ် ပိုးလိုးပက်လက် အိပ် ပျော်နေတဲ့မြူတီအသွင်က သူ့စိတ်တွေကို ဖျဉ်းခနဲထူပူသွားစေ တယ်။

ချက်ချင်း အကြည့်လွှဲပြီး စိတ်ကိုထိန်းချုပ်လိုက်ပေမယ့် မျက်လုံးထဲမှာ ပုံရိပ်က မှတ်ပုံတင်ထားသလို ထင်းခနဲပေါ်လာပြန် တယ်။

ထမ်းရှိုဂာဝေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း မသိ ...။ ဦးအောင်စိုးရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်လာရတယ်။ လက်နှစ်ဖက် ခေါင်းပေါ်မှာ ထင်ပြီး အိပ်ပျော်နေတဲ့ မြူတီလေးရဲ့ပုံရိပ်။

ဝတ်ထားတာက ညဝတ်အင်္ကျီပါးလေး လက်တိုလေး။ လက်မောင်းသားလေးတွေက ဖွေးနုနေတယ်။ စောင်မခြုံ ဘာမခြုံနဲ့ဆိုတော့ ဒူးဖုံးဘောင်းဘီလေးကလည်း ဝင်းဝါနေတဲ့ သလုံးသားလေးတွေကို ထင်းထင်းရှင်းရှင်းမြင်နေစေကော ဘယ်လိုရှောင်တိမ်းရမလဲ။

ရင်ထဲမှာ တဒိန်းဒိန်းနဲ့ သူ့စိတ်တွေရှိန်းမြသွားရတယ်။

မဖြစ်ဘူး ... မဖြစ်သင့်ဘူး။

စိတ်ကိုချုပ်တည်းပြီး အခန်းထဲက အမြန်ဆုံးခြေလှမ်းတွေနဲ့ ပြန်ထွက်ခဲ့ရတယ်။ လည်ချောင်းထဲက တစ်ဆို့ဆို့ဝေဒနာနဲ့ ပူလောင်စီးဆင်းနေတဲ့သွေးတွေ အေးခဲတည်ငြိမ်သွားအောင် ရေခဲသေတ္တာဆီလှမ်းခဲ့ရတယ်။

တုန်ယင်နေတဲ့ လက်တွေနဲ့ပဲ ရေခဲရေဘူးကို ကသောကမျော မှုတ်သောက်လိုက်မိပြန်ရဲ့။

ရှားတွေကျဉ်တက်သွားမတတ် အေးလိုက်တဲ့ရေ။ ဒါ





ပေမဲ့ ရင်ထဲကအပူတွေက ချက်ချင်းကြီးပျောက်မသွားတာလည်း သေချာတယ်။

မျက်ဝန်းထဲမှာလည်း တဒင်္ဂလေးမြင်ခဲ့ရတဲ့ ပုံရိပ်က ပျောက်မရအောင် အရိပ်ထင်နေတယ်။ မျက်လုံးတွေ စုံမှိတ်၊ ခေါင်းကိုခါယမ်းပြီး ကြိုးစားဖျောက်ကြည့်တယ်။ မရဘူး။

ပိုးလိုးပက်လက် ခန္ဓာကိုယ်လေး။ နုစင်ဝင်းမွတ်တဲ့ အသားစိုင်လေးတွေနဲ့ နုပျိုတဲ့ရုပ်အဆင်း ...။ မျက်လုံးထဲမှာ မှတ်တမ်းတင်ပြီးထားသလို ပါပဲလား။

စောစောက အိပ်ဖို့ပြင်နေတဲ့ စိတ်အာရုံကလည်း ဘယ်ဆီကိုလွင့်ပြေးကုန်ပြီ မသိလိုက်ဘူး။

လေဖြတ်ချင်သလို လေးပင်နေတဲ့ ခြေလှမ်းတွေနဲ့ ဦးအောင်စိုးရောက်ခဲ့မိတာ ညှော်ခန်းထဲက ဆိုဖာထိုင်ခုံဆီကို။

ထိုင်ခုံမှာ အရုပ်ကြိုးပြတ်ထိုင်ချလိုက်ရင်း နောက်မှီပေါ်ခေါင်းလှန်တင်ပြီး သူ့စိတ်ကို တည်ငြိမ်အောင်ကြိုးစားကြည့်မိပြန်ရဲ့။

ဂုဏ်တော်ကိုးပါး အာရုံပြုဝင်စားကြည့်ပြန်တယ်။ မရဘူး။ အာရုံထဲဝင်လာတာ ဖူးငုံသော၊ ကြော့ရှင်းသော၊ နုနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မွတ်သော ဖြူတီရဲ့အလှအပအနုအရွလေးတွေ။

"ဟာ ...သွားစမ်း ...ထွက်သွားကြစမ်း"

စိတ်နဲ့တင် အမိန့်ပေးမရလေတော့ နှုတ်က အသံတိုးတိုးနဲ့ အမိန့်ပေးမောင်းထုတ်ကြည့်မိတယ်။ ထူးခြားမလာတာက အမှန်။

သူ ဆတ်ခနဲ ထရပ်မိပြန်တယ်။ ပန်းဖြူတီရဲ့ အခန်းဆီ မျက်လုံးတွေက ရောက်သွားတယ်။

ဟုတ်ပါရဲ့။ အခန်းထဲက သူ့ အထိတ်တလန့် ပြန်ထွက်လာခဲ့မိတာတံခါးကြီးတောင် မပိတ်ပေးခဲ့မိပါလား။

ခြေလှမ်းတွေက မစေခိုင်းရဘဲနဲ့ အခန်းတံခါးဆီတ ရွေ့ရွေ့လှမ်းခဲ့မိပြန်တယ်။

လင်းထိန်နေတဲ့ အခန်းထဲမှာ သူမီးပိတ်ဖို့လည်း မေ့နေခဲ့တာပဲကိုး။ သူ့ခြေလှမ်းတွေ အခန်းထဲအလိုလိုပြန့်ဝင်ခဲ့ရပြန်ရဲ့။

မကြည့်နဲ့လို့ အမိန့်ပေးပေမယ့် မျက်ဝန်းတွေကလက်မခံနိုင်ဘဲ ခုတင်ပေါ်ကို လှမ်းကြည့်မိပြန်တယ်။

ဒီတစ်ခါမှ ပိုဆိုးသွားရတယ်။ အပြစ်ကင်းကင်းနဲ့ အိပ်

**ထမီးရိုးစာဝေ**



နေတဲ့ ပန်းဖြူတီလေးခမျာ အကြောဆန့်သလို ခန္ဓာကိုယ်လေးကို လူးလွန့်လိုက်တယ်။

ကွေးကွေးလေးဖြစ်နေတဲ့ ခန္ဓာကိုယ်လေးတောင့်ခနဲ ...င်းသွားတာမို့ ဘလောက်စ်အင်္ကျီလေးနဲ့ ဘောင်းဘီအကြားက လစ်ဟာသွားတာကို သူ အသေအချာကြီး မြင်လိုက်ရတာပေါ့။

ဝင်းမွတ်နေတဲ့ ဗိုက်သားပြေပြေလေးက လျှပ်ပြက်သလို ထင်းခနဲ။ ဦးအောင်စိုးပါးစောင်ထဲမှာ အလိုလို ဆို့တက်လာ...တဲ့ တံတွေးကိုမျိုချပစ်လိုက်ရတယ်။

ရင်ခုန်သံတွေက တဒုန်းဒုန်းနဲ့ ဆူညံပေါက်ကွဲသွားခဲ့...တာ ရင်ဘတ်ကြီးတောင် ပွင့်ထွက်သွားမတတ်။

အသိတရားတွေ၊ ဆင်ခြင်တုံတရားတွေ ကင်းမဲ့သွားခဲ့တာကိုလည်း သူ မသိနိုင်ခဲ့တော့ပါဘူး။

ဦးအောင်စိုး ခုတင်စွန်းမှာ တုန်တုန်ယင်ယင်ဝင်ထိုင်မိတယ်။ ဖြူနုနေတဲ့ လက်မောင်းသားအိအိလေးကို အသာလေး...ကိုင်ကြည့်တယ်။

ခန္ဓာကိုယ်ထဲကို လျှပ်စီးတွေစီးဝင်သွားသလား ဆင်

**ထမီးရိုးစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



မှတ်ရတယ်။ မီးအလင်းရောင်ကြောင့် အကျီပါးပါးလေးရဲ့ အတွင်းပိုင်းကို ဖောက်မြင်နေရတော့ ...

ဦးအောင်စိုး အသိစိတ်တွေ အမှောင်ဖုံးသွားခဲ့ပြီပေါ့။

ကုပ်ထောက်ဆံပင်တိုတိုလေးနဲ့ နုဖပ်နေတဲ့ မျက်နှာလေးဆီကို အုပ်မိုးလို့ ပါးနုနုလေးကိုနမ်းရှိုက်မိတယ်။

ပန်းမြူတီ ခန္ဓာကိုယ်လေးဆတ်ခနဲတွန့်သွားခဲ့တာက လွဲလို့ နိုးမလာသေးပါ။ အိပ်မောကျခါစမို့ ထင်ပါရဲ့။

ပန်းနုသွေးလေးတွေ စုပုံနေတဲ့ နှုတ်ခမ်းစူးမို့မို့လေးကို ဦးအောင်စိုး အငမ်းမရ ထိကပ်လိုက်မိတော့ ...

"အင် ... အ ... အင်း ... အား ... ဒါ ... ဒါ ဘာလုပ်တာလဲ"

ပန်းမြူတီ အထိတ်တလန့်လန့်နိုးထထိုင်ရင်း အော်တော့ ဦးအောင်စိုးလည်း ဆတ်ခနဲပြန်ထိုင်လိုက်ရင်း ...

"သ ... သမီးလေး ... ဖေဖေစိုးပါ ... ဖေဖေစိုးလေ"

"ဟင် ... ဖေဖေစိုး ... ဒါ ဘာလုပ်တာလဲ၊ ဘာလို့ သမီးအခန်းထဲ ဝင်လာတာလဲ"



"ဟို ... ဟို ... သမီးအခန်းတံခါး ပွင့်နေတယ်၊ မီးတွေလည်း လင်းပြီး ... သမီး ပြတင်းတံခါးမပိတ်ဘဲ အိပ် ... နေတာ ဟို ... ဟို"

ဦးအောင်စိုး ကယောင်ကတမ်း ဖြေရှင်းချက်တွေနဲ့ တုန်တုန်ယင်ယင်ဖြေရှင်းပြတယ်။ ပန်းမြူတီ ခုတင်ပေါ်က လျှောခနဲ ဆင်းလိုက်ရင်း ...

"ဒါ ... ဒါဆို သမီးကိုနိုးလိုက်ပါလား ... ဘာလို့ ခုတင်ပေါ်ထိ တက်ရတာလဲ၊ ပြီးတော့ ... ပြီးတော့ ... အဟင့် ... ဟင့်"

ရှက်စိတ်၊ ကြောက်စိတ်၊ အံ့သြမယုံနိုင်စိတ်တွေနဲ့ ပန်းမြူတီ ရန်လုပ်ရင်း ရှိုက်သံလေးထွက်လာတယ်။

ဦးအောင်စိုး မျက်စိမျက်နှာပျက်နဲ့ လက်တကာကာနဲ့ ...

"ဟို ... ဟို ဖေဖေစိုးကို စိတ်မဆိုးပါနဲ့ ... သမီးမြူတီလေးကို ဟို ... ဟို ... ဟို ချစ် ... ချစ်လို့"

"ဟင် ... ဘာ ... ဘာပြောတာလဲ ... ရှင်ကြီး သွေးကျင့်,ပထွေးကြီ ကြီတာလား"

"မ ...မအော်ပါနဲ့ မြူတီလေးရယ်၊ ဖေဖေစိုးလေ ဟို ...ဟိုဘယ်လိုမှ စိတ်မထိန်းနိုင်လို့ ...တစ်ခါလောက် ချစ် ... ချစ်ပါရစေ ...နော်"

"လူယုတ်မာကြီးရှင် ...ခု ...ထွက် ...ကျွန်မ အခန်း အိုး ..."

ပန်းမြူတီ စကားလေးအဆုံးမသတ်လိုက်ပါဘူး။ ဦး အောင်စိုးက လက်ကိုလှမ်းဆွဲလိုက်တာမို့ ခုတင်ပေါ်ကို သူအ ပေါ်ကထပ်ပြီး လဲကျလာတယ်။

"အိုး ...မလုပ်နဲ့ လွှတ် ...လွှတ် ...အ ...အ"

အော်ဟစ်ဖို့ ကြိုးစားတဲ့ ပါးစပ်ကို လက်နဲ့လှမ်းပိတ်ပြီး ဦးအောင်စိုး မလွှတ်တမ်း ဖက်ထားတယ်။

မြူ ရုန်းကန်ကြည့်ပေမယ့် အရာမထင်ဘူး။ ဒီအချိန်မှာ ကာမဘီလူးစီးနေတဲ့ ဦးအောင်စိုး ခွန်အားတွေက ကြီးမားလွန်း နေတယ်။

"အ ...အစ် ...လွှတ် ...အစ်"

"မအော်နဲ့ ...နင်အော်ရင် ငါသတ်မှာနော်၊ ငါ့စကား ကို နားထောင် ...ဘယ်သူမှ မသိစေရဘူး၊ မြူတီလေးက





သိမှာပါတယ် ...ကွယ်"

ချော့လိုက်၊ ခြောက်လိုက်စကားသံတွေနဲ့အတူ ချုပ် နှောင်ဖက်တွယ်ထားတဲ့လက်တွေကလည်း နယ်ကျွံဖို့ ဝန်မလေး ကြတော့ဘူး။

မြူတီ ဒေါသစိတ်တွေက ကြောက်စိတ်ကိုကူးပြောင်း သွားရင်း တုန်ယင်ထိတ်လန့်လာမိတယ်။ အပျိုစင်ပန်းလေး ကြွေ ရတော့မှာလား။

မြူတီ ချောက်ချားစွာတွေးရင်း ...ဆင်ခြင်ဉာဏ်တစ် ခေါင်းထဲတိုးဝင်လာရတယ်။ ရုန်းကန်နေမှုတွေကို ဖြေလျှော့ လိုက်ရင်း ...

"အ ...နာတယ် ...ဖြည်းဖြည်း ...လွှတ်ပါဦး၊ ဆက်ရှုကျပ်တယ် ...ဟင့် ..."

မိန်းမတစ်ယောက်ရဲ့ မာယာဆိုတာ များရည်လိုချိုတဲ့ ဆိပ်မှန်း ဦးအောင်စိုး မသိရှာဘူး။ ချုပ်ကိုင်ထားတာတွေကို ဖြေလျှော့ပစ်ရင်း ...

"ဒီလိုလိမ္မာမှပေါ့ ကလေးရယ် ...ဒီမှာ ဘယ်သူမှ မရှိဘူး ဘယ်သူမှ မသိဘူး ဘာမှ မဖြစ်စေရဘူးနော် ...စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချ မျက်လုံးလေးတွေမှိတ်ပြီး ငြိမ်ငြိမ်လေးနေနော်”

သူ့စကားအတိုင်း မြူတီမျက်လုံးလေးမှိတ်ပြီး ငြိမ်နေ
ပေးလိုက်တယ်။ အုပ်မိုးထားတဲ့ ခန္ဓာကိုယ်ဆီက အချုပ်အနှောင်
တွေ ပြေလျော့ကာ မြူတီ မျက်နှာလေးပေါ်အနမ်းတွေ လွင့်ကျ
လာတော့ …

“ကဲ …ဟယ် …ယုတ်မာချင်ဦး”

“အ”

‘ဒုန်း’

ရှိသမျှ ခွန်အားနဲ့ ရင်ဘတ်ကြီးကိုဆောင့်တွန်းပစ်လိုက်
တာမို့ ဦးအောင်စိုးခန္ဓာကိုယ်ကြီး ခုတင်ပေါ်က ဝုန်းခနဲပြုတ်ကျ
သွားတယ်။

မြူတီ ဆတ်ခနဲထထိုင်တုန်းမှာ လဲနေရာက ပြန်ထ
ကြိုးစားနေတာလည်း တွေ့လိုက်ရတာမို့ …

ခုတင်ခုံဘေး စားပွဲပေါ်မှာ အသင့်လှမ်းမြင်လိုက်ရ
ကတ်ကြေးကို လှမ်းယူလိုက်တယ်။

ဦးအောင်စိုး သားကောင်ကိုအလွတ်မခံတဲ့ ကျားရိုင်း
လို မြူတီကို ဝင်ဖမ်းချုပ်ဖို့ ကြိုးစားပြန်တယ်။





‘ဇွပ်’

“အင့် …အ”

ကတ်ကြေးက ဦးအောင်စိုးဝမ်းဗိုက်ထဲ ရှုးနစ်ဝင်သွား
…ာ မြူသိလိုက်တယ်။

မြူထိုးလိုက်တဲ့ အရှိန်၊ သူက ခုန်ဖမ်း ဖိအုပ်ဖို့ ကြိုး
…တဲ့အရှိန်နဲ့ အသွားတစ်ဆုံးပါပဲ။

မျက်လုံးကြီးပြူးကာ မြူတီခန္ဓာကိုယ်ပေါ်ပိကျနေတဲ့
…အောင်စိုးကိုယ်ခန္ဓာကြီးကို တွန်းဖယ်ပြီး ခုတင်ပေါ်က ဆင်း
…ိုက်မိတယ်။

လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ ကတ်ကြေးမှာလည်း သွေး
…။ မြူတီအင်္ကျီတစ်ခုလုံးလည်း ရဲရဲနီလို့။

“ငါ …ငါ …ငါ …လူ …လူသတ်မိပြီ …
…ရား …ဘုရား”

မြူတီအလန့်တကြား ရေရွတ်ရင်း …အခန်းထဲက
…ခနဲပြေးထွက်ခဲ့၏။

လက်ထဲမှာ ယောင်ယမ်းဆုပ်ကိုင်ပါလာတဲ့ ကတ်ကြေး
… ည့်ခန်းထဲမှာ လွှင့်ပစ်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြူတီကိုယ်မြူတီ သတိထားမိတော့ ရပ်ကွက်လမ်းမ ပေါ် ရောက်နေခဲ့ပြီလေ။

"ဟော့ ... ရပ် ... ဘယ်သူလဲ"

ဝင်းခနဲစူးရှတဲ့ လက်နှိပ်မီးရောင်တွေကြောင့် မြူတီ မျက်နှာကို လက်နှစ်ဖက်နဲ့ကာပစ်လိုက်မိတယ်။

"ဟာ ... မင်း ... ... ဘာ ... ဘာဖြစ်လာတာလဲ မိန်းကလေး ... သွေးတွေနဲ့ပါလား"

ကင်းလှည့်လာကြတဲ့ ရဲတပ်သားနှစ်ယောက်ဆိုတာ မြူ တီ လမ်းမီးတိုင်က အလင်းဖျော့ဖျော့ကြောင့် သိလိုက်မိရဲ့။

"မြူ ... မြူ ... သူ့ကိုသတ်ခဲ့မိပြီ ထင်တယ် ... အဟင့် .. အင့် .. ဟင့်"

ရဲတပ်သားနှစ်ယောက် မြူတီကို တအံ့တသြကြည့်ပြီး မှင်တက်နေတုန်းမှာပဲ မြူတီ ခွေခနဲလဲကျသွားခဲ့ရတယ်။

အမှောင်ထုရဲ့ အတွင်းထဲမှာလည်း မြူတီအတွက် အိပ်မက်ဆိုးကြီးတွေပဲ စောင့်ကြိုနေခဲ့သည်လား။

မမြင်နိုင်တဲ့ ကံကြမ္မာမှန်တိုင်းကတော့ မြူ့ဘဝ ကို အညှာအတာကင်းမဲ့စွာ တိုက်ခတ်လာခဲ့ပြီလေ။

**ထိမ်းပျိုစာပေ**



ဒါ မုန်တိုင်းအစလား။ အဆုံးသတ်လား။

ပန်းမြူတီ ကြိုမမြင်မသိနိုင်သော ကံကြမ္မာမုန်တိုင်း ကတော့လည်း ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၃ |

❑

❑ အခန်းတံခါးက လူခေါ်ဘဲသံလေးကြောင့် ဗီစီဒီ

ကို ဖွင့်ဖို့ကြံရွယ်မိသည့် ခန့်ညားလက်တွေ တုံ့ခနဲပြန်ရုပ်

လိုက်ရတယ်။

"ခွေးကောင် ... ဝက်ပုပဲ ဖြစ်မယ်"

သူတစ်ယောက်တည်းနေတဲ့ သည်တိုက်ခန်းကို

မရှိ၊ ဓားမရှိ၊ ဝင်နိုင်ထွက်နိုင်တဲ့သူဆိုလို့ ဝက်ပုတစ်ယော





ရှိတာလေ။

စတိတ်ကျောင်းကတည်းက ပေါင်းသင်းလာတဲ့ သူငယ်

ချင်း။ တက္ကသိုလ်ကျောင်းရောက်တော့လည်း မေဂျာတူ အတန်း

တူ တက်ခဲ့ကြသူတွေ။ ဘွဲ့ရပြီးချိန်မှာလည်း အလုပ်လက်မဲ့

အခန့် နှစ်ယောက်စလုံး တော်ပလိုကောင်းခဲ့ရာမှာလည်း အတွဲ

ညီခဲ့ကြတာ အမှန်။

ဝက်ပုပဲလို့ စိတ်ကထင်နေတာကြောင့် သူ ချောင်းကြည့်

ပေါက်ကလေးကတောင် ကြည့်မနေတော့ဘဲ တံခါးကိုဖွင့်ပေး

လိုက်မိတယ်။

"ကဲ ... ကြွတော်မူပါ ... ကြွတော်မူပါ"

"ဟယ် ... ခန့်လေးရယ် ... မမကို ဒီလိုကြီးအထိ

ကြိုဖို့မလိုပါဘူးကွယ်၊ အဟင်း .. ခစ် .. ခစ် .. သူစိမ်းတွေမှ

မဟုတ်ဘဲနဲ့ .. ခစ် .. ခစ်"

ရှုးရှုးရှရှနဲ့ ပြင်းထန်တဲ့ရေမွှေးရနံ့တွေက ထောင်းခနဲ

ရှုံးပုံ့လာတယ်။ ပြီးတော့ မြင်လိုက်ရတဲ့ ကာလရောင်စုံမျက်

ခွံကြီးက အဆီပြန်နေတယ်။

သူနေထိုင်တဲ့ တိုက်ခန်းနဲ့ မျက်နှာချင်းဆိုင်က တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အပြင် ဒီကန်ထရိုက်တိုက်က အခန်းငါးခန်းတိတိကို ပိုင်ဆိုင်ေ ဒေါ်နန်းသူဇာစိမ့်ဖြစ်နေတယ်။

''ဩော် ... မမ ... ဟို ... အဲ ... ကျွန်တော်[illegible] ဝက်ပုထင်လို့ပါ''

''ဝက်ပု ... ဟို ... ခန့်လေးရဲ့ ဟိုခပ်ဝဝကောင်ေ[illegible] ကို ပြောတာလား''

''ဟုတ်တယ် ... မမ ... ဟို ... ခစ် .. မမ ဘယ်[illegible] လာတာလဲဟင်''

''အဟင်း ... ခန့်လေးဆီကိုလာတာပေါ့၊ သတိ[illegible] ပေါ့ .. အဟင်း''

မသန့်စွမ်းတဲ့ မျက်ခုံးမွေးကိုရိတ်ပြီး ဆေးနဲ့ဆွဲထား[illegible] မျက်ခုံးကို မထိတရိပင့်ပြီး ပြောပုံက သူ့ကို ကြက်သီးတဖြန်း[illegible] ထသွားစေတာ အမှန်ပဲ။

စိတ်ညစ်ရတဲ့အထဲမှာ အဲဒါတွေလည်းပါတာ တကယ်[illegible]

ကြည့်လေ ... ဒေါ်နန်းသူဇာစိမ့်တဲ့။ နာမည်က[illegible] ရှည်တာ။ တကယ့်ပုတိုတို၊ အရပ်အမောင်း ငါးပေတောင် ပြည့်[illegible] လားမသိဘူး။





ပုနေတဲ့အရပ်က အဆီပိုတွေပြည့်နေတဲ့ ခန္ဓာကိုယ် [illegible]ကြောင့် ပိုအကြည့်ရဆိုးစေတယ်။

ကုပ်တိုဆံပင်ကို အနီရောင်ဆိုးပြီး ကောက်ထားတာဆို [illegible]တော့ အရစ်ရစ်ထနေတဲ့ လည်တိုင်ပုတုတ်တုတ်က ပေါ်လွင်နေ [illegible]တယ်။

ခန္ဓာကိုယ်အချိုးအဆစ်အပိုင်းသုံးပိုင်းကလည်း ညီမျှ [illegible]ညီတဲ့ အတိုင်းအတွာနဲ့ဆိုတော့ စည်ပိုင်းဘော်ဒီအမှန်လို့ [illegible]ဆိုရမယ်။

"ခန့်လေး"

ဖတ်ခနဲ လက်မောင်းကို လှမ်းပုတ်လိုက်တာမို့ သူ [illegible]ဇင်စက်နဲ့အတို့ခံလိုက်ရသူလို တုန်သွားရတယ်။

"ဗျာ ... ဘာ ... ဘာလဲဟင်မမ"

"အမယ်လေး ... ခန့်လေးရယ် ... မတ်တတ်သတိ [illegible]သွားတာလားကွယ်၊ အဟင်း ... မမကို အိမ်ထဲမဝင်နိုင်း [illegible]တော့ဘူးလား"

"ဟာ ... ဟုတ်ကဲ့ ... ဝင်ပါမမ"

သူ တံခါးဝကရှောင်ပြီး ဖယ်ပေးလိုက်ရတယ်၊ အိပ်ပဲ့အိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခန္ဓာကိုယ်ကြီးလှုပ်ယမ်းဝင်သွားပုံက အတော့်ကို စိတ်ပျက်စရာကောင်းလိုက်တာ။ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ။

ကိုယ့်ဘဝ ကိုယ့်အခြေအနေက မချစ်သော်လည်း အောင့်ကာနမ်းရမယ့်ဘဝဆိုတော့လည်း မျိုသွားဖြစ်ရတော့မည် ပေါ့။

ဒီအပျိုကြီးမမက သူ့ထက် ဆယ့်သုံးနှစ်ကျော်ကြီးတယ် နေတာက ရှစ်မိုင်က ခြံမှာ။ မိဘတွေက မရှိတော့ဘဲ အဒေ အပျိုကြီးနဲ့နေတဲ့ အပျိုကြီးမမလို့ သူသိထားတယ်။

မရှက်တမ်းပြောရရင် ဒီအပျိုကြီးမမက သူ့ကို ရေ ပြောင်းပေးလုပ်နေတာတော့ တကယ့်ကို သိသာလွန်းပါတယ်

တစ်ပတ်မှာ တစ်ခါလောက် အကြောင်းပြရောက်လာ တတ်စမြဲ။ ကြုံလို့တမင်ဝင်လာတယ် ဆိုတာမျိုးပေါ့။ အခုလည် ဘာအကြောင်းပြချက်နဲ့ ရောက်လာပြန်ပြီ မသိ။

"ခန့်လေးအတွက် မမလက်ဆောင်ပါတယ်"

ပြောပြောဆို ပါလာတဲ့လက်ဆွဲအိတ်ထဲက တစ်စုံတ ခုကိုထုတ်နေတာမို့ သူ့မျက်ဝန်းတွေ ဝင်းလက်သွားရတယ်။ ဆီလာတိုင်း စားစရာတစ်ခုခု၊ ဒါမှမဟုတ်ရင် အဝတ်အစားတွေ





ဖန်စီကွင်းတွေ၊ နာရီလေးတွေအစ ဖိနပ်အဆုံး လက်ဆောင် ဝယ်လာတတ်စမြဲ။

အခုလည်း ဘာလက်ဆောင်လဲ မသိ။

"မနေ့က မမ ရှော့ပင်န်ထွက်ရင်း ဝယ်လာခဲ့တာလေ၊ အဟင်း ...ဂျော်ဒန်နီးအင်္ကျီလေ။ တကယ်လှတာ ...ခန့် လေးသာဝတ်လိုက်ရင် အရမ်းလှမှာသိလို့ ..အဟင်း ..ဟင်း"

"ဟာ ...မမကလည်း အားနာစရာကြီးဗျာ"

"အို ...အားနာစရာမဟုတ်ပါဘူးကွဲ့၊ သူစိမ်းတွေကျ နေတာပဲ သိပ်စိမ်းတာပဲ၊ ရော့ ...ယူ ...ဘယ်လောက်မှ ပေးရတာမဟုတ်ဘူး ...ခြောက်သောင်းခွဲတည်းရယ် ..အဟင်း ..ဟင်း"

နှုတ်ကသာ အားနာသလိုနဲ့ ငြင်းနေမိတာပါ။ သူ့လက် က အင်္ကျီထုပ်ဆီ ရောက်နေခဲ့ပြီ။

"ကျေး ...ကျေးဇူးနော် ...မမ"

"လာပြန်ပြီ ...သူစိမ်းဆန်တာတွေ မပြောပါနဲ့ဆို၊ မမ ...ခန့်လေးကို အမြဲသတိရနေတာ အခုလည်း ရှော့ပင်န် ထွက်တာနဲ့ ခန့်လေးနဲ့လိုက်ဖက်မယ့် အဝတ်အထည်ကိုပဲ ရှာနေ



www.burmeseclassic.com

www.burmeseclassic.com



မိတ္တာ အဟင်း . . . ကြည့်ပါဦး . . . ကြိုက်ရဲ့လား ခန့်လေးရဲ့”

“ဟာ . . . ကြိုက်တာပေါ့ မမရဲ့ . . . အရမ်းကြိုက်တာပေါ့”

“အဟင်း . . တကယ်နော် . . . ခန့်လေး တကယ်ပြောတာလား။ မမ ရင်တွေ အရမ်းခုန်တာပဲ . . . သိလား”

“ဗျာ . . . ဟို . . . အဲ . . . ကျွန်တော်ပြောတာ ဒီအင်္ကျီလေ မမရဲ့”

‘အဟင်း . . . အတူတူပဲ မဟုတ်ဘူးလား ခန့်လေးရယ်၊ မမမှာတော့ အမြတ်မ်း မင်းကို သတိရနေလိုက်ရတာ၊ အရိပ်ကြည့် ဦးစားပေးလိုက်ရတာ၊ ခန့်လေးကကျတော့ တကယ်ရက်စက်တယ် . . . သိလား . . ဟင့်”

အဲဒါမှ တကယ့်ဒုက္ခ။ ခေါ်နန်းသူဇာစိမ့်ကြီး ကြွေပြနေပုံက တကယ့်ကို စိတ်ညစ်စရာ။ မရှိတဲ့နှပ်ကို ရှုံ့၊ မျက်ရည်ကို ညှစ်ပြီး ဟန်လုပ်နေပုံကြီးက သူတောင် အခန်းထဲကထွက်ပြေးချင်လောက်ရဲ့။

“ခန့်လေး . . .”

“ဗျာ”





“မမကို မသနားဘူးလားဟင်”

“ဗျာ . . . မသနားပါဘူး”

“ဟင်”

“ဟုတ်တယ်လေ . . . မမဘဝက အစစ ပြည့်စုံချမ်းသာတယ်၊ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပဲ၊ ဒီလောက်အဘက်ဘက်က ပြည့်စုံပြည့်ဝနေတာ ဘာသနားစရာရှိလို့လဲ မမရယ်”

“ဒါက ရုပ်ဝတ္ထုပြီးပြည့်စုံမှုတွေပါကွယ်၊ မမဘဝမှာ လိုအပ်နေတဲ့ကွက်လပ်လေးက ဒ်အသက်အရွယ်အထိ ဗလာဖြစ်နေတုန်းပါပဲကွယ်၊ ခန့်လေး သိလား . . . မမဘဝမှာ ဘယ်ယောက်ျားကိုမှ အထင်မကြီးခဲ့ဘူး, မစွဲလမ်းခဲ့ဘူး . . . သိလား”

ခက်ပြီ ထင်ရဲ့။ ကြည့်ရတာ ရေလာဖို့ မြောင်းပေးရုံမျှမကဘဲ ရေစုပ်စက်နဲ့ပါ စုပ်တုတ်နေပြီလား မသိ။ ခံစားချက်တွေ ပွင့်အံလာတာကို ဘယ်လိုတားရမလဲ။ စဉ်းစားစမ်း ခန့်ညား။

“အိပ်မောကျနေတဲ့ မမနှလုံးသားနုနုလေးက ပန်းကလေးပွင့်သလို လန်းဆန်းပွင့်ဖူးလာရတာ ဘယ်သူ့ကြောင့်လဲ သိလား . . . သိလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရမှုက်တွေ တောက်ပဖြာလှဲ့နေတဲ့ မျက်ဝန်းကြီးတွေကို ကြည့်ရင်း သူ အဖျားတက်ချင်သလိုဖြစ်လာရတယ်။ ဘယ်လိုရှောင်တိမ်းရမလဲ မသိ။

''မမရဲ့ နှလုံးသားထဲက ပန်းဖူးလေးပွင့်လန်းလာတာလေ''

'ဒုန်း ‥ ဒုန်း ‥ ဒုန်း'

မမအပျိုကြီးစကား မဆုံးခင်မှာပဲ အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်ခေါက်လိုက်တဲ့ အသံကြောင့် အပျိုကြီးမမ အထိတ်တလန့် ဖြစ်သွားရှာတယ်။

သူကတော့ ထိုင်ရှိနိုးချင်လောက်အောင် ကျေးဇူးတင်သွားရတယ်။

ဒါ ဝက်ပုကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ။

''တံခါးစေ့ထားတာ ဝက်ပုရေ ...ဝင်ခဲ့ဟေ့''

သူအော်ပြောလိုက်မှ ဝက်ပုတံခါးကို ဆွဲဖွင့်ပြီး စပ်ဖြီးဖြီးမျက်နှာကြီးနဲ့ လှမ်းဝင်လာတယ်။

ညှော်ခန်းထိုင်ခုံမှာ ထိုင်နေတဲ့ မမပျိုကြီးကိုမြင်လိုက်တော့မှ ဝက်ပု မျက်နှာပိုးသတ်ရင်း ...





''ဟာ ...အန်တီ ...အဲ ...မ ...မမစိမ့် ဘယ်တုန်းကရောက်တာလဲ''

''အခုပဲရောက်တာ၊ နေပါဦး ...မင်းက ငါ့တိုက်ခန်းတံခါးကို ရိုက်ချိုးနေတာလား ...ပြောစမ်း''

''အာ ...မ ...မဟုတ်ပါဘူး ...ဟို ...ဘဲ ...ကျွန်တော်က မမစိမ့် မရှိဘူးထင်လို့ ဒီကောင်က အိပ်ပျော်နေရင် ဘဲလ်တီးတာတောင် မနိုးတတ်လို့ မမစိမ့်ရဲ့ ...အဟီး''

ဝက်ပု ရယ်ကျဲကျဲနဲ့ ရှင်းရှာတယ်။ အပျိုကြီးမမကတော့ သာသနာ့ဖျက်ကောင်ဆိုတဲ့ အကြည့်နဲ့မကျေမနပ် ကြည့်နေတာ ဝက်ပုမသိဘူး။

''မမစိမ့် ဘာစားစရာဝယ်လာသေးလဲ ...အဟီး၊ ကျွန်တော်လည်းဗိုက်ဆာနေတာနဲ့ အတော်ပဲ''

''ဘာမှမပါဘူး ...အောက်ထပ်အခန်းက လစာလက်ကျန်လာတောင်းရင်း ဗိုက်နာလာလို့ အိမ်သာတက်ဖို့ဝင်လာတာ ...ဟွန်း''

ဝက်ပုမျက်နှာကြီး ရှုံ့မဲ့သွားတယ်။ အပျိုကြီး စူပုပ်ညိုညည်းနေတဲ့ မျက်နှာကြီးနဲ့ထရပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . ဘာမှအလိုက်ကမ်းဆိုးမသိတဲ့ဟာတွေ . . . ပြော . . . မပြောချင်ဘူး"

"ဗျာ . . . ဘာ . . . ဘာဖြစ်လို့လဲ"

ဝက်ပု ဘာမှန်းမသိညာမှန်းမသိ သွားမေးနေပြန်တယ်။ သူ ကြားထဲကပဲ အလျှင်အမြန်ဝင်ပြောရတယ်။

"ဝက်ပု . . . မင်း ငါ့ကိုလာခေါ်တာမဟုတ်လား . . . ငါလည်း မင်းကိုစောင့်နေတာကွ"

"ဟင်"

အရိပ်အကဲမသိတဲ့ ဝက်ပုကို အပျိုကြီးမမြင်အောင် သူ မျက်စိတစ်ဖက်မှိတ် အချက်ပြလိုက်ရတယ်။

"ဂျော်ကီတို့ စောင့်နေမှာ ငါသိပါတယ်ကွ . . . ဒီမှာ မမ ရောက်လာလို့ စကားကောင်းနေတာကွ၊ ခဏလေးစောင့် . . . တို့ အတူသွားတာပေါ့"

"အေး . . . အေး . . . ငါ မင်းကိုလာခေါ်တာ . . . အဟီး"

ဝက်ပုနားလည်ဟန်နဲ့ အလိုက်သင့် ဟာမိနီလိုက်ပေးတယ်။ အပျိုကြီးမမကတော့ ရေအိမ်ထဲဝင်ထိုင်ပြီးမှ သန့်စင်





ရောရေနဲ့ စက္ကူမရှိလို့ မျှိုသိပ်ချုပ်တည်းထားလိုက်ရတဲ့ မျက်နှာကြီးနဲ့ သူ့ကိုကြည့်တယ်။

"ဟို . . . မမ . . . ခန့် အရေးကြီးကိစ္စလေးရှိလို့နော် . . . အဟင်း . . . နောက်မှပဲ စကားတွေတဝကြီး ပြောကြတာပေါ့နော် မမ"

"အင်း . . . အင်းပါ ခန့်လေးရယ် . . . မမလည်း ဝင်ရောက်စရာလေး ရှိသေးတယ်၊ ပြန်ဦးမယ် . . . သိလား။ နောက်တစ်ခါမှ လက်ဆောင်တစ်ခု ဝယ်လာဦးမယ်နော်"

"မမစိမ့် ကျွန်တော့်ဖို့လည်း ဝယ်ခဲ့ဦးနော် . . . အဟီး"

"အံမယ် . . . နင့်အတွက် ငါက ဘာလို့ဝယ်ရမှာလဲ . . . ခန့်လေးအတွက်ပဲ ဝယ်မှာပေါ့ . . . ဟွန်း"

အပျိုကြီး ရှုရှုဆောင့်နဲ့ အခန်းထဲက ခြေဆောင့်ထွက်သွားတော့ ဝက်ပု ဇက်ကလေးပုကျုံ့ခဲ့တယ်။ သူ့မှာသာ ရင်ထဲက အပူလုံးကြီးကို ပင့်သက်မောကြီးနဲ့ မောင်းထုတ်ပစ်လိုက်ရတယ်။

"ဗိုး . . . တကယ်မလွယ်ဘူး"

"ဘာမလွယ်တာလဲကွ၊ မင်းတို့ ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟ ... ဘာဖြစ်ရမှာလဲ၊ မင်းရောက်လာတာ ကံကောင်းလို့ ... နို့မို့ ငါတော့ တကယ်ကျိုင်ပြီ''

ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေဆိုးကြီးကို သူရှင်းပြတော့ ဝက်ပု အားပါးတရ ရယ်မောနေတယ်။

''အေး ... မင်းက ရယ်နေ ... ငါ့မှာတော့ အသက်တောင် ရှူလို့မဝဘူး''

''ဖြစ်ရမယ် ... မင်းဒုက္ခက မသေးပါလား၊ မထူးပါဘူးကွာ ... မမရဲ့မောင်လေးဓာတ်လမ်း ခင်းပစ်လိုက်ပေါ့''

''သေလိုက်ပါလား ... ဒီရုပ်, ဒီခန္ဓာကိုယ်ကြီးကို အိပ်မက်ထဲတောင် ထည့်မမက်ဘူးကွ''

''မမက်ဘူး မလုပ်နဲ့ ... ဟိုက မင်းကို အပိုင်သိမ်းသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်''

''အလိမ်တော့ မခံဘူးဟေ့ကောင်၊ ဒီခြောက်လွှာတိုက်ခန်းပြတင်းပေါက်က ဒိုင်ဗင်ထိုးချပြီး သေပစ်လိုက်မယ် ... ဆောရီးပဲ''

''ဖြစ်ရမယ် .. ဟာ .. ဟား .. အခုတောင် ငါရောက်လို့ မင်းကံကောင်းတာ၊ ဒီတော့ ငါ့ကို ဆိချက်လိုက်ကွေး ...

ထမီးရျိုစာဝေ



ဒါပဲ''

ဝက်ပုတောင်းဆိုချက်ကို သူ မငြင်းဘဲ လက်ခံလိုက်ပါတယ်။ မတော်လို့ အပျိုကြီးပြန်တက်လာရင် အခက်။ ကိုယ့်ဘဝက ဒီစက်ကွင်းထဲက ရှောင်နိုင်တဲ့ဘဝ မဟုတ်။

လတ်တလောမှာ တိုက်ခန်းလခ ငါးလခစာလည်း ရှင်းနိုင်သေး။ အသုံးစရိတ်လိုလို့ ချေးသုံးထားတဲ့ ငါးသောင်းလည်း မဆပ်နိုင်သေး။ ပြီးတော့ အပျိုကြီးမမဆိုတာ သူ့အတွက် ဆိုတရ ဆီမီးခွက်ကြီးတစ်ခွက်ပါပဲ။

''အင်း ... ခန့်ညား ... မင်းအဖြစ်က တကယ်မလွယ်ပါလား ... စားရမှာလည်း သဲတရုပ်ရုပ်, ပစ်ရမှာလည်း အဆီထင်းဝင်းဖြစ်နေပြီ''

''အေး ... အဲဒီအဆီဝင်းဝင်းကြီး မင်းပဲ ကောက်စားလိုက် ဝက်ပု''

''ဟ ... ငါ့ကိုကြည့်ဖြူလို့ကတော့ ဝယ်ကမ်းပဲပေါ့၊ မြည့်ပိုင်းကြီးက မင်းမှမင်း ဖြစ်နေတာကိုးကွ၊ အကျိုးမမဲ့ပါဘူးကွာ ... ခုတောင် မင်းခန္ဓာကိုယ်ပေါ်က အရာအားလုံး ရှုစေတနာတွေနဲ့ ပြည့်နေတာပဲ ဥစ္စာ''

ထမီးရျိုစာဝေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိချင်းမို့ ဝက်ပုကို သူ ငြင်းချက်မထုတ်နိုင်တာမို့ နှုတ်ဆိတ်နေလိုက်ရတယ်။

ဘယ်ဘဝက အတိတ်ရေစက်လဲ မသိ ...။ ဝက်ပု ပြောသလို အပျိုကြီးမမက သူ့မှသူဖြစ်နေတာ အခက်။

သူဆိုတဲ့ကောင်ကလည်း အလှအပဆိုလျှင် မက်မောတတ်သူလေ။

ရင်ထဲက နှလုံးသားမပါဘဲနဲ့တောင် ထားခဲ့ဖူးတဲ့ ရည်းစားက ခြေချောင်းလက်ချောင်းချိုးရေတွက်လို့တောင် မရနိုင်အောင် များပြားခဲ့တဲ့ကောင်။

ကိုယ်ပိုင်အရည်အချင်းဆိုလို့ ဘာမှမရှိ၊ ဝိဇ္ဇာဘွဲ့လေးပိုင်ဆိုင်ရရှိထားတာရယ်၊ ချောမောသန့်ပြန့်တဲ့ ရုပ်ရည်လေးရယ် စတိုင်လ်ကျကျ ဝတ်စားတတ်တာလွဲလို့ ဘာမှသုံးရတဲ့ကောင်မဟုတ်။

ခက်တာက ဒီလိုကောင်မျိုးကိုမှ မိန်းကလေးတွေက သဘောကျနေတာက ပြဿနာ။ အဆိုးဆုံးက အပျိုကြီးမမ ဒေါ်နန်းသူဇာစိမ့် ...။

တွေးမိရုံနဲ့ သူ့သွေးသားထဲက စိမ့်တက်လာအောင်

ထိမ်းလိုစာဝ



ကြက်သီးထမိရဲ့ ဆောရီးပါပဲ။ ဒီလိုပုံဆိုးပန်းဆိုးကြီးတော့ ကန်တော့ဆွမ်းပါ။

သူ့ရင်ထဲက စကားတွေက ဒီမိန်းမကြီးကြားရင် ...

...

တိုက်ခန်းပေါ်က ဖနောင့်နဲ့ ချက်ချင်းပေါက်ချမလားတောင် မသိ။ အကောင်းဆုံးက ရေလိုက်ငါးလိုက်နေဖို့ဆိုတာ သူသိနေပြီးသားလေ ...။

ဝါးတားဖော်လို ဖက်ဖော်လိုပေါ့။

* * *

www.burmeseclassic.com

# အခန်း | ၄ |

□

□ မျှော်လင့်ထားမိတာက ဟန်နီချိုနှင့်တွေ့လျှင် ပျော်စရာ ရင်ခုန်စရာတွေနှင့် တစ်နေကုန်အောင် အချိန်ဖြုန်းလိုက်ရှိပါ

ဒါပေမဲ့ . . . တကယ်တမ်း ကြုံနေရတာ ပြဿနာ ပြဿနာမှ သေးသေးလေးမဟုတ်။ မဟာ ပြဿနာကြီး။

"ချိုတော့ မာမီတို့ပေးစားတဲ့ လူကိုမယူနိုင်ဘူးကို . . .





"ဒါဆိုလည်း ဘာခက်တာမှတ်လို့ ချိုရယ် . . . မယူနိုင်ဘူး . . . မယူချင်ဘူး အပြတ်ပြောပစ်လိုက်ပေါ့၊ ရိုက်နှက်ပေးစားသို့ရတာမှ မဟုတ်ဘဲ"

"အိုး . . . အဲဒီလိုလုပ်လို့ ဘယ်ရမလဲကိုရဲ့"

"ဒါဆိုလည်း ခေါင်းညိတ်လိုက်ပေါ့ကွာ"

"ဘာ . . . ဘာပြောတယ် . . . ကိုနော် . . . ဒါ နောက်ရောက်စရာ မဟုတ်ဘူး။ ချို မချစ်တဲ့သူကို မယူဘူး။ ကိုနောက်ကို လိုက်ရဲတယ်"

သူ့ခေါင်းတွေ ပုတ်လောက်ကြီးသွားရတယ်။ သူ့နောက်ကို လိုက်ရဲတယ်ဆိုသော ချို့စကားက မဟာပြဿနာ။

"ချိုရယ် . . . အဲဒီလောက်ထိ ပြတ်ပြတ်သားသားကြီးတော့ မလုပ်နဲ့လေ"

"မပြတ်သားလို့မှ မရတော့ဘဲကိုး"

သူ တကယ်ပဲ စိတ်ညစ်ညူးသွားရတယ်။ ချိုမျက်ဝန်းတွေက အပီအပြင်ဆုံးဖြတ်ထားတဲ့ အရိပ်တွေနဲ့ ရဲရင့်နေပုံပါ။

တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းပါးကလေးကလည်း မု…ကားတွေဆိုနေတာ မဟုတ်မှန်း သူရိပ်မိလာတယ်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကို ... သတ္တိမရှိဘူးလားဟင်"

"ဟို ... အဲ ... ချို ဘာကိုဆိုလိုတာလဲ"

"အူတူတူလုပ်မနေနဲ့ကို ... မာမီတို့က အဲဒီလူနဲ့ ချို

ကို ဒီရက်ပိုင်းမှာ စေ့စပ်ပေးကြမှာ ... ချို့ကို ကို့ဘဝထဲ မခေ

ရဲဘူးလား"

"ဟို ... အဲ ... ကို့မှာက အလုပ်မရှိသေးဘူး

ပြီးတော့ ဘာမှပြင်ဆင်ထားတာလည်း မဟုတ်သေးတော့"

"ချို ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ရင်ဆိုင်ရဲတယ်

အခု ကို့မှာ နေစရာတိုက်ခန်းရှိတယ်၊ အမေရိကားက ကို့

ထောက်ပံ့ပေးနေတဲ့ ကို့အစ်ကိုလည်း ရှိတာပဲ၊ ချိုတို့ ဒုက္ခရော

စရာမရှိပါဘူး"

သူ ဘာပြောရမှန်းမသိအောင် နှုတ်တွေအာစေးမိကပ်

တယ်။

ချစ်သူ့သက်တမ်း တစ်နှစ်ကျော်လာတဲ့အထိ သူက

လွှန်ထားတဲ့ မုသာဝါဒကံကို ချိုမရိပ်မိသေးဘူး။

တကယ်ဆို သူလက်ရှိနေတဲ့တိုက်ခန်းကို ကိုယ်ပိုင်

တိုက်ခန်းလို့ ညာထားတာကို ချိုယုံနေဆဲ။





မိဘတွေမရှိတော့ပေမယ့် အမေရိကားမှာနေနေသော

အစ်ကိုကြီးရဲ့ထောက်ပံ့ငွေနဲ့ သူ့ဘဝရပ်တည်နေတာဟုဆိုခဲ့

တာကိုလည်း တကယ်ထင်မှတ်နေခဲ့ပုံပါပဲ။

ခန့်ညားဆိုတဲ့ တစ်ကောင်ကြွက်ကောင်မှာ ဟန်သာရှိ

ပြီး အဆံမရှိတဲ့သကြန်အမြောက်ဆိုတာ ချိုမသိသေးပါလား။

ဘယ်လို ဖြေရှင်းရပါ့မလဲ။

"ကို ... ဘာတွေငေးနေတာလဲ ... ချိုပြောတာ ကြား

ရဲ့လား"

"အင်း ... အဲ ... ဘာလဲ ... ချို ဘာပြောတာလဲ

ဟင်"

"ချို ... အခုပဲ ... ကို့နောက် လိုက်ခဲ့တော့မယ်နော်"

"ဟင်"

သူ့ရင်ခွင်ထဲ တိုးဝင်မှီနွဲ့ပြီး ပြောလာတဲ့ ချို့စကား

ကြောင့် သူ ဆတ်ခနဲတုန်သွားရတယ်။

ရေမွှေးရနံ့သင်းသင်းလေးနဲ့ နွေးထွေးနူးညံ့နေတတ်တဲ့

ချို့ခန္ဓာကိုယ်လေးက အခုတော့ သူ့ရင်ခွင်ထဲမှာ ပူလောင်လှ

တဲ့ ရှားမီးခဲကြီးလိုဖြစ်နေခဲ့တာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဖြစ်ပါဘူးချိုရယ်"

"ဟင် ... ကို ... ကိုဘာပြောလိုက်တယ်"

"ဟုတ်တယ် ... ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကိုလက်ထပ်လိုက်ရင် ... ဟို ... ဟိုလေ ... အမေရိကားက အစ်ကိုကြီးက အပြတ်ပြောထားပြီးသား ... အိမ်ထောင်ကျသွားရင် လုံးဝ သူ မထောက်ပံ့တော့ဘူးတဲ့"

"ကို ယောကျ်ားပဲ ... ချိုတို့ ကိုယ့်ဘဝကိုယ် ရပ်တည်ကြမှာပေါ့။ ကိုလည်း အလုပ်လုပ် ... ချိုလည်း လုပ်မှာပေါ့"

သေလိုက်စမ်း။ အဲဒီလောက်အထိ ရဲရင့်နေတဲ့ ချိုက် ရည်းစားအဖြစ် ရွေးချယ်ခဲ့မိတာ သူ မှားပြီထင်ပါရဲ့။

မဖြစ် ... ဘယ်လိုမှ မဖြစ်တော့ပါ။

"ဝမ်းနည်းပါတယ်ချို ... မင်းကို ကိုယ်လက်ထပ်လို့ မဖြစ်ဘူး"

"ဘာ"

အခုမှပဲ သူ့ရင်ထဲကမီးခဲကြီး အပူတွေလျော့သွားတယ်။ ချို သူ့ရင်ခွင်ထဲက ရုန်းထွက်ပြီး မယုံကြည်နိုင်တဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေတယ်။





"ကိုယ့်ကိုခွင့်လွှတ်ပါ ... မင်းကို လက်ထပ်ရဲလောက်အောင် ကိုယ် သတ္တိမရှိဘူး။ အဲဒီလောက်အထိ မချစ်ရဲဘူး"

"ရှင် ... ရှင် ... ဘာစကားပြောတာလဲ ခန့်ညား"

"ကိုယ်က ချစ်ရမှာကြောက်တဲ့ကောင်ပါ၊ ချို့ မိဘတွေပေးစားတဲ့သူကို လက်ခံလိုက်ပါချို"

"ရှင် ... ရှင် ... အလကားယောကျ်ား"

မျက်ရည်စတွေဝဲလာတဲ့ မျက်ဝန်းထဲက နာကြည်းရိပ်တွေကို သူမြင်နေရတယ်။ ဒီအချိန်မှာ သူတောင့်တမိတာလည်း ဒါပါပဲ။

"ရှင့် ... ရှင့်ကို ကျွန်မ သိပ်မုန်းသွားပြီ ... သိလား"

လူက ကျောက်ရုပ်၊ နှုတ်က တေမိလုပ်နေရပေမယ့် ရင်ထဲကတော့ ကျေးဇူးပါပဲ ချိုရယ်ဟု လှိုက်လှိုက်လှဲလှဲ ဆိုနေမိတာပါ။

"ဒီမှာ ကိုခန့်ညား ... သတ္တိမရှိတဲ့ယောကျ်ား ရှင့်ကို ချစ်ခဲ့တာ ကျွန်မအမှားပဲ ... သိလား၊ ရှင့်ကိုမုန်းတယ် ... မုန်းတယ်"

ပန်းခြံလေးထဲက ခုံတန်းလေးပေါ်မှာ သူ့ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းချိန်ထားရစ်ခဲ့ပြီး ချို မျက်ရည်စတွေနဲ့ ပြေးထွက်သွား တယ်။

ရုပ်ရှင်ဝတ္ထုဗီဒီယိုဇာတ်ကားတွေထဲကလို သူ ချို့အမည် ကို ယောင်ယမ်းမခေါ်ပါဘူး။ ထိုင်ခုံမှာ ကျောက်ရုပ်ကြီးလို ကျန် ရစ်ခဲ့ရင်း ရင်ထဲမှာတော့ ပျော်သွားရတယ်။

မိနစ်ပိုင်းလောက် ငုတ်တုတ်ထိုင်နေပြီးမှ ပေါ့ပေါ့ပါး ပါး မတ်တတ်ထရပ်လိုက်မိတယ်။ ပင့်သက်မောကြီးကိုလည်း ငိုးခနဲ မှုတ်ထုတ်လိုက်ဖြစ်ရဲ့။

တော်ပါသေးရဲ့ ရင်ထဲကမီးတောက်ကြီး အလွယ်တကူ ငြိမ်းသွားခဲ့လို့။ ဟန်နီချိုဆိုတဲ့ ချစ်သူတစ်ယောက်ကိုတော့ ဦး နှောက်ထဲက ဖယ်ထုတ်ပစ်လိုက်နိုင်ပြီပေါ့။

ဘယ်သူ့ဆီ ဖုန်းဆက်ပြီးတွေ့ရင် ကောင်းမလဲ။

နေရီရီဆီ ဆက်ရင်ကောင်းမလား။

ပန်းနုလှိုင်းရိပ်နဲ့ ဆိုရင်ကော ...။

မဖြစ်သေးပါဘူး။ ဒီနေ့က သူ့အတွက် မင်္ဂလာမရှိတဲ့ ပြဿဒါးနေ့။ ကုသိုလ်ကံဆိုတာ ပြောရတာမဟုတ်ဘူး။

သင်းလေးတို့နဲ့တွေ့မှ ဟန်နီချိုလိုပဲ ပြဿနာတွေနဲ့





ထပ်ကြုံနေခဲ့ရရင် အခက်။

အကောင်းဆုံးက အိမ်ပြန်အခန်းထဲ ဝင်အိပ်နေလိုက် တာပဲကောင်းမယ် ထင်ရဲ့။

ပန်းခြံထဲက သူထွက်ခဲ့တော့ ချစ်သူစုံတွဲကိုယ်စီက ကြားလေသွေးလို့ ဝေးမှာစိုးသည့်အလား ခုံတန်းကိုယ်စီမှာ နှစ် ကိုယ့်တစ်စိတ် ရင်ခုန်သံတွေဖလှယ်နေကြတာ မြင်မဆုံးရှုမ ဆုံး။

သူကတော့ မချိပြုံးပြုံးလိုက်မိသေးရဲ့။ အချစ်ဆိုတာ ဘာလဲ ...သူတို့လေးတွေ သိကြရဲ့လားမသိ။

သူကတော့ ရည်းစားတွေ အများကြီးထားဖူးခဲ့ပါရဲ့။ ထက်ရှိသုံးယောက်ထဲက တစ်ယောက်လည်း ဇာတ်သိမ်းသွားခဲ့ ပြီပြီ။ ဒါပေမဲ့ ...

အချစ်ဆိုတာ ဘာလဲမသိ။

ရယ်စရာတော့ အကောင်းသား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၅ |

❑

❑ ထုံးစံအတိုင်း သူ အိပ်ရာကနိုးတော့ ဆယ်နာရီထိုးလု ပြီ။

မျက်နှာသစ်၊ ရေအိမ်တက်၊ ရေမိုးချိုးပြီး အဝတ်အစား တောင်မလဲရသေးခင်မှာ အခန်းတံခါးက ဘဲလ်သံကို ကြားလိုက် ရတယ်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ ပတ်ထားတဲ့ တဘက်ခြုံလွှာ





နဲ့ပဲ တံခါးဆီလှမ်းခဲ့ရတယ်။

တံခါးဖွင့်ပေးမလို့လုပ်ပြီးမှ ဖျတ်ခနဲသတိရလိုက်မိတာ က ...

"ဗုဒ္ဓေါ ... အပျိုသိုးမကြီးဆိုရင် ကွိုင်ပဲ"

တွန့်ခနဲဖြစ်သွားတဲ့စိတ်နဲ့ တံခါးကို မဖွင့်သေးဘဲ ချောင်း ကြည့်ပေါက်ကလေးက ချောင်းကြည့်လိုက်မိတော့။

ဝက်ပုမျက်နှာပြဲပြဲကြီးကို မြင်လိုက်ရတယ်။

စိတ်မရှည်သလိုနဲ့ လျှပ်စစ်ဘဲလ်ခလုတ်ကို ထပ်နှိပ် နေပြန်တဲ့ ဝက်ပုကို စိတ်ထဲကကျိန်ဆဲရင်း တံခါးကို အမြန်ဖွင့် ပေးလိုက်ရရဲ့။

"ခွေးကောင် ... စောစောစီးစီး ဘာဒုက္ခလာပေးဦးမှာ လဲ"

"ဒါလား စောစောစီးစီး ... ဆယ်နာရီထိုးနေပြီကွ"

"မင်းဘာသာ ဆယ်နာရီမကလို့ တစ်နာရီထိုးထိုး ... ငါ့ အခုမှ အိပ်ရာနိုးတာ"

"ကောင်းတာပေါ့ ... ဒီမှာ မင်းအတွက်မင်္ဂလာသတင်း ယူလာတယ် ... ရော့"



www.burmeseclassic.com

www.burmeseclassic.com



သူလက်ထဲကို စာခေါက်လေးတစ်စောင် လှမ်းပေးပြီး ဝက်ပု ဆိုဖာထိုင်ခုံပေါ် အိခနဲထိုင်ချလိုက်တယ်။

သူ ဝက်ပုကို နားမလည်သလို မျက်မှောင်ကုတ်ကြည့်ရင်း ...

"ဘယ်ကစာလဲကွ"

"မင်း ကောင်မလေး ... နေရီရီဆီက စာ ... ဖတ်ကြည့်"

ဝက်ပုနံဘေး ဆိုဖာခုံမှာ သူထိုင်ချရင်း စာကို ဖောက်ဖတ်လိုက်မှပဲ စိတ်တွေညစ်ညူးထိုင်းမှိုင်းကုန်ရတယ်။

"လာပြန်ပြီ ပြဿနာ ... စောစောစီးစီး မင်္ဂလာမရှိကွာ"

"ဟ ... ဒါ မင်္ဂလာသတင်းပဲလေ ... နေရီရီက မင်းကိုနိုးနိုင်းလိုက်တဲ့ စာလေ"

"မင်းဖတ်ပြီးပြီပေါ့"

"အဟီး ... စာအိတ်နဲ့မဟုတ်တော့လည်း သိချင်တော့ ဖတ်ကြည့်လိုက်တာပေါ့ကွာ"

"မနေ့ကပဲ ဒီလိုပြဿနာနဲ့ ရင်ဆိုင်ပြီးပြီကွ၊ ဟန်နီ





ချိုကို အဲဒီကိစ္စနဲ့ပဲ ငါ မနည်းကြီးဖြတ်ပစ်ခဲ့ရတာ"

"ဟန်နီချိုနဲ့ မင်း ပြတ်သွားပြီလား ... ငါတောင် မသိဘူး"

ဝက်ပုမေးတော့ သူ မနေ့ကဖြစ်ရပ်တွေကို ရှင်းပြလိုက်ရတယ်။ ဝက်ပုက ခေါင်းညိတ်နားထောင်နေပြီးမှ ...

"နေရီရီက ဟန်နီချိုထက်တော့ အများကြီးသာပါတယ်ကွာ၊ ပြီးတော့ တစ်ဦးတည်းသောသမီး ... မင်းနဲ့သူ နိုးရာလိုက်သွားရင် သူ့မိဘတွေက ပစ်ထားမှာမဟုတ်ဘူး။ ချက်ချင်းပြန်ခေါ်မှာ ... မင်း နေ့ချင်းညချင်းကို သူဌေးသားမက်ဖြစ်မှာကွ"

ဝက်ပုက ကွန်ပျူတာ တစ်လုံးလိုတွက်ပြတယ်။ ဒါပေမဲ့ သူ ခေါင်းကိုခါယမ်းရင်း ...

"အဲဒါတွေကို ငါတွက်ပြီးသား။ ဒါပေမဲ့ ငါ သူ့ကိုမယူနိုင်ဘူးကွ"

"ဟင် ... ဘာဖြစ်လို့လို့လဲ၊ ဟန်နီကိုကော နေရီကိုပါ ငြင်းနေတယ်ဆိုတော့ မင်းက ပန်းနုလှိုင်းရိပ်ကို ပိုနေလို့လား"

"မဟုတ်ဘူး ... ငါ ဘယ်သူ့ကိုမှ ချစ်လို့မရဘူး"

"ဟော့ကောင် ... ချစ်တာတွေ, မေတ္တာတွေ ငါ့ လာ



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့၊ မင်းထားခဲ့ဖူးတဲ့ ကောင်မလေးတွေ ယုံချင်ယုံမယ် ... ငါမယုံပါဘူး''

''အေးလေ ... အခုလည်း ငါ နေရီကိုမချစ်ဘူး၊ မယူနိုင်ဘူးလို့ပြောနေတာ၊ တကယ်ဆို မင်း ဒီစာကို မယူခဲ့ရင် ပို ကောင်းမှာ''

''ဟကောင်ရ ... ငါ့အိမ်အထိ သူ လာပေးတာကွ ပြီးတော့ မင်းအတွက် ရွေးသင့်တယ်လို့ ငါထင်တယ်၊ နေရီ ရုပ်ရည်အဆင့်အတန်းနဲ့ ပြည့်စုံမှုက မင်းအတွက် ငြင်းစရာ မရှိတာ''

''ဆောရီးပဲ ဝက်ပု ... ငါမချစ်တဲ့ မိန်းမတစ်ယောက် ကို တခြားပြည့်စုံမှုတွေအတွက်နဲ့ ငါ လက်မထပ်ဘူး။ တစ်ဘဝ လုံး ပေါင်းရမယ့်သူဆိုတာ ချစ်တဲ့စိတ်လေးတော့ ရှိမှဖြစ်မှာပေါ့''

''ဟင် ... နေရီက မင်းချစ်သူရည်းစားပဲလေ''

''ဟာကွာ ... ငါရည်းစားထားခဲ့သူတိုင်း ချစ်ရမယ်ဆို ရင် ငါ့မှာ အချစ်တွေတောင် ကျန်တော့မှာမဟုတ်ဘူး။ မင်းသ သားနဲ့ ဝက်ပုရာ''

''ဒါဆို ... မင်းအခုနေရီကိစ္စ ဘယ်လိုလုပ်မလဲ''





''သူချိန်းတဲ့နေရာ ငါ မသွားရုံဘဲရှိတာပေါ့''

''ဟာ ... မဟုတ်သေးဘူးထင်တယ်၊ နေရီက မင်းကို စောင့်နေမှာ''

''ငါ့ကိုစောင့်နေမှာ ပြဿနာမဟုတ်ဘူး။ ငါ့အခန်းကို ပေါက်ချလာမှ ဒုက္ခပိုကုန်မယ်၊ မဖြစ်ဘူး ... ဒီကိစ္စ နေရီ့ မိဘတွေဆီ ငါအသိပေးဖုန်းဆက်ရမှာပဲ''

''ဘယ် ... ဘယ်လို''

''ဟုတ်တယ် ... မနက်ဖြန်ကျ နေရီ ငါ့ကိုချိန်းတဲ့ နေရာကို သူ့မိဘတွေ လိုက်ခေါ်ခိုင်းရမယ်၊ ငါမှ မယူနိုင်တာပဲ''

''ဟား ... မင်းကိုငါနားမလည်တော့ဘူး ခန့်ညား''

ဝက်ပု ခေါင်းကို ခါယမ်းရင်းပြောတော့ သူ ယှဲ့ယှဲ့ပြုံး ရင်း ...

''အေး ... ငါလည်း ကောင်မလေးတွေကို နားမလည် တော့ဘူး။ ရည်းစားလေးထားမိပါတယ် ... အိမ်ထောင်ဘက် လို့ ချက်ချင်းသတ်မှတ်လိုက်ကြတာ အံ့သြစရာပဲ၊ မဖြစ်ဘူး ... ငါတော့ ရည်းစားထားရတာ စိတ်ကုန်ပြီကွာ၊ ပန်းနုကိုလည်း ဘက်က စောစောစီးစီးဖြတ်ထားတာ ကောင်းမယ်''

www.burmeseclassic.com



ဝက်ပု မျက်မှောင်ကြီးကုတ်ကာ သူ့ကိုငေးကြည့်နေ[illegible]လေရဲ့။

နေရီရီကို ငြင်းပယ်လိုက်တာကြောင့်လား မသိ။

ဘဝမှာ ပြည့်စုံမှုတွေ၊ ငွေကြေးချမ်းသာမှုတွေထက် အချစ်ဆိုတာလည်း အရေးကြီးတယ်ဆိုတာ ဒီကောင်သိမည် မဟုတ်။

သူ့ရင်ဘတ်ကြီးထဲမှာ နှလုံးသားမရှိဟု ထင်နေ[illegible] လား။

ရည်းစားတွေအများကြီးထားခဲ့ဖူးပေမယ့် အချစ်ကိုမ[illegible] တွေ့နိုင်သေးသော နှလုံးသားတော့ ရှိနေပါသေးတယ်။

ဒါကို ဝက်ပုနားလည်အောင် ရှင်းပြလို့လည်း မတတ်[illegible] ရှိစေတော့ …။

အချစ်ဆိုသောအရာက ဆုပ်ကိုင်ပြလို့ရနိုင်တဲ့ အ[illegible] မဟုတ်တော့လည်း …။

* * *

အခန်း | ၆ |

❏

❏ ကံကောင်းချင်တော့ လွန်ခဲ့သည့်တစ်လကျော်လောက် [illegible]တည်းက ဆက်သွယ်ထားသော ဦးသိန်းမြိုင်ဆီက ဖုန်းဆက် [illegible]သွယ်မှု ဝင်လာတယ်။

သူတို့ကန်ထရိုက်တိုက်ကြီးရဲ့ မြေညီထပ်မှာရှိသော ဖုန်း [illegible]တစ်ဆင့် ဦးသိန်းမြိုင်ပြန်ဆက်သွယ်လာခဲ့ခြင်းပါ။

"မောင်ခန့်ညား … ဟိုတလောက မင်းနဲ့ပြောထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကားကိစ္စလေကွာ ... အခု အန်ကယ်လ် အဲဒီကားကိုဝယ်ချင်တယ် ... ဖြစ်မလား''

သူ ထခုန်မိမတတ် ဝမ်းသာသွားခဲ့ရတယ်။ လက်ထဲမှာ အသုံးစရိတ်ပြတ်နေချိန်ဆိုတော့ ရေငတ်တုန်း ရေတွင်းထဲပြုတ်ကျသလိုပါပဲ။

''ဟာ ... ဖြစ်တာပေါ့ အန်ကယ်လ်၊ ကျွန်တော့်ဘော်ဒါက အန်ကယ်လ်ဆီက အဖြေမရလို့ မျှော်နေတာ၊ အဲဒီကားကို လာကြည့်တဲ့ သုံးယောက်ကိုတောင် ဟိုပြောဒီပြောနဲ့ အချိန်ဆွဲထားရတယ်၊ အန်ကယ်လ် ဆန္ဒရှိပြီဆိုရင် ဖြစ်ပါတယ်''

''အိုကေ ... ဒါဆို မနက်ဖြန်ပဲ ငွေချေမယ်ကွာ ... မင်း အန်ကယ်လ့်ဆီ လာခဲ့နိုင်မလား''

''အန်ကယ်လ်ဘက်က သဘောရင်ဖြစ်ပါတယ်။ ကားပါပာစ်ခါတည်းယူခဲ့မယ်လေ။ ငွေပဲအသင့်လုပ်ထား စာချုပ်စာတမ်းအားလုံး အသင့်ယူလာခဲ့ပါ့မယ်''

''စိတ်ချ ... ဒီမှာ မင်းအန်တီက အိမ်ကကားကို မစီးချင်တော့ဘူးတဲ့ကွ၊ သူ့ဆန္ဒပြင်းပြနေတော့လည်း အန်ကယ်လ်ဘက်က မဖြစ်မနေစီစဉ်ရတာပေါ့ကွာ၊ မနက်ဖြန် မနက်ပိုင်း





လာခဲ့ ... အန်ကယ်လ် စောင့်နေမယ်''

အန်ကယ်လ်ဦးသိန်းမြိုင်ဘက်က သဘောပြီမို့ ကားပွဲစားသူငယ်ချင်း ရန်နိုင်ဆီ သူ ဖုန်းဆက် ဆက်သွယ်၊ စီစဉ်သင့်တာ စီစဉ်၊ အားလုံးအဆင်ပြေပြီဆိုမှ စိတ်အေးသွားရတယ်။

နှစ်လနီးပါး ဝင်ငွေမလာနဲ့ ဖြတ်သန်းနေခဲ့ရတာ ...။ ငွေကြေးကလေးဝင်လာမှာမို့ သူ အတိုင်းမသိဝမ်းသာသွားရတာ အမှန်။

ဟန်နီချိုပြဿနာ၊ နေရီရီပြဿနာတွေ ဆင့်ကဲဝင်လာပြီးကတည်းက လာဘ်ပိတ်နေခဲ့တာ ...။ သူ အခုတော့ ကံတရားမှာဟာ ဘယ်တုန်းက မျက်နှာလွှဲခဲပစ်လုပ်ခဲ့ဖူးလို့လဲ။ ဒါ အတိတ်ဘဝတုန်းက ပြုခဲ့တဲ့ ကုသိုလ်အကျိုးပေးဆိုရင် သူ့ဘဝ တစ်ချိန်အထိ ကံကောင်းနေတာ အသေအချာပါပဲ။

ဖေဖေနဲ့မေမေဆုံးတော့ သူ့ပညာရေးက တစ်ပိုင်းတစ်စကြီးနှင့်ပဲ ရှိသေးချိန်။

ဖေဖေရဲ့ညီဝမ်းကွဲ တော်စပ်သူ ဦးလေးကောင်းစံက သူ့ဘဝကို တည့်မတ်စောင့်ရှောက်ပေးခဲ့ပါတယ်။

အဆောင်နေကျောင်းသားဘဝနှင့် သူ့ပညာရေး ဆုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်တော့ ဦးလေးကောင်းစံက အနာဂတ်အတွက် အစီအစဉ် တစ်ခု စီမံပေးခဲ့တယ်။

"မင်းပညာလည်း ပြီးဆုံးပြီ၊ ဘဝရပ်တည်မှုအတွက် အလုပ်တစ်ခုတော့ လုပ်ရမယ်၊ ဟောဒီမှာ မင်းအတွက် ငါစီစဉ် ရွေးထားတဲ့ အလုပ်ဌာနတွေ၊ မင်း ဘယ်မှာ ဝင်လုပ်မလဲ ... ပြော"

အစိုးရဝန်ထမ်းအလုပ်ဌာနတွေကို ဦးလေးကောင်းစံက ပြောပြတယ်။ သူ စိတ်ညစ်ညူးစွာ ခေါင်းကိုခါယမ်းပြရင်း ...

"ဟင့်အင်း ... အဲဒီအလုပ်တွေ ကျွန်တော်တစ်ခုမှ မလုပ်ချင်ဘူး ဦးလေး"

"ဟာ ... ဘာဖြစ်လို့လဲ၊ ဒါ မင်းရဲ့ပညာအရည်အချင်း နဲ့ ရနိုင်တဲ့အလုပ်တွေကွ ... ဘာလို့မလုပ်ချင်ရတာလဲ"

"အစိုးရဝန်ထမ်းအလုပ်တွေကို ကျွန်တော်မလုပ်ပါရစေနဲ့၊ နေ့စဉ် အချိန်မှန် ရုံးတက်ရုံးဆင်းနဲ့ လွတ်လပ်မှုမရှိတာ ကို ကျွန်တော်လုပ်နိုင်မှာ မဟုတ်ဘူး"

"ဒါဆို မင်း ဘာလုပ်မှာလဲ ... ကုမ္ပဏီဝန်ထမ်းအလုပ် ကော"





"ဟာ ... ဦးလေးကလည်း ပိုတောင်ဆိုးသေးတယ်၊ နေ့ဝင်မိုးချုပ်အလုပ်ထဲမှာ စိတ်ကောလူပါ နှစ်ထားရမယ့် အလုပ်တွေ"

"ဟ ... ဒါဆို မင်းကဘာလုပ်ချင်တာလဲ"

"လောလောဆယ်တော့ ကျွန်တော် ဘာလုပ်ရမလဲ စဉ်းစားလို့မရသေးဘူး"

"မင်း ဒီလိုတော့ မရဘူး ... လူဆိုတာ အလုပ်တစ်ခု တော့ လုပ်ရမယ်ကွ၊ ဘာမှမလုပ်ဘဲ ဒီအတိုင်းထိုင်နေလို့ ရ သလား"

"ဟာ ... ကျွန်တော် ဒီသဘောပြောတာမဟုတ်ပါဘူး၊ အဆင်ပြေနိုင်မယ့် အလုပ်တစ်ခု ရှာပါရစေဦး ... ဦးလေးရာ"

ဦးလေးစီမံပေးတဲ့အလုပ်တွေကို ငြင်းပယ်ပြီး သူ ယောင် ဝါးဝါးလုပ်နေတော့ ဦးလေးကောင်းစံ မကြည်လင်တော့တာ အမှန်ပဲ။ ဦးလေးကောင်းစံရဲ့ ဇနီးနဲ့ သားသမီးတွေကလည်း အိမ်မှာငုတ်တုတ်ထိုင်စားနေတဲ့ သူ့ကို မကြည်လင်တော့ဘူး။

နောက်ဆုံးမှာ ဦးလေးကောင်းစံက အပြတ်ပြောလာ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခဲ့ညား ...မင်း ဒီအတိုင်းဆက်နေလို့ မဖြစ်ဘူး။ အလုပ်မလုပ်ဘဲ မင်းထိုင်နေတာ တစ်လမကတော့ဘူး၊ ဒီတော့ ငါ အပြတ်ပြောမယ် ...မင်း ဘာလုပ်မှာလဲ ...တစ်ခုရွေးချယ်"

"ကျွန်တော့်မှာ ဦးလေးပြောတဲ့အလုပ်တွေ ဝါသနာမပါဘဲ"

"ဘာကွ ...မင်းဝါသနာက ဘာလဲ ...တစ်နေ့တစ်နေ့ အပေါင်းအသင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်၊ အချိန်တန်ရင် အိမ်ပြန်စား၊ နေဖင်ထိုးမှ ထ၊ ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်ချင်တာ မင်းအလုပ်လား"

အခြေအနေက ဘယ်လိုမှ သဟဇာတမဖြစ်တော့တာ သေချာပါတယ်။ ဦးလေးကောင်းစံရဲ့ စည်းစနစ်တွေထဲမှာ သူလည်း ပုံစံဟကျ မနေနိုင်တာ အမှန်။ သူကိုယ်တိုင်ကလည်း ပင်ပင်ပန်းပန်း အလုပ်တွေဆို အာရုံမရှိတော့ ခက်တယ်။

နောက်ဆုံးတော့ ဦးလေးကောင်းစံရဲ့ အရိပ်အောက်က သူ စွန့်ခွာခဲ့တယ်။

"ဟောဒီမှာ မင်းမိဘတွေတိမ်းပါးပြီး ကျန်ရစ်ခဲ့တဲ့





ဆိုင်မှုနဲ့ အိမ်ကိုရောင်းချပြီး ဘဏ်မှာ ငါ အတိအကျစာရင်းနဲ့ ခဲ့တာ၊ လေးနှစ်တာကာလမှာ မင်းရဲ့ပညာသင်စရိတ်နဲ့ သုံးစရိတ်ကို လစဉ်ထုတ်ယူခဲ့တယ်၊ လက်ကျန်ငွေစာရင်းကို သက်ထဲ ငါ အားလုံးလွှဲပေးလိုက်ပြီ ...မင်းဘဝကို မင်း တည်တော့"

ဦးလေးကောင်းစံဘက်က ယတိပြတ်စီစဉ်လာတော့ သူ ညိတ်လိုက်တယ်။ ကျောက်မြောင်းဘက်က တိုက်ခန်းတစ်ခန်းကို စပေါ်ငွေတင်ပြီး သူ နေထိုင်လိုက်တယ်။

အမှန်ဆိုရင် ဒီကိစ္စအားလုံးမှာ ဦးလေးကောင်းစံမှာ ည်း အပြစ်မရှိပါဘူး။ သူကိုယ်တိုင်က ဦးလေးကောင်းစံရဲ့ နစ်ကြီးတဲ့ဘောင်ထဲမှာ မနေနိုင်ခဲ့တာပါ။

ဘဝကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဖြတ်သန်းတဲ့ သူ့အကျင့်စရိုက်နဲ့ ဦးလေးစိတ်ဓာတ်က မတူညီနိုင်ခဲ့

တစ်ကိုယ်တည်းသမားပီပီ အနာဂတ်ဆိုတာလည်း သူ ထဲမှာ မရှိခဲ့ဘူး။ တစ်ယောက်တည်း ပျော်ပျော်ရွှင်ရွှင် လွတ်လပ်လပ်နေမယ်။ တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မခက်ခဲ့ပါဘူးလို့ပဲ ထင်ခဲ့မိတယ်။

ကျောင်းတုန်းက ပေါင်းသင်းခဲ့ဖူးတဲ့ သူငယ်ချင်းရ နိုင်က ကားပွဲစားအလုပ်နဲ့ အဆင်ပြေနေတော့ သူလည်း ရန်နိ နဲ့ပေါင်းပြီး ကားပွဲစားလုပ်ခဲ့တယ်။ ဝါသနာတွေ ရည်ရွယ်ချ တွေ ဘာမှမရှိခဲ့ပါဘူး။

သူ့တစ်ယောက်အတွက် စားဝတ်နေထိုင်မှုစရိတ်လော ကာမိရင်တော်ပြီဆိုတဲ့ စိတ်ပဲရှိခဲ့တယ်။

"ခန့်ညား ... မင်း ငါနဲ့အတူ အလုပ်လုပ်မယ်ဆိုရ ဝီရိပြင်ပြင်လုပ်စမ်းပါကွာ ... ဘာမှ အဆင်မပြေစရာမရှိပါဘူ အသုံးအစွဲလျှော့ပြီး ငွေစုဆောင်းရင် အဆင်ပြေတာပဲ"

ရန်နိုင်က ပြောပေမယ့် သူ ခေါင်းမညိတ်ခဲ့ပါ။ ရန်နိ လိုလည်း တစ်နေကုန်ကားပွဲစားတန်းက လက်ဖက်ရည်ဆိုင် ငုတ်တုတ်ထိုင်ဖို့လည်း သူ့စိတ်က မတည်ငြိမ်။

ကားတစ်စီး အရောင်းအဝယ်ဖြစ်လို့ ငွေကြေးကလေ လက်ထဲရပြီဆိုလျှင် ရန်နိုင့်ဆီလည်း သူ မရောက်တော့ လက်ထဲကငွေကြေးလေး မကုန်မချင်း သူ သုံးဖြုန်းကောင်းနေ ရဲ့။





လက်ထဲမှာ ငွေမရှိမှ ရန်နိုင့်ဆီ သူရောက်တယ်။

"မင်းကတော့ တကယ်ခက်တဲ့ကောင်ပဲကွာ၊ ငါနဲ့အတူ တွဲလုပ်တာ အဆင်ပြေရဲ့နဲ့ ... ပျောက်သွားလိုက်တာ ဖုန်း ဆောင်မဆက်ဘူး"

"ဟ ... ရန်နိုင်ရ ... ငါ့မှာ မင်းလို ဖုန်းမှမရှိတာဘဲ ကွာ ... ဘယ်လိုလုပ်ဖုန်းဆက်နိုင်မှာတဲ့လဲ"

"အပိုတွေပြောမနေနဲ့ ဟေ့ကောင် ... မင်းသာ အလုပ် ကို အလုပ်လိုလုပ်မယ်ဆိုရင် ဖုန်းတစ်လုံး ဘာမှငှားပြီးမကိုင် နိုင်စရာ အကြောင်းမရှိဘူး"

"ဟာကွာ ... မင်းကလည်း ပွားလိုက်တာ ... ငါက င်းလို မိန်းမ,မရှိတော့ ဘယ်လောဘရှိပါ့မလဲကွာ ... အဟဲ ... အခု ငါပြတ်နေလို့ မင်းအဆင်ပြေရင် နည်းနည်းလောက် ကွာ ... ငါ ချိတ်ထားတဲ့အလုပ် အဆင်ပြေမှ ပြန်ယူ"

"အေး ... မင်းနဲ့ အလုပ်တွဲလုပ်ရင် ငါတော်တော်မှာ ချာတယ်၊ ကဲ ... ရော့"

ရန်နိုင်ကတော့ ဘာပဲဖြစ်ဖြစ် သူ့အပေါ်ကောင်းသော ငယ်ချင်းကောင်းတစ်ယောက်ဖြစ်ခဲ့တာ အမှန်။ သူ အခ



www.burmeseclassic.com

www.burmeseclassic.com



အခဲဒုက္ခရောက်လျှင် ကူညီပေးတတ်ခဲ့သူပါပဲ။

အပျိုကြီးမမကလည်း သူ အခက်အခဲဖြစ်နေချိန်တွေမှာ ရောက်လာတတ်ကာ ကူညီပေးတတ်ခဲ့တာမို့ တော်သေးရဲ့။

ကိုယ့်အတွေးတွေနဲ့ကိုယ် ဖြန့်ကျက်ကောင်းနေတုန်း ဝက်ပုရောက်လာတယ်။ ဒီကောင်က တစ်ရက်လောက်မှ သူ့အခန်းမလာရရင် စားမဝင်အိပ်မပျော်တဲ့ကောင်လေ။

"မင်း လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာရှိမလား ... ဝင်ကြည့်ခဲ့သေးတယ်"

"စကား စမနေနဲ့ ဟေ့ကောင်၊ ညစ်နေလို့ မနက်ကတည်းက အပြင်မထွက်ဘဲ အောင်းနေတာ"

"ဟား ..ဟား ..ထင်သားပဲ ...ကဲ ...အောင်းမနေပါနဲ့ကွာ၊ ငါ လျှံလာတယ်ကွ၊ မင်း ဘာစားမလဲ ...ပြော ...ဝါးတီးကော ဆွဲပြီးပြီလား"

"ဝက်အူချောင်းနဲ့ ကြက်ဥကြော်ပြီး ဆွဲလိုက်ပြီးပြီ၊ မင်းအဆင်ပြေလာတယ်ဆိုရင် တီးပဲ လိုက်ဆွဲမယ်"

"မနေ့က လခထုတ်ရက်လေကွာ ...ငါ့အစ်ကို,အစ်မတွေဆီက မုန့်ဖိုးတောင်းလိုက်တာ နှစ်သောင်းလောက်ရှိတယ်၊





မင်း ပြတ်နေရင်ယူထားရအောင် ငါလာခဲ့တာကွ"

ဝက်ပုဆိုတဲ့ကောင်က ဒီလိုမျိုးကျတော့လည်း အားကိုးရတာ အမှန်။ မိသားစုထဲမှာ အငယ်ဆုံးဖြစ်သောဝက်ပုကို မိဘညီအစ်ကိုအစ်မတွေက ချစ်ကြတာမို့ ဝက်ပု ဒီအရွယ်ထိ လည်ရာပြန်စားရေးလုပ်နေနိုင်တာ ဖြစ်ပါတယ်။

"အများကြီး မယူတော့ပါဘူးကွာ ...မနက်ဖြန်ကျ ဒါ ပရာဒိုတစ်စီးရောင်းပေးရင် အဆင်ပြေသွားပါပြီ"

"မင်းကတော့ တကယ်ကံကောင်းတယ် ခန့်ညား၊ သက်ထဲမှာငွေပြတ်နေပြီဆိုတာနဲ့ နတ်သိကြားတွေက မနေနိုင်ဘူး ထင်တယ်ကွ"

"ဒါပေါ့ဝက်ပုရာ ...ဘုန်းကံရှိတဲ့ လူတွေဆိုတာ နတ်သိကြားတွေတောင် မနေနိုင်ဘူးပေါ့"

"အေး ...ငါသိတယ်၊ ဒါကြောင့်လည်း မင်းကို ကယ်ချင်မယ့် မေခလာနတ်သမီးကြီး မမစိမ့် အမြဲရောက်လာတတ်တာထင်တယ်"

"ဟာ ...သွားစမ်းပါကွာ ...မင်းက အရေးထဲမှာ အမ်းတာနေသေးတယ်၊ ငါ့ဘာသာ စိတ်အေးလက်အေး နေပါရ



www.burmeseclassic.com

www.burmeseclassic.com



စေကွာ''

''ဟား ‥ဟား ‥ဒါကျတော့လည်း ကြောက်တတ်လိုက်တာ၊ မင်း တကယ်မလွယ်တဲ့ကောင်ပဲ ခန့်ညား''

ဝက်ပုသဘောကျစွာ ရယ်မောနေခဲ့တာကြည့်ရင်း သူ ပြုံးနေလိုက်မိသေးရဲ့။

* * *

အခန်း | ၅ |

❑

❑ ဦးသိန်းမြိုင်ကျေနပ်စွာ ပြုံးနေသလို သူနှင့်ရန်နိုင်တို့ နှစ်ယောက်လည်း အပြုံးတွေဝေနေခဲ့ရတာပါပဲ။

''ကဲ ‥‥ အန်ကယ်လ် ‥‥ ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ နောက် လိုတာရှိရင်လည်း ပြောပါ''

''အေးအေး ‥‥ ကျေးဇူးတင်တယ် မောင်ခန့်ညား။ အတိတလောတော့ အန်ကယ်ရဲ့ ဆလွန်းလေးကိုမရောင်းသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ''

''ဟုတ်ကဲ့ ... ရောင်းချင်ရင် အန်ကယ်လ်ဆက်သွ
လိုက်ပါ ... ကျွန်တော်တို့ ကူညီပေးမှာပါ''

'ဒီဆလွန်းလေးကို အန်ကယ်လ် သံယောဇဉ်ဖြစ်နေ
ကွ၊ ဒီကားကိုတောင် မင်းတို့အန်တီက စီးချင်တယ်ဆိုလို့ဝယ်
တာ၊ အန်ကယ်ကတော့ ကိုယ့်ကားလေးပဲ သဘောကျတယ်

'အဲဒါသာကြည့်တော့ မောင်ခန့်ညား ... တကယ့်
ကန့်လန့်ကြီးကွယ့်၊ မော်ဒယ်လ်အောက်နေတဲ့ကားကို သံယော
တွယ်နေသတဲ့ ... မပြောလိုက်ချင်ဘူး ... ဟွန်း''

သူတို့နှစ်ယောက် အန်ကယ်လ်ဦးသိန်းမြိုင်တို့ကို နှု
ဆက်ပြန်ခဲ့တော့ ညနေလေးနာရီထိုးလုပြီ။

'ရန်နိုင် ... မင်း ငါတို့နဲ့ လိုက်ဦးမှာလား'

'မင်းတို့က ဘယ်သွားကြဦးမှာလဲ ခန့်ညား'

'ငါ ဝက်ပုကို လိုက်ပြုစုကျွေးမွေးမလို့၊ မင်းပါလိုက်
လေကွာ'

'ဟာ ... ငါမလိုက်တော့ဘူး၊ ပိုင်ရှင်ကို ကားဖိုးပေ
သွားရှင်းပေးရဦးမယ်၊ ပြီးရင် အိမ်တန်းပြန်ချင်ပြီ'





ရန်နိုင်က အသောက်အစားကင်းသူပီပီ ငြင်းဆိုနေတာမို့
သူတို့နှစ်ယောက်ရရှိမည့်ပွဲခကို တစ်ခါတည်း ခွဲဝေလိုက်ပါတယ်။

'မင်းတို့နှစ်ယောက်က အိမ်လည်းစောစောပြန်ကြဦး
နော်၊ ငါ ဆိုင်ရှေ့အထိ လိုက်ပို့ပေးရဦးမလား'

ကားပါလာသောရန်နိုင်က ပြောပါတယ်။ ဒါပေမဲ့ သူ
ခေါင်းခါလိုက်ရင်း ...

'မင်းကမှ မသောက်မစားတာ ... လိုက်မနေနဲ့တော့၊
ကားပိုင်ရှင်အိမ်ဝင်ရဦးမှာဆိုတော့ တန်းပြန်တော့လေ၊ ငါနဲ့
ဝက်ပု တက္ကစီနဲ့ပဲလစ်ကြမယ်'

'မင်း အကြာကြီးပျောက်မနေနဲ့ဦးနော် ခန့်ညား၊ ရတဲ့
ငွေကိုဆံလည်း စွတ်သုံးမနေနဲ့ဦး၊ ဝက်ပု ... မင်းကောင်ကို
လည်း ကြည့်ထိန်းဦး'

ရန်နိုင်ကတော့ စိုးရိမ်တတ်သူပီပီ မှာတမ်းချွေ ဆုံးမနေ
သေးတယ်။

'ကဲ ... စိတ်ချပါ ရန်နိုင်ရာ၊ ငါ့လက်ထဲ ငွေပြတ်ရင်
မင်းဆီရောက်လာမှာပေါ့ကွာ ... မပူနဲ့ .. ဟား .. ဟား ..
သွားပြီသူငယ်ချင်း'



www.burmeseclassic.com

ရန်နိုင်ကိုနှုတ်ဆက်ပြီး သူနှင့်ဝက်ပု တက္ကစီတစ်စီး ငှား လိုက်ပါတယ်။

'ဘယ်ဆိုင်သွားချင်သလဲ ဝက်ပု'

'နတ်သမီး သွားရအောင်ကွာ။ သီချင်းလေးဘာလေး နားထောင်ရင်း စားသောက်ကြရအောင်'

ဝက်ပုရွေးချယ်သော 'နတ်သမီး' ရက်စတော့ရန့်ဆီ သူတို့နှစ်ယောက် ရောက်ခဲ့ကြပါတယ်။

ရောင်စုံမီးပွင့်လေးတွေနဲ့ သန့်ရှင်းသပ်ရပ်ခမ်းနား ဆိုင်ကလေးက သူတို့ရောက်တော့ စင်တင်တေးသံလေးတွေ စည်ကားစပြုနေပြီ။

မြိုးမြိုးမြက်မြက်ရထားတဲ့ ပွဲခငွေလေးနဲ့ ဝက်ပုကြီး ဒို့ ဆုံးဖြတ်ပြီး သူခေါ်လာခဲ့မိတာပါ။ တကယ်ဆို ဝက်ပုက သူပါ ခသောက်တတ်ကြသူတွေ မဟုတ်။

'ဘီယာလောက်ပဲ ချမယ်ကွာ၊ အဟီး .. အစားများများ စားတာ ပိုပြီးအားရှိတာကွ'

ဝက်ပု အစားအသောက်မက်တာ သူသိပါတယ်။ စင် တိုင်းကျအစားအစာတွေကို မှာပေးလိုက်တယ်။





'ကဲ ...ဝက်ပု ဘာထပ်မှာဦးမလဲ ...မှာလေ'

'ဟာ ...တော်ပြီလေကွာ ...အများကြီးပဲ၊ မကုန် နိုင် နမြောစရာကြီး'

အစားအသောက်တွေ ရောက်မလာသေးခင်မှာ ဘီယာ အေးအေးနဲ့ သူတို့နှစ်ယောက် စင်ပေါ်မှာသီဆိုနေတဲ့ ကောင်မလေး တွေဆီ အာရုံပို့ထားလိုက်ကြတယ်။

'အခုဖျော်ဖြေဖို့အလှည့်ကျသူကတော့ နတ်သမီး ဂီတ သင်္ဂီတအဖွဲ့ရဲ့ ပင်တိုင်အဆိုရှင် ပန်းဖြူတီဖြစ်ပါတယ်ရှင်'

ဆိုင်ထဲကစားပွဲဝိုင်းတွေဆီမှ လွင့်ပျံလာသောလက်ခုပ် ကြားသံတွေကို သူကြားလိုက်ရပါတယ်။ တီးတိုးစကားသံတွေ ငြိမ်သက်သွားပြီး အားလုံးရဲ့မျက်ဝန်းတွေ စင်ပေါ်ကိုဦးတည်သွား ကြတာမို့ သူလည်း အာရုံဝင်စားသွားရတယ်။

စပေါ့လိုက်မီးရောင်တွေ ခပ်မှိန်မှိန်အလင်းအောက်မှာ ပြေပြစ်ကြော့ရှင်းတဲ့ကောက်ကြောင်းလေး စင်ပေါ်ကို တရွေ့ရွေ့ လှမ်းတက်လာတယ်။

မြူးဖစ်သံစဉ်က ငြိမ့်ငြိမ့်ကလေး လွင့်မျောလာတယ်။ အလင်းဆလိုက်တွေ မလင်းလက်လာခင်မှာပဲ ငြိမ့်ညောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံစဉ်လေးကို ကြားလိုက်ရတယ်။

♫ လျှောက်သွားမယ် လာမပြောနဲ့ ×××
ဘတ်စ်ကားတွေ ကြပ်လွန်းတယ် ××× နေပူထဲ
သွားတော့ အသားကလေး မည်းပါမယ် ×××
တကယ်ချစ်တာဘာလုပ်မလဲ ××× ခံစားမနေ
ချင်ဘူးကွယ် ××× ပျော်ပျော်နေနိုင်မှ အသက်
ကလေး ရှည်နိုင်လိမ့်မယ် ××× ♫

အလင်းရောင်စပေါ့လိုက်မီးဆလိုက်အောက်မှာ အနီ ကိုယ်ကျပ်အကျီလေးကို အနက်ရောင်ဘောင်းဘီရှည်နဲ့ တွဲ ဝတ်ဆင်ထားတဲ့ ကောင်မလေးအလှမှာ သူ နစ်မျောမှင်တ သွားခဲ့ရတယ်။

သမီးစတက်ဆံပင်တိုလေးက အညိုရောင်၊ ဝင်းမွတ် သောမျက်နှာလေးက ထင်းရှင်းနေတယ်။ ပန်းမြူတီဆိုတဲ့ မည်လေးနဲ့လိုက်ဖက်အောင် အနီရဲရဲပန်းပွင့်လေးရဲ့အလှ စုပေါင်းထားသလိုပါပဲလား။





♫ ဘယ်တော့လာခေါ်မလဲကွယ် ××× အလှ
တွေ ပြင်ထားမယ် ××× ရင်ခုန်လွန်းအားကြီး
လို့ ခေါင်းညိတ်မိပါတယ် ♫

သီချင်းသံလေးထဲမှာ သူ နစ်မျောမှင်တက်နေမိတုန်း က်ပုက ပန်းကိုလာပုတ်ရင်း ...

"ဟေ့ကောင် စားလေကွာ ... ဒီမှာ ဟင်းတွေရောက် နေပြီကွ"

"အေး ... စားမှာပေါ့ကွ၊ မင်းသာ အဝစားစမ်းပါ"

"မပူနဲ့ ... အစားအသောက်ဆို ဝက်ပုတို့က လက် နှေးဘူးကွ ... ဟဲဟဲ"

ဝက်ပု စိတ်တိုင်းကျစားသောက်နေချိန်မှာ သူကတော့ န်းမြူတီဆိုတဲ့ ပန်းလေးတစ်ပွင့်အလှမှာ နစ်မျောနေမိတုန်း ပဲ။

သီချင်းလေးဆုံးတော့ သူကိုယ်တိုင် အားပေးလက်ခုပ် တီးမိသူတွေထဲမှာ လိုလားစွာပါဝင်သွားခဲ့ပြန်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးစားပွဲဝိုင်းက ပုဂ္ဂိုလ်ကြီးတွေကတော့ သူ့ထက် ဝါ အကြိုင်ဆုပန်းကုံးတွေ ချီးမြှင့်ကြတယ်။ ရီဝေနေတဲ့ အမှုန် က သူတို့အသိအာရုံတွေကို မေ့လျော့ထားစေခဲ့တယ်ထင်ပါရဲ့

အဆီပြန်နေတဲ့ မျက်နှာကြီးတွေနဲ့ အသက်အရွယ်ကို အားမနာ ကိုယ့်မြေးအရွယ်လေးကို ယစ်မူးနေကြတာများ သူ ဘယ်လိုမှ ကြည့်မရတာအမှန်။

ဒုတိယမြောက်သီချင်းကို သူမ သီဆိုနေတုန်း သူ ဝက်ပုကိုခွင့်တောင်းပြီး စားပွဲဝိုင်းက အသာထလစ်ခဲ့တယ်။

ကောင်တာမှာ သရဖူတစ်ခုယူပြီး သူ စင်ပေါ်လှမ်းတက် ခဲ့တယ်။ နှုတ်ခမ်းရဲရဲလေးတွေ နှစ်လိုစွာပြုံးလို့ သူမရှေ့ သူ ရောက်ခဲ့တော့ အလိုက်သင့် ခေါင်းကလေးငုံ့ပေးတယ်။

သရဖူလေးကို သူမခေါင်းလေးမှာ သူ ဆင်ယင်ပေး လိုက်တော့ လက်ခုပ်သံတွေ ဝေါခနဲထွက်လာကြသေးတယ်

"ကျေးဇူးတင်ပါတယ် ... ရှင်"

နှစ်ကိုယ်တည်းကြားအောင် တီးတိုးလေးဆိုတဲ့ သူ အသံကို သူ ခေါင်းညိတ်ပြလိုက်ရင်း စင်ပေါ်ကဆင်းခဲ့တယ်

"မင်း ဘာဇာတ်လမ်း သွားထွင်နေတာလဲ ခန့်ညား





နဲ့ကုံးဆို တော်ပြီပေါ့ကွာ၊ သရဖူတောင် သွားချီးမြှင့်ရတယ်လို့"

ဝက်ပုက စားပွဲဝိုင်းကို သူပြန်ရောက်လာတာနဲ့ မကျေ နပ်ပြောတယ်။ သူနှုတ်ဆိတ်စွာနဲ့ပဲ ဝင်ထိုင်လိုက်တယ်။

တတိယမြောက်သီချင်းကို သီဆိုပြီး ... စင်ပေါ်ကအ ဆင်းမှာ ပန်းမြူတီ သူစားပွဲဝိုင်းကိုလက်ကလေးပြ နှုတ်ဆက် သွားခဲ့တယ်။

"အင်း ... သရဖူရဲ့တန်ဖိုးပေါ့ကွာ"

ဝက်ပုက သူ့ကိုနှိပ်ကွပ်သလိုနဲ့ ပြောသေးတယ်။ ဘာပဲ ဖြစ်ဖြစ် သူကျေနပ်ပါတယ်။ ပန်းမြူတီဆိုတဲ့ ပန်းပွင့်လေးရဲ့ ဇာတ်လိုက်တစ်ယောက်အဖြစ် ဒီညမှာ သူရှိခဲ့လို့ပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၈ |

□

□ "မြူ ... ဒီည နင့်ကို သရဖူဆုချတဲ့ပုဂ္ဂိုလ်က လူသ
နော်၊ ဆိုင်ကို တစ်ခါမှ မလာဖူးတဲ့သူဟာ"

အပြန်လမ်းမှာ မဥူက မှတ်မှတ်ရရပြန်ပြောတော
မြူခေါင်းကလေးပဲ ညိတ်ပြမိတယ်။

"နင်တော့ မိတ်သစ်တစ်ယောက်တိုးပြန်ပြီပေါ့၊ ငါ ပြေ
ရဲတယ် ... အဲဒီလူ နောက်နေ့တွေလည်း ဆိုင်ကိုရောက်လာ





မှာ သေချာတယ်"

"ဟုတ်တယ်မြူ ... အဲဒီပုဂ္ဂိုလ်က တကယ်စတိုင်လ်
မိတယ်နော်၊ ပြီးတော့ လူငယ်တစ်ယောက်ပဲ၊ ရုပ်ကတော့ အ
နိုက်စားဟ၊ နင်တော့ ကံကောင်းတယ်"

ခိုင်သီတာကပါ မြူ့ကိုယ်စား ဂုဏ်ယူတဲ့လေသံနဲ့ ဝင်
ထောက်ပေးပြန်တော့ နှင်းဆီနဲ့ပိုးပိုးကပါ မြူ့ကို အားကျသလို
ငေးကြည့်လာကြတယ်။

"မြူ ... ကြည့်ရတာ သူဌေးသားတစ်ယောက်ထင်
တယ်၊ အဲဒီလူ ညတိုင်းရောက်လာပြီး နင့်ကို နှုတ်လာဦးမှာ
သေချာတယ်၊ စတိုင်က မဆိုးဘူး ... ရုပ်ရည်ကော စတိုင်လ်ပါ
သန့်ပြန့်တယ်ဟ"

"တော်စမ်းပါ ... ငါက ယောကျ်ားတွေကို လုံးဝအထင်
မကြီးဘူး"

"အံမယ် ... အထင်မကြီးဘူးမလုပ်နဲ့၊ ဒီည သူဆုချီး
မြှင့်တဲ့ သရဖူတစ်ခုနဲ့တင် နင် အဆင်ပြေသွားတယ်မဟုတ်လား"

"အေး ... အဲဒီလို ယောကျ်ားတစ်ယောက်ကို ပို
တောင် အထင်မကြီးသေးဘူး။ နင်တို့ပဲ စဉ်းစားကြည့် ... မူးမူး



www.burmeseclassic.com

www.burmeseclassic.com



ရှုရှုနဲ့ ကြောင်ပြီး ပါသမျှငွေ ဖြုန်းတီးနေတဲ့ယောကျ်ား ... ဘာ အထင်ကြီးစရာရှိသလဲ''

"ဒါတော့ သူကလူငယ်ကိုး ... အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ဘဘကြီးတွေတောင် လာကဲနေသေးတာ ဟာ''

ပိုးပိုးပြောတာလည်း အမှန်ပါပဲ။ ပုတီးလည်မှာဆွဲပြီး ဥပုသ်ကျောင်းသွားရမည့် အရွယ်အိုကြီးတွေတောင် မြူတို့ဆိုင် ကို ပုံမှန်ညတိုင်း ရောက်နေကြတာပဲ။

ယမကာလေးတွေပြီဆိုရင် သိက္ခာတွေ ဘာတွေ တစ်စု မရှိတော့ဘဲ စင်ပေါ်တက်ပြီး ပန်းကုံးစွပ်တတ်သူတွေ အများကြီး ကြုံဖူးတာပေါ့။ တချို့ပုဂ္ဂိုလ်ကြီးတွေဆို ပန်းကုံးစွပ်ရင်းနဲ့တောင် ရိသဲ့သဲ့ပြောတတ်သွားကြသေးရဲ့။

တော်တော်ရယ်စရာကောင်းတဲ့ ယောကျ်ားတွေပါပဲ။ မြူ ဒီဆိုင်ကိုရောက်တော့ သုံးလလောက်ပဲရှိသေးတယ် ...ကြုံ တွေ့ရတဲ့အတွေ့အကြုံတွေက စုံလင်လှရဲ့။

အိမ်မှာ မယားတွေ၊ သားသမီးတွေရှိနေလျက်နဲ့။ တချို့ ဆို မြေးမြစ်တွေတောင် ရှိနေဦးမလား မသိ ...။ ကိုယ့်သား





သမီးမြေးမြစ်အရွယ်တွေကိုတောင် ရိသဲ့သဲ့လုပ်ချင်ကြသူတွေက အများကြီးရယ်။

ဒီလိုယောကျ်ားတွေကိုမြင်တိုင်း မြူ စိတ်ထဲက ရွံရှာ ကော်ဆုပ်မိတာ အမှန်။ အဆီပြန်ပြီး ရှုံ့မှက်ခိုးတွေဝေနေတာ ကိုတဲ့ မျက်လုံးကြီးတွေကိုလည်း မြူ မုန်းတီးမိပါရဲ့။ ဒါပေမဲ့ ...

ဒါက မြူရဲ့အလုပ်။ မြူအသက်မွေးဝမ်းကျောင်း အလုပ် ဆိုတော့လည်း မြူ ဟန်ဆောင်ပြုံးတတ်ခဲ့ပါပြီ။

"မြူ ... ရောက်ပြီလေ ... ဆင်းကြမယ်''

မဩူက မြူ့ပခုံးလေးကို ပုတ်ပြီးသတိပေးမှ မြူတို့နေ တဲ့ ရှစ်လွှာတိုက်ခန်းရှေ့ကို ကားလေးရောက်နေပြီမှန်း မြူသတိ ထားလိုက်မိတယ်။

''ပိုးပိုး ... သွားမယ်၊ နှင်းဆီ, မိနိုင် ... အားလုံးပဲ သွားမယ်ဟေ့''

တောင်းအော့စ်ကားလေးပေါ်မှာ ကျန်နေခဲ့သူတွေကို နှုတ်ဆက်လို့ မဩူနဲ့မြူ ကားလေးပေါ်က ဆင်းလိုက်ကြတယ်။ နာရီကိုငုံ့ကြည့်တော့ ဆယ့်တစ်နာရီထိုးနေပြီမို့ တိုက်ခန်းအားလုံး နီးလို မီးမှိတ်အိပ်မောကျနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြေညီထပ်မှာ ပိတ်ထားတဲ့လှေကားသော့ကို ဖွင့်ပြီးလှေ ကားထစ်တွေအတိုင်း နှစ်ဦးသားတက်ခဲ့ကြတယ်။

မြူတို့ပြန်ချိန်က နောက်ကျတတ်တာမို့ လှေကားသော့ ကို ကိုယ်တိုင်ဖွင့် ကိုယ်တိုင်ပိတ်တတ်ကြရတာ ညစဉ်လိုလို ပဲ။

မြူတို့အခန်းက ငါးလွှာမှာမို့ လှေကားထစ်တွေကို ဖြတ် ကျော်ပြီးမှရောက်တယ်။

အခန်းတံခါးဖွင့်ပြီး မီးခလုတ်တွေဖွင့်၊ ဆလင်းဘာ အိတ်တွေပစ်ချပြီး ဧည့်ခန်းထိုင်ခုံမှာ နှစ်ယောက်စလုံးထိုင် အပန်းဖြေလိုက်ကြတယ်။

"ဟာ ... တစ်နေ့တစ်နေ့ လှေကားထစ်တွေ ဆင်း တက်ရတာ အတော်ညောင်းတယ်ဟာ ... ကန်ထရိုက်တိုက်ခန်း တွေကို ငါစိတ်ညစ်တာ အဲဒါကြောင့်ပဲ"

ထုံးစံအတိုင်း မဩူ ညည်းညူတယ်။ မြူကတော့ ပြုံးပြုံး လေးပဲ လုပ်နေလိုက်ပါတယ်။ ကိုယ့်ဝင်ငွေ ကိုယ့်အခြေအနေနဲ့ ဒီလိုငါးလွှာတိုက်ခန်းမှာ ငှားနေရတာ တော်ပြီပေါ့။

လှေကားမတက်ချင်ရင် မြေညီထပ်မှာနေဖို့ပဲ ရှိတယ်





မြေညီထပ်နဲ့အပေါ်လွှာတွေကလည်း လခနှုန်းထားကအစ ကွာ ဟာဆိုတော့ မဖြစ်ပါဘူး။ လှေကားအတက်အဆင်းက ကျန်းမာ ရေးအတွက် လေ့ကျင့်ခန်းတောင် ဖြစ်သေးတယ်ဟုပဲ မြူတော့ ဖြေသိမ့်တွေးပါတယ်။

"ငါ ရေချိုးလိုက်ဦးမယ်ဟာ"

"ငါတော့ မချိုးတော့ဘူးဟာ၊ မျက်နှာသစ်, ကိုယ်လက် သန့်စင်ပြီး အိပ်လိုက်တော့မယ်၊ မနက်မှပဲ ချိုးတော့မယ်"

မဩူက ပြောပြောဆိုဆို အိပ်ခန်းထဲတန်းဝင်သွားတယ်။ မြူကတော့ ရေမချိုးဘဲ အိပ်ရာမဝင်တတ်တာမို့ ရေချိုးဖို့ပြင် ဆင်လိုက်တယ်။

စင်ပေါ်မှာ ဖျော်ဖြေရတာ ပင်ပန်းလှတာမဟုတ်သည့် တိုင် ဆလိုက်မီးအပူကြောင့် ချွေးတွေရွှဲနစ်တတ်တာ။ ပြီးတော့ သိမ်းခြယ်ထားသည့် မိတ်ကပ်အနံ့အသက်တွေနဲ့ မြူတို့ကို ဆု ခန်းကုံးတက်ချီးမြှင့်သူတို့ထံက စွဲထင်ကျန်ခဲ့သော ယမကာအနံ့ တွေကို မြူရွံမုန်းတာ အမှန်။

ရေချိုးခန်းထဲဝင်ကာ အမွှေးဆပ်ပြာနှင့် တစ်ကိုယ်လုံး သန့်စင်အောင်ရေချိုးပြီးမှ မြူစိတ်ကလေး လန်းဆန်းကြည်လင်



www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်။

ရေချိုးပြီး ဖြူ အခန်းကိုပြန်ရောက်တော့ မဥ္ဇူတစ်ယောက် ခုတင်ပေါ်မှာ အိပ်မောကျနေခဲ့ပြီ။

ခြင်ထောင်ကိုတောင် မချနိုင်ဘဲ အိပ်မောကျနေသော မဥ္ဇူခုတင်ဆီလျှောက်သွားပြီး ဖြူ ခြင်ထောင်ကိုပါ ချပေးလိုက်သေးရဲ့။

အိပ်ခန်းက ကျယ်ဝန်းတာမို့ မဥ္ဇူနှင့်ဖြူအတွက် သီးသန့်ခုတင်တစ်လုံးစီနှင့် အိပ်စက်လို့အဆင်ပြေပါတယ်။

ဆိုင်မှာ ညစာစားခဲ့ပြီးပြီမို့ မဆာပေမယ့် ကော်ဖီတစ်ခွက်လောက်သောက်ချင်တာမို့ မီးဖိုထဲဝင်ခဲ့တယ်။

ကော်ဖီမစ်တစ်ခွက်စာ ရေနွေးတည်ပြီး ဖျော်လိုက်တယ်။ ညဘက်ဆာရင်စားဖို့ ဝယ်ထားတဲ့ ပေါင်မုန့်နဲ့ ကိတ်မုန့်တွေရှိပေမယ့် ဖြူ မဆာလှတာမို့ မစားဖြစ်တော့ပါ။

ကော်ဖီတစ်ခွက်သောက်ပြီးမှ မျက်ဝန်းတွေက ကြောင်သွားတာကြောင့်လား မသိ . . . ဆယ့်နှစ်နာရီထိုးနေပေမယ့် ဖြူ အိပ်မပျော်သေးပါ။ တစ်ဖက်ခုတင်က မဥ္ဇူကတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေလေရဲ့။





ခုတင်ပေါ်မှာ အသာလှဲရင်း ဖြူစိတ်တွေ လွင့်ပျံကူးနေရတယ်။

မတွေးချင်ပေမယ့် အတွေးထဲအလိုလိုဝင်လာတာ ခါးသီးနာကြင်စရာ အတိတ်ပုံရိပ်တွေပါပဲ။

ဖြူ့ဘဝမှာ ဆုံးရှုံးခဲ့ရမှုတွေက အတိတ်မှာကျန်ရစ်ခဲ့ပြီဆိုပေမယ့် ရင်ထဲမှာတော့ ဒဏ်ရာတစ်ခုအဖြစ် ကျန်ရစ်ဆဲပါ။

ဖြူရဲ့နှလုံးသားနုနုမှာ အကျည်းတန်သောဒဏ်ရာ တစ်ခုရစေခဲ့သော ထိုညကို ဖြူမမေ့လို့မရပါ။

ပထွေးဦးအောင်စိုးတစ်ယောက် ဖြူ ကတ်ကြေးနှင့် ထိုးဆိုက်သောဒဏ်ရာနှင့်ပဲ သေဆုံးသွားခဲ့သလို အဲဒီညမှာပဲ မေမေ့ရဲ့ သတင်းဆိုးကို ဖြူထပ်ပြီးကြားခဲ့ရတယ်။

မေမေ့ခမျာ မီးဖွားရင်းနဲ့ အသက်ကိုပါ ဆုံးရှုံးခဲ့ရသည်တဲ့။ လောကကြီးထဲ ရောက်လာခွင့်မရလိုက်ရှာသော ရင်သွေးလေးနှင့်အတူ မေမေပါ တမလွန်ဘဝကို ပိုက်ပါသွားခဲ့ရသည်တဲ့။

ပထွေးဖြစ်သူကို သတ်မှုနဲ့ အချုပ်ထဲရောက်နေခဲ့တဲ့ ဖြူ့အဖြစ်ကိုတောင် မေမေ သိမသွားနိုင်ခဲ့ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ဒုက္ခတွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့ မြူ ကိုယ့်ကို
ကိုယ်ပဲ အားပေးခဲ့ရပါတယ်။

အချုပ်ထဲမှာ နှစ်လလောက်နေထိုင်ရင်း အမှုကို ရ
ဆိုင်ခဲ့ရပြီးသည့်နောက်ပိုင်းမှာ မြူ အမှုကလွတ်မြောက်ခွင့်ရ
ပါတယ်။ မိန်းမသားတစ်ယောက်ရဲ့ အရှက်သိက္ခာကို ခုခံက
ကွယ်ရင်း ကျူးလွန်ခဲ့မိတဲ့အပြစ်က မြူလွတ်ကင်းခဲ့ရပေမယ့်...

လောကကြီးထဲမှာ မြူတစ်ယောက်တည်း ကျန်ရစ်ခဲ့
တဲ့ ဘဝ။

ပတ်ဝန်းကျင်ရဲ့ မျက်ဝန်းအကြည့်တွေကို မြူ ရင်မဆိုင်
ချင်တော့တာမို့ အိမ်နှင့်ခြံကို ရောင်းပစ်လိုက်တယ်။

ခါးသီးတဲ့ မြူ့အတိတ်ဘဝကြီးကိုလည်း မေ့ပစ်ချင်
တယ်။

တိုက်ခန်းတစ်ခုမှာ ငှားရမ်းနေထိုင်ရင်း မြူတစ်ယော
တည်း ရှင်သန်ရတဲ့ကာလတစ်လျှောက်လုံး အိပ်မက်ဆိုးတွေ
ချာလည်နေခဲ့ရတာပါ။

တစ်ပိုင်းတစ်စနဲ့ ရပ်တန့်ခဲ့တဲ့ပညာရေးကိုလည်း မြ
စိတ်မဝင်စားခဲ့တော့ပါ။ လက်ထဲမှာရှိနေတဲ့ ငွေကလေးကုန်





မြူရှင်သန်ရပ်တည်ဖို့အတွက် အလုပ်တစ်ခုလုပ်ရတော့မှာ
လည်လာရတယ်။

မြူနေတဲ့ တိုက်ခန်းရဲ့မျက်နှာချင်းဆိုင်အခန်း 5.B မှာ
တဲ့ မဥ္ဈူနဲ့ရင်းနှီးသိကျွမ်းလာတော့ မြူ့အတွက် အကူအညီ
ခုရခဲ့တယ်။

"မြူ့ရပ်ရည်နဲ့ဆို ကိုယ် တစ်ခုကူညီနိုင်တာ ကိုယ်
လုပ်လုပ်နေတဲ့ဆိုင်မှာ လုပ်မလား ... ဆိုင်ရှင်ကို မဥ္ဈူပြောပေး
လေ"

မဥ္ဈူအလုပ်က စားသောက်ဆိုင်တစ်ခုမှာ သီချင်းဆိုတဲ့
ပ်ဆိုတာ မြူသိထားတာမို့ ...

"ဖြစ်ပါ့မလား မဥ္ဈူရဲ့ ... မြူ သီချင်းသိပ်မဆိုတတ်
"

"သီချင်းဆိုတာ ဘာခက်လို့လဲ မြူရယ် ... တစ်ပတ်
တ်လေ့ကျင့်လိုက်ရင် အဆင်ပြေပါတယ်၊ နောက်ပိုင်းကျ
လုပ်က သင်သွားမှာပေါ့၊ ကိုယ်လည်း ရှိနေတာပဲ ... ဘာမှ
ကြောက်နဲ့"

မဥ္ဈူက အားပေးတယ်။ လုပ်ခငွေထက် မက်မောစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ဆုကြေးနဲ့ဆိုရင် ဝင်ငွေက မဆိုး။ မဩူတွက်ချက် သလောက်ဆိုရင် အရေးကြီးတာ စင်ပေါ်တက်ရဖို့ တစ်ခုသာ အဓိကဖြစ်နေတယ်။

နောက်ဆုံးတော့ မဩူရဲ့တိုက်တွန်းမှုနဲ့ပဲ နတ်သမီးရ စတောရင့်ကို မြူရောက်ခဲ့ရတော့တယ်။

ရောက်စက စင်ပေါ်ရောက်တာနဲ့ ခြေတုန်လက်တု နှင့်မြူ့အသံတွေ တုန်တုန်ခါခါပါပဲ။

အမှုးရှိန်နဲ့ လက်ခုပ်တီး ချီးမြှောက်နေတဲ့သူတွေ တော့လည်း မြူ ကြောက်ရွံ့စိတ်ကလေး ပြေခဲ့ရတယ်။

တစ်လလောက်ကြာတော့ မြူ နားလည်သဘောပေါ သွားခဲ့ပါတယ်။

ယမကာတန်ခိုးနဲ့ ကင်းလွတ်နေတဲ့ယောကျ်ားတွေ မြူ နားလည်သွားခဲ့ပြီလေ။

အပြုံးလေးတစ်ချက်၊ အကြည့်လေးတစ်ချက်နဲ့တင် ဖမ် စားတတ်ခဲ့ပါတယ်။

သုံးလတာကာလအတွင်း ပန်းမြူတီဆိုသော သူမသည် နတ်သမီးမှာ ပွဲအတောင်းခံရဆုံးသော အဆိုရှင်မလေးဖြစ်လာ





ခဲ့ပါတယ်။

ရယ်စရာတော့ အကောင်းသား။ အတိတ်က အဖြစ်ဆိုး ကြောင့် အလှအပဆိုတာ အန္တရာယ်ဆိုးတစ်ခုဟု မြူယုံမှတ် ခင်မြင်ထားခဲ့ဖူးတယ်။

အခုတော့ မြူကောင်းကောင်းနားလည် သဘောပေါက် သွားခဲ့ပါပြီ။

မိန်းမတစ်ယောက်ရဲ့ အလှဆိုတာ သဘာဝတရားက ထားတဲ့တန်ဖိုးတစ်ခုလည်း ဟုတ်နေတာပဲလေ။

ခုပဲ ကြည့် ...ပန်းမြူတီဆိုတဲ့ မိန်းမတစ်ယောက် ပြုံးတစ်ချက်ညို့လိုက်ရုံနဲ့ ဆုပန်းကုံးတွေ၊ သရဖူတွေ ရက်ရက် ရောပေးကမ်းနေကြတဲ့ ယောကျ်ားတွေ။

အသားကလေးထိ၊ လက်ကလေးတစ်ချက်ကိုင်ရရုံနဲ့ တ်ထဲကငွေတွေ ဖွေးခနဲဖြစ်အောင်တောင် မိုက်မဲကြတဲ့ ကျ်ားတွေ။

ဒီလိုရူးနှမ်းတဲ့ ယောကျ်ားတွေကြောင့် မြူတို့ အဆင်ပြေ ာထင်ပါရဲ့။

ဘဝကပေးတဲ့ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေကို ဖြူ ပိုလို့တောင်ရွံရှာလာမိရဲ့ ... အထင်သေ
စက်ဆုပ်လာမိရဲ့။

ဖြူ့ဘဝမှာ ယောက်ျားတစ်ယောက်ကြောင့် ဆုံးရှုံးန
နာခဲ့ရဖူးပေမယ့် အခုတော့ အဲဒီယောက်ျားတွေရဲ့ ရှုံးနိမ့်အ
အမူတွေကြောင့်ပဲ ဖြူ ရပ်တည်ရှင်သန်နိုင်နေခဲ့တာလေ။

လောကကြီး ရယ်စရာကောင်းသလို ယောက်ျားတွေ
လည်းရယ်စရာကောင်းလိုက်တာလို့ ဖြူထင်မိပါရဲ့။

* * *

## အခန်း | ၉ |

"ဘာ ... ဘာရယ်ခန့်ညား ... ပန်းဖြူတီကို မင်း
...သိမ်းနေပြီ ... ဟုတ်လား"

"ဟုတ်တယ်ဝက်ပု ... သေချာတယ်၊ သူ့ပုံရိပ်လေးကို
...နေ့တိုင်းသတိရနေတာ အမှန်ပဲ"

ဝက်ပု သူ့ကိုမျက်မှောင်ကုတ်ကြည့်ရင်း ခေါင်းကိုခါယမ်း
...သယ်။

**ထမ်းရှိစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ခန့်ညားရယ်၊ မင်းပဲ ရည်းစား...
မထားချင်တော့ဘူးဆိုပြီး အားလုံးကို ယတိပြတ်ပြတ်ခဲ့တာ...
အင်း ... ငါ ထင်တော့ထင်သားပဲ ... ဘယ်အချိန် မင်း ...
ဖောက်ဦးမလဲလို့"

"မဟုတ်ဘူးဝက်ပု ... ဒီတစ်ခါ ငါခံစားရတာ ...
နက်တယ်ကွ .. ငါ့စိတ်ထဲမှာသူ့ကိုစွဲလမ်းတာ အရင်မိန်းကလေး...
တွေနဲ့ မတူဘူး"

"ဟာ ... ဟော့ကောင် ... ဒါတော့ ငါလက်မခံ...
အားမပေးချင်ဘူး။ စဉ်းစားကြည့်ကွာ ... ရက်စတောရင့်...
သီချင်းဆိုတဲ့ မိန်းကလေး ... မမိုက်ပါဘူးကွာ"

"ဘာလဲဝက်ပု ... မင်းက အထင်သေးနိမ့်ချတာလား...
စားသောက်ဆိုင်မှာ ရိုးရိုးသားသား သီချင်းဆိုနေတဲ့ မိန်းကလေး...
တွေအများကြီးပါကွာ ... မိသားစုဝမ်းရေးအတွက် ရုန်းကန်...
ရတာ"

"ငါ အားလုံးကိုဝါးလုံးရှည်နဲ့ ရမ်းနေတာမဟုတ်...
ဒါပေမဲ့ မင်းလိုအတွေ့အကြုံရင့်ကျက်တဲ့ကောင်က တစ်ကြိမ်...
တစ်ခါလေးတွေ့ခဲ့တဲ့ ကောင်မလေးကို စွဲလမ်းတယ်ဆိုလို့...





"အေး ... အဲဒါအတွက် ငါ့ကိုယ်ငါလည်း အံ့သြနေ...
တာ ဝက်ပု၊ ငါ သူ့ကို မြင်ခဲ့ရတာခဏလေး ... ဒါပေမဲ့ ခုထိ
မေ့မရဘူး ... ငါ တကယ်ပြောတာ၊ ဒီငါးရက်လုံးလုံး ငါ သူ့ကို
သတိရနေတာ"

"ဗုဒ္ဓေါ"

ဝက်ပု အထိတ်အလန့်ရေရွတ်တယ်။ ချစ်သူရည်းစား
တွေ အများကြီးထားခဲ့ဖူးသော သူလိုကောင်က ပန်းမြူတီကို
တစ်ကြိမ်မြင်ရုံနှင့် စွဲလမ်းသွားခဲ့တာကို မယုံကြည်နိုင်တာ အ
ဖြစ်တော့မဟုတ်။

ဒါပေမဲ့ သူ့နှလုံးသားကခံစားချက်ကို သူပဲသိနိုင်တာ
အခက်။

ပန်းမြူတီနှင့် တခဏလေး ဆုံခဲ့မြင်ခဲ့ပြီးသည့်နောက်ပိုင်း
မှာ သူခံစားနေခဲ့ရသော ဝေဒနာက သူပဲအသိဆုံးလေ။

သူ့ဘဝ သူ့အခြေအနေက နေ့တိုင်းရက်စတောရင့်
တက်နိုင်သော အခြေမဟုတ်တာလည်း သူသိနေပါတယ်။

ဒါပေမဲ့ ...

အံ့သြစရာကောင်းလောက်အောင် နှလုံးသားက စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့မိတာ အခက်ပါပဲ။

သူခံစားနေရသောဝေဒနာကို ငါးရက်လုံးလုံး ကြိတ်မှိ
နေကြည့်ခဲ့သေးရဲ့။ ဝက်ပုကိုလည်း မပြောပြခဲ့ပါ။

ပန်းပြုတီရဲ့မျက်နှာလေးက သူ့ကို အချိန်တိုင်းစိုးမိုး
ခဲ့တာတော့ သေချာခဲ့ပါတယ်။ စင်ပေါ်မှာ သူမကို သရုပ်ဆေ
ဆောင်းပေးခဲ့စဉ်က သူမထံမှ ရှူရှိုက်ရသောရေမွှေးရနံ့လေး
အစ၊ ပြီးတော့ သူ့ကိုကျေးဇူးတင်စကားနှင့် ပြုံးပြခဲ့သောအပြ
လေးတွေ ...

အရာအားလုံးကို သူ အမှတ်ရတမ်းတနေခဲ့တာတော
အမှန်ပါပဲ။

''မင်းစဉ်းစားနော် ခန့်ညား ... အဲဒီမိန်းကလေ
အကြောင်းလည်း မင်း ဘာမှသိတာမဟုတ်ဘူး။ ငါအကြံပေးရ
တာ မင်း ရည်းစားတွေထားချင်တယ်ဆို ထားပစ်လိုက်၊ ဒါပေ
အခြေအမြစ်မရှိတဲ့, မဖြစ်သင့်တဲ့ မိန်းကလေးကိုတော့ မေ့
လိုက်ကွာ''

''မရတော့ဘူး ဝက်ပု၊ မင်း ယုံချင်မှယုံလိမ့်မယ် ...
ပန်းပြုတီကို ငါစွဲလမ်းနေတာ ငါပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေ





တွေနဲ့ မတူတာတော့ သေချာတယ်ကွာ''

''ငါတော့ မယုံဘူးခန့်ညား။ မင်းက ရည်းစားမရှိဘဲ
မနေတတ်တဲ့ကောင်၊ ဒီအချိန်မှာ အဲဒီကောင်မလေးကို အာရုံ
ရောက်သွားတာပါ ... မကြောင်စမ်းပါနဲ့ကွာ''

''အေး ... ငါကြောင်သွားပြီဆိုရင်လည်း အဲဒါ အချစ်
ကြောင့်ပဲဖြစ်လိမ့်မယ်ဝက်ပု''

''အချစ် ... ဟုတ်လား။ မင်းပါးစပ်က ဒီစကားကြား
ရတာ ငါအံ့သြတယ်''

''ငါပြောပြီးပြီပဲ ... ငါ့ကိုယ်ငါလည်း အံ့သြနေတာ၊
သူ့ကိုငါတွေ့ခဲ့တာ ခဏလေး ... တကယ့်ခဏလေးပဲ၊ ဒါပေမဲ့
စွဲလမ်းလမ်းဖြစ်နေတာ အခုချိန်ထိပဲ၊ ငါ့ကိုငါမယုံရဲလို့ ဒီရက်
တွေမှာ ငါစမ်းသပ်ကြည့်နေတာ''

''စမ်းသပ်ကြည့်နေတာ ... ဟုတ်လား''

''ဟုတ်တယ်ဝက်ပု ... မင်းထင်သလို ငါ တဒင်္ဂလေး
အာရုံဝင်စားတာဆိုရင် ခုလောက်အထိ ခံစားရစရာအကြောင်း
မရှိဘူး။ သေချာပါတယ်ကွာ ... ငါ သူ့ကိုမေ့မရဘူး''

ဝက်ပုမျက်နှာကြီး ရှုံ့မဲ့နေရင်း စိတ်ညစ်ညူးသလို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုတဗျင်းဗျင်း ကုတ်တယ်။ ပြီးမှ သူ့မျက်နှာကိုရှုံ့
ကြည့်ရင်း ...

"မင်း ...အခု ဘာဆက်လုပ်မလဲ ခန့်ညား"

"ငါ ဆုံးဖြတ်လိုက်ပြီ ...သူ့အကြောင်းသိအောင်
စုံစမ်းမယ်ကွာ"

"ဟား ...မင်းရောဂါက မသေးပါလား"

ဝက်ပုပြောသလို သူခံစားရသောဝေဒနာက မသေး
သူတွက်မိပါတယ်။ ပန်းဖြူတီကို နောက်တစ်ကြိမ်ပြန်ဆုံ
ချင်စိတ်က သူ့ရင်ထဲမှာ အတောင့်တဆုံးဆန္ဒတစ်ခု။

"ငါ ဒီညနေ နတ်သမီးကိုသွားမယ် ဝက်ပု ...မင်း
လိုက်ခဲ့ကွာ"

"အင်း ...မင်းလက်ထဲမှာ ရှိတဲ့ငွေလေးတော့ တ
တက်ပြောင်မှာ သေချာတယ်ထင်တယ်"

"အဲဒါအရေးမကြီးဘူး ...အရေးကြီးတာ ငါ ပန်းဖြူ
ကို တွေ့ချင်မြင်ချင်တယ်၊ ပြီးတော့ သူ့အကြောင်းကိုလည်
သိချင်တယ်ကွာ"

"ဒါဆို မခက်ပါဘူး ...အရင်ဆုံး သူ့အကြောင်း





အောင် မင်းနဲ့ငါစုံစမ်းမယ်၊ ပြီးမှ ဘာဆက်လုပ်သင့်သလဲ မင်း
ဆုံးဖြတ် ...ငါပြောတာ မင်း သဘောပေါက်မှာပါ ...မင်းက
ဒီထက်တောင်ရင့်ကျက်တဲ့ကောင်ပဲ ဥစ္စာ"

ဝက်ပုဆိုလိုတာကို သူနားလည်ပါတယ်။သဘောလည်း
ပေါက်ပါတယ်။

ဒါပေမဲ့ ပြတ်သားစွာ ခေါင်းမညိတ်ဖြစ်ခဲ့ပါ။

ပန်းဖြူတီဆိုသော မိန်းကလေးနှင့်ပတ်သက်ပြီး သူ့ကိုယ်
သူမယုံကြည်ရဲတာကြောင့်လည်းပါတယ်။

ခုပဲကြည့်လေ ...။

အလွယ်တကူ မေ့နိုင်မည်လား၊ ကြိုးစားရင်းက သူ့
ဆွဲပေးခဲ့ရတဲ့ အဖြစ်။

နောက်ဆုတ်ဖို့ဆိုတာ ကြိုတင်ဆုံးဖြတ်ပြီးတော့ ကတိ
ပေးချင်ပါ။ အချစ်ဆိုတာ ပဥ္စလက်ဆန်လွန်းသောအရာတစ်
ခုလား။

သူ ခံစားကြည့်ချင်သေးရဲ့။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၁၈ |

□

□ ပထမဆုံး သီချင်းတစ်ပုဒ်ကိုသီဆိုနေရင်း ဆိုင်ထဲ

တားပွဲဝိုင်းတွေကို ဖြူ တစ်ချက်ဝေ့ကြည့်မိတယ်။

ဖြူ့ကိုငေးစိုက်ကြည့်နေတဲ့သူတစ်ယောက်ကို မြင်လို တော့ အံ့ဩသွားခဲ့မိတာ အမှန်။

ဘယ်လိုမှမမှတ်မိစရာမရှိအောင် သူ့အသွင်က ထင်ရှား နေခဲ့တာပါ။





ဆံပင်တိုတိုတွေကို နဖူးပြေပြေပေါ်မှာ သပ်ဝင်လှန်ပြီး ထားပေးမယ့် ဆံနွယ်တချို့ ဝဲကျနေပုံက စွဲဆောင်မှုတစ်ခုလိုဖြစ် နေတယ်။

ဝင်းမွတ်ရှင်းသန့်နေသော မျက်နှာက ယောကျ်ားတန်မဲ့ စက်အပြောက်ကင်းစွာ ချောမွေ့နေတာကိုလည်း သရုပ်ဆုချ ည့် နေ့ကတည်းက ဖြူ အနီးကပ်မြင်တွေ့ခဲ့ဖူးတာပါ။

အနက်အပေါ်မှာ အဖြူနှင့်အဝါဖောက်ထားသော အော် ရှပ်လက်ရှည်နှင့် ဂျင်းပင်ပြာဝတ်ထားသော သူ့စားပွဲဝိုင်းမှာ တစ်ခေါက်ကပါလာသော အဖော်နှင့်ပါပဲ။

နောက်နေ့တွေမှာ မလွဲမသွေရောက်လာမည်ဟု မဖြူ တစ်စုလုံး နိမိတ်ဖတ်ဟောချက်ထုတ်ပြီးကတည်းက သူ ရောက်မလာခဲ့။

'အလကားပါကွာ ... ဟိတ်ဟန်ထုတ်ပြီး ရောက်လာ သူ ထင်ပါတယ်''

''အင်း ... ဖြူပြောတာ ဖြစ်နိုင်တယ်၊ တချို့ယောကျ်ား တွေက ဟိတ်ဟန်ထုတ်ပြီး လာဖြန်းကြတာကွ၊ ဆိုင်ကို တင်းလာတတ်တဲ့ အန်ကယ်လ်ကြီးတို့လိုမဟုတ်ဘူး၊ ခုခေတ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီလိုယောက်ျားလေးတွေ ပေါ်မှပေါ်”

မြို့စကားကို မိုးမိုးကထောက်ခံပြီး သူ့ကိုဝေဖန်ခဲ့မှုကြေ ပေရဲ့။

တစ်ပတ်နီးပါးပျောက်နေသောသူ့ကို မြို့လည်း မေ့မေ့ပျောက်ပျောက်ပဲ ရှိနေခဲ့တာအမှန်။ အခုမှ ကိုယ်တော်ချောက ဘယ်လိုမျက်စိလည်လာခဲ့တာလဲ မသိ။

မိုးမိုးပြောသလို ဟိတ်ဟန်ထုတ်ဖို့ အိတ်ဖောင်းလာသည် လား။

ဒါဆိုရင်တော့ မြို့အတွက် ဒီည သရဖူတစ်ခုတော့ မျှော်လင့်နိုင်သေးသည် ထင်မိရဲ့။

ဒုတိယမြောက်သီချင်းလေးဆိုပြီးတော့ မြို့ရှိရာစင်ပေါ်ကို သူလှမ်းတက်လာတာ မြင်လိုက်ရတယ်။

သူ့လက်ထဲမှာကိုင်ထားတာ သရဖူမဟုတ်ဘဲ ငါး ထောင်တန်ပန်းကုံးတစ်ကုံးဖြစ်နေတာမို့ မြို့တောင် မျက်မှောင် လေး ကုတ်သွားရတယ်။

“ပန်းမြို့တီအတွက် ကိုယ့်လက်ဆောင်ပါ၊ ဒီနေ့တော့ သရဖူမချီးမြှင့်နိုင်တာ ခွင့်လွှတ်ပါ”





ဆုပန်းကုံးချီးမြှင့်ရင်း သူဆိုသောစကားကြောင့် မြို့ မဲ့ယုံကလေးတောင် ပြုံးလိုက်မိသေးရဲ့။ ပုဂ္ဂိုလ်လေး မလန်းရှာ ဘူး ထင်ပါရဲ့။ တန်ဖိုးအနည်းဆုံးပန်းကုံးအတွက်တော့ မြို့ ကျေးဇူးတင်စကားလေးတော့ ခွန်းတုံ့ပြန်လိုက်ရပါတယ်။

ဘယ်လိုပုဂ္ဂိုလ်လဲ။ သီချင်းစိတ်က မြို့ရင်ထဲမှာ တရိပ် ရိပ်တိုးလာရတာမို့ အစီအစဉ်ပြီးဆုံးတာနဲ့ စတိတ်စင်နံဘေးက အသာစောင့်ကြည့်အကဲခတ်နေလိုက်မိတယ်။

စားပွဲထိုးကိုခေါ်ပြီး ဘာတွေမေးနေသည် မသိ။ မြို့ အကြောင်းတွေ မေးနေခဲ့တာလား တွေးမိသေးရဲ့။

မြို့ကြည့်နေတုန်းမှာပဲ ကျသင့်ငွေရှင်းပြီး သူတို့နှစ် ယောက် ဆိုင်ထဲကပြန်ထွက်သွားတာ မြင်လိုက်ရတယ်။

မြို့ ဆိုင်နောက်ပေါက်က အသာထွက်ပြီး ဆိုင်ရှေ့မြင် ကွင်းတွေကို မြင်နိုင်လောက်တဲ့နေရာက ရပ်ကြည့်မိတယ်။

ဆိုင်ထဲကထွက်လာတဲ့ သူတို့နှစ်ယောက် ကားပါကင် ဆီကိုသွားမှာဟု ထင်မှတ်ထားပေမယ့် နှစ်ယောက်သား စ ကားတွေပြောရင်း ဆိုင်ထဲကလမ်းလျှောက်ထွက်သွားကြတာကို မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြူ ရယ်ချင်စိတ်ကို မနည်းတင်းထားလိုက်ရပါတယ်။

ဗေဒင်မေးစရာတောင် မလိုအပ်အောင် သေချာပါ တယ်။ ဆိုင်မှာ သူဌေးဟန်ဆောင်ပြီး ဟိတ်ဟန်လာထုတ်တဲ့ ခပ်ကြောင်ကြောင်ယောကျ်ားလေးတွေထဲက ယောကျ်ားလေး တစ်ယောက်ပဲဖြစ်မှာပါ။

မရှိမဲ့ရှိမဲ့ငွေကလေး မြူရဲ့ဆုပန်းကုံးနဲ့ ကုန်ရှာပြီထင်ရဲ့ နှစ်ယောက်သား တက္ကစီဖိုးလေးတောင် မတတ်နိုင်ရှာဘဲ ဝေ့ ကင်းရိုက်သွားကြတာ သနားစရာတောင် ကောင်းသေးတယ်။

ဒီအကြောင်းတွေကို အပြန်ကျမှ မဥ္ဇူတို့ ပိုးပိုးတို့သိ အောင် ပြောပြလိုက်ဦးမယ်။

ရယ်လည်း ရယ်စရာကောင်းတဲ့ ယောကျ်ားတွေပါလား

* * *

အခန်း | ၁၁ |

❑

❑ စားပွဲထိုးချာတိတ်လေးကို ဘောက်ဆူးပေးပြီးမေးလာခဲ့ သတင်းက မစုံလင်လှပေမယ့် သူ့အတွက်တော့ တန်ဖိုး ပါတယ်။

ပန်းမြူတီဆိုတာ မဥ္ဇူဆိုသောမိန်းကလေးနှင့်အတူ ခန်းတစ်ခုမှာ နေထိုင်သူဖြစ်တဲ့အကြောင်း။ မိဘဆွေမျိုး မရှိရှာတော့တဲ့ သူ့လိုတစ်ကောင်ကြွက် မိန်းကလေးဆိုတာ

ထမ်းရိုးစာပေ

www.burmeseclassic.com



တွေကို သူ သိခွင့်ရခဲ့တယ်။

ပြီးတော့ ပန်းဖြူတီက အဖော်မရှိသေးတဲ့ အပျိုစင်လေး ဆိုတာကိုလည်း သူ သိခဲ့ရပါတယ်။

"ငါတော့ သူ့ကိုစိတ်ဝင်စားတယ် ဝက်ပု"

"အခု ငါတို့သိခဲ့ရတာ သူ့ရဲ့အတိတ်အကြောင်း အ တစ်ခုမှ မပါဘူးနော်ခင်ညား။ မင်း တကယ်စိတ်ဝင်စားတယ် ရင် အဲဒါကို စုံစမ်းသင့်တယ်"

"ငါ သူ့ကိုချစ်တာ သေချာနေမှတော့ ဘာများထပ် မှာမို့လဲ ဝက်ပုရာ၊ ငါ့အတွက် လုပ်စရာတစ်ခုပဲ ရှိတယ် ... နဲ့ရင်းနှီးခွင့်ရအောင် ကြိုးစားမယ်ကွာ"

"နေပါဦး ခင်ညား ... မင်း ဘာဖြစ်လို့ မိန်းမတ ယောက်အတွက် ဒီလောက်အထိ ဖြစ်သွားရတာလဲ"

"အဲဒီမေးခွန်းကို ငါဖြေခဲ့ပြီးပြီပဲ ဝက်ပုရာ ... ငါ သူ့ ချစ်သွားပြီ၊ ဒါ ... ငါထားခဲ့ဖူးတဲ့ ရည်းစားတွေနဲ့မတူဘူး။ နှ သားကအချစ်တစ်ခုကြောင့်ဆိုတာ သေချာပါတယ်"

ဝက်ပု မျက်မှောင်ကြီးကုတ်ပြီး သူ့ကိုစိုက်ကြည့်တယ် ပြီးမှ ခေါင်းတညိတ်ညိတ်နှင့် ပြုံးယဲ့ယဲ့လုပ်ပြီး ပြောလာတယ်





"အင်း ... မင်းဆန္ဒ ဒီလောက်ထက်သန်နေရင် ငါမ ကန့်ကွက်တော့ဘူး ခင်ညား။ တကယ်ဆို ငါထက်တောင် မင်းက မိန်းကလေးတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံပိုပြီး ကြွယ်ဝပါ တယ်၊ ဒီတော့ မင်းဘာသာ စဉ်းစားဆုံးဖြတ်ပေါ့ကွာ ... ငါ ကတော့ ပွဲကြည့်ပရိသတ်ပဲ လုပ်တော့မယ်"

ဝက်ပုကို သူနားလည်နိုင်ပါတယ်။ စားသောက်ဆိုင်မှာ ရင်းသိဆိုရတဲ့ ကောင်မလေးတစ်ယောက်ကို သူနဲ့ပတ်သက် တော့ ဝက်ပုစိုးရိမ်နေတာ စေတနာစိတ်နဲ့ပဲ ဖြစ်မှာပါ။

ဒါပေမဲ့ သူကိုယ်တိုင်ကိုယ်က အချစ်မှာပျော်ဝင်နစ် နေခဲ့တော့လည်း ...။

စားပွဲထိုးချာတိတ်၏ မစမ္မနှင့် ရရှိခဲ့သော ပန်းဖြူတီတို့ ရိုက်တိုက်ခန်းရှေ့မှာ သူ ယောင်လည်လည်နှင့် ရောက် တာ တစ်နာရီမက ကြာနေပြီ။

ကန်ထရိုက်တိုက်ခန်းရှေ့က လမ်းပေါ်မှာ သူ ခေါက်တုံ့ ပြန်လျှောက်နေမိတာ ဘယ်နှစ်ခေါက်ရှိခဲ့ပြီလဲ မသိ။ စိတ် တောင်ကျချင်လာမိရဲ့။

စားပွဲထိုးချာတိတ် ပေးလိုက်တာ လိပ်စာများ တလွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်လားတွေးကာ သူ ကွမ်းယာဆိုင်တစ်ခုမှာ ဝင်မေး
တယ်။

"မောင်ရင်ပြောတာ စားသောက်ဆိုင်မှာ သီချင်းဆို
မိန်းကလေးနှစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ် အစ်မ ... သူတို့ ဟောဒီတိုက်ခန်း
မှာနေတယ်ဆိုတာ တကယ်လားခင်ဗျာ"

"ဟုတ်တယ် ... ငါးလွှာကအခန်းမှာ နေကြတာ
ဟော ... ဟော ... ဟိုမှာ ထွက်လာကြပြီ"

ဆိုင်ရှင်အစ်မကြီးစကားကြောင့် သူ ကသောက
လှည့်ကြည့်လိုက်ရတယ်။ တိုက်ခန်းလှေကားထစ်တွေအ
ဆင်းလာသော ပန်းဖြူတီအနားမှာ မချူလည်း ပါလာတာ
ရတယ်။

"ဟဲ ... ဟဲ့ ... မောင်လေး ... ဒီမှာ ကွမ်းယာ
သွားဦးလေ"

"ဗျာ ... ဟို ... အဲ ... ကျွန်တော် ကွမ်းမစား
ဘူး အစ်မရဲ့ ... တစ်ယောက်ယောက်ကို ကျွေးလိုက်ပါ"

ကွမ်းဖိုးပေးပြီး ကွမ်းယာမယူဘဲထားခဲ့တဲ့ သူ့ကို





ချင်မိန်းမကြီးက အထူးအဆန်းကြည့်နေတယ်။ မတတ်နိုင်ဘူး
အတင်းပြောစရာစကား ရသွားခဲ့ပြီလား မသိ။

သူကတော့ ပန်းဖြူတီတို့နောက်က အပြေးလေးလိုက်
ခဲ့မိတယ်။

"ပန်း ... ပန်းဖြူတီ"

သူ့ခေါ်သံကြောင့် ပန်းဖြူတီတင် မကပါဘူး ... မချူက
ပါ လှည့်ကြည့်ပြီး တအံ့တသြနဲ့ မျက်လုံးကလေးဝိုင်းကြည့်တယ်။

ပန်းဖြူတီကတော့ မထင်မှတ်ဘဲမြင်လိုက်တဲ့ သူ့
ကြောင့် အံ့သြမှုကို ချက်ချင်းပြန်ဖုံးကွယ်ရင်း မျက်ခုံးတန်းတန်း
လေးတွေ တွန့်ကွေးစူးစိုက်ကြည့်လာတယ်။

"ကိုယ့် ... ကိုယ့်ကို မှတ်မိပါတယ်နော် ပန်းဖြူတီ"

"မှတ်မိရအောင် ရှင်နဲ့ကျွန်မ ဘယ်တုန်းကသိခဲ့တာ
မို့လဲ"

"ဟို ... ဟိုလေ ..."

"ဒီမှာ ... ဟိုဟိုဒီဒီတွေ လာလုပ်မနေနဲ့၊ ရှင့်ကို ကျွန်မ
အထင်မကြီးဘူး။ စားသောက်ဆိုင်ကို ဟန်တစ်လုံးပန်တစ်လုံးနဲ့
ရောက်လာပြီး သရေပူတွေ, ပန်းကုံးတွေဆုချတဲ့ ယောက်ျားခပ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင်တွေကို ကျွန်မ စိတ်မဝင်စားဘူး''

သူ ဘာစကားမှမဆိုနိုင်အောင် ဆွံ့အနေခဲ့ရတ[illegible] ပန်းဖြူတီစကားတွေအတွက် အားတုံ့အားနာအကြည့်တွေနဲ့ [illegible] သူ့ကိုကြည့်တယ်။

''မ ... မဟုတ်ပါဘူး ပန်းဖြူတီ၊ ကိုယ် မင်းကို ခ[illegible] ခွင့်ရချင်နေတာပါ''

''ခင်မင်ခွင့် ... ဟုတ်လား။ ရှင် ကျွန်မအကြောင်[illegible] မသိသေးဘူးထင်တယ်။ ဒီမှာ ... ပန်းဖြူတီဆိုတဲ့မိန်း[illegible] ဘယ်ယောကျ်ားကိုမှ အထင်မကြီးဘူး။ မပတ်သက်ချင်ဘူး။ [illegible] မှာ ကျွန်မ အလုပ်လုပ်နေတာ အလုပ်သဘောကြောင့်ပဲ၊ ဒီ[illegible] ရှင့်ကို ကျွန်မအပြတ်ပြောလိုက်မယ် ... ရှင် ကျွန်မနဲ့ ပတ်သ[illegible] ဖို့ ဘယ်တော့မှမကြိုးစားပါနဲ့''

စကားအဆုံးမှာ ပန်းဖြူတီ လှည့်ထွက်သွားခဲ့ပါတ[illegible] မဉ္ဇူ သူ့ကို ရယ်မလို၊ ပြုံးမလိုမျက်ဝန်းတွေနဲ့ကြည့်ပြီး လှည့်[illegible] သွားပါတော့တယ်။

အပြာနုရောင်ရှပ်အင်္ကျီလက်တို၊ မီးခိုးရောင်ထ[illegible] တွဲပြီးဝတ်ဆင်ထားတဲ့ ပန်းဖြူတီကို သူ မှင်တက်ငေးမေ[illegible]





ကျိန်ရစ်ခဲ့ရတယ်။

ပန်းကလေးတစ်ပွင့်လို နုဖပ်ချောမွေ့တဲ့ ပန်းဖြူတီနှုတ်က ဒီစကားတွေကို ရင်ဆိုင်ရလိမ့်မယ်လို့ သူ ထင်မှတ်မထားခဲ့မိတာ အမှန်ပါ။

လည်ပြန်အကြည့်လေးတစ်ချက် ပိုင်ဆိုင်ရနိုင်မလား ... သူ မျှော်လင့်မိပေမယ့် ပန်းဖြူတီ တစ်ချက်လေးကောင် လှည့်မကြည့်ခဲ့ပါ။

သူ့ရင်ထဲမှာ ဝမ်းနည်းသလိုလို လစ်ဟာသွားခဲ့ရတာ အမှန်ပဲ။ မိန်းမတစ်ယောက်ကြောင့် ဘဝမှခံစားရတဲ့ဝေဒနာဆိုတာ ဒါ ... သူ့ဘဝမှာ ပထမဆုံးဆိုတာ ဘယ်သူယုံနိုင်မလဲ။

အချစ်ကို နှလုံးသားက ခံစားတတ်ခဲ့ပြီထင်ရဲ့။

ဒါ ... သူ ဝဋ်လည်တာလား။

* * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၇၂ |

❑

❑ "နင် ... ဒီလောက်အထိတော့ မဆက်ဆံလိုက်သင့်ဘူး

ထင်တယ် မြူရယ်"

"နင်နားမလည်ပါဘူး မချူ။ ယောကျ်ားတွေကို

အထင်မကြီးဘူး။ အကောင်းဆုံးက အပြတ်သားဆုံးဆက်ဆံတာ

အကောင်းဆုံးပဲ"

"နေပါဦးမြူရယ် ... နင် ဘာဖြစ်လို့ ယောကျ်ားတွေ





ဒီလောက်ထိ မုန်းနေရတာလဲဟင်"

မချူစကားကြောင့် မြူ နာကျင်စွာပဲပြုံးမိတယ်။

တကယ်ဆို ပန်းမြူတီဆိုသော မိန်းမတစ်ယောက်ကို

မိတမဲ့တစ်ကောင်ကြွက်တစ်ယောက်ဆိုတာကလွဲလို့ မချူ ဘာမှ

သိမထားခဲ့ပါ။

နယ်မြို့လေးမှာကျန်ရစ်ခဲ့တဲ့ မုဆိုးမမိခင်ကြီးနဲ့ မောင်နှမ

နှစ်ယောက်အတွက် ရန်ကုန်မှာ ရုန်းကန်ရှင်သန်ပြီး လစဉ်ငွေပို့

ပေးနေရတဲ့ မချူဘဝလေးကို မြူ စာနာစွာသိခဲ့ရတယ်။

ဘဝမှာ ကြမ်းတမ်းခက်ခဲလှတဲ့ ဒုက္ခတွေကို မချူရင်ဆိုင်

ဖြေရှင်း ဖူးနိုင်ပေမယ့် မြူကြုံဖူးသလို ကြုံနိုင်ခဲ့မှာမဟုတ်ဘူးလေ။

"မြူ ... အသည်းကွဲခဲ့ဖူးလို့လားဟင်"

မချူအမေးကြောင့် မြူ အသံလေးတွေထွက်အောင် ရယ်

လိုက်ရင်း ခေါင်းကိုခါယမ်းပြလိုက်မိရဲ့ ...။

"ဟင် ... အသည်းမကွဲဖူးဘဲနဲ့ ဘာလို့ယောကျ်ားတွေ

ကို မုန်းနေရတာလဲမြူရဲ့"

"မြူ ရည်းစားတောင်မထားဖူးပါဘူး မချူ။ အဲဒါဘာလို့

ဆိုလား ... ယောကျ်ားတွေကို အထင်မကြီးလို့နဲ့ နာကြည်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မြူရင်ဆိုင်ခဲ့ရတဲ့အတိတ်က ဘယ်လောက်ခါးသီး ကောင်းသလဲ မဥ္ဇူကိုပြောပြမယ် ...နားထောင်''

မြူမေ့ထားချင်တဲ့အတိတ်ဆိုးကြီးကို မြူပြန်ပြောပြ မဥ္ဇူ အံ့ဩထိတ်လန့်တဲ့မျက်ဝန်းလေးတွေနဲ့ နားထောင် တယ်။

မြူစကားဆုံးတော့ မဥ္ဇူ ပင့်သက်လေးရှိုက်ရင်း ...

''မြူရယ် ...မြူ့အကြောင်းတွေကို မဥ္ဇူ ခုမှပဲ တယ်၊ အင်းလေ ...ပထွေးဆိုတဲ့ယောကျ်ားတစ်ယောက် မြူ နာကြည်းမယ်ဆိုလည်း နာကြည်းလောက်ပါတယ်''

''မြူ့အပေါ် သိပ်ကောင်းတယ်လို့ထင်ခဲ့တဲ့ ပထွေး သူ့ကြောင့် မြူ့ဘဝမှာ မုန်တိုင်းထန်ခဲ့ရတယ်မဥ္ဇူ၊ အချုပ် မြူရှင်သန်ခဲ့ရတဲ့ကာလတွေ, တရားရုံးမှာ အမှုရင်ဆိုင်နေ ကာလတစ်လျှောက်လုံး မြူတစ်ယောက်တည်း ဘယ်လော ဒုက္ခပင်လယ်ဝေခဲ့ရမလဲ မဥ္ဇူစဉ်းစားကြည့်လေ၊ ပြီးတော့ အရိုဝ်မည်းကြီးကြောင့်ပဲ မြူနဲ့မေမေတို့နေခဲ့တဲ့ အိမ်လေး စွန့်ခဲ့ရတယ်၊ ပတ်ဝန်းကျင်ရဲ့အကြည့်တွေကို မြူ ရင်ဆိုင် အား မရှိတော့တာလည်း ပါတယ်''





''မဥ္ဇူနားလည်နိုင်ပါတယ် မြူရယ်''

''မဥ္ဇူကို မြူ ညီမအရင်းတစ်ယောက်လို သံယောဇဉ် ရှိတယ်၊ ဒါကြောင့် မြူကြုံခဲ့ရတဲ့အတွေ့အကြုံနဲ့ ပြောပြတာ၊ ယောကျ်ားတွေကို ဘယ်တော့မှမယုံနဲ့ မဥ္ဇူ ...အားလုံးဟာ အတူတူပဲ၊ သူတို့ရဲ့ဆန္ဒရမ္မက်တစ်ခုအတွက် မြူတို့ ပေးဆပ် လိုက်ရမှာ ဘဝတစ်ခုလုံးပဲ ...သိလား''

မဥ္ဇူ ခေါင်းကလေးညိတ်တယ်။ ပြီးမှ မြူကို ငေးငေး လေး စိုက်ကြည့်ရင်း ...

''မြူ့ကို တစ်ခုတော့ ပြောချင်တယ် ...မမနေ့က ယောကျ်ားကတော့ မြူ့အပေါ် တကယ်သံယောဇဉ်ရှိပုံပဲ၊ သူ့မျက် လုံးတွေက မြူ ခါးခါးသီးသီးပြောလိုက်တော့ အတော်ခံစား သွားရပုံပဲ''

''အဟင်း .. အဲဒါ ဟန်ဆောင်မှုတွေပါ၊ ဒါမှမဟုတ်ရင် သူထင်မှတ်မထားတဲ့တိုက်ကွက်ကြောင့် ဖြစ်လိမ့်မယ်၊ စားသောက် ဆိုင်မှာ မြူတို့လိုသီဆိုဖျော်ဖြေနေတဲ့ မိန်းကလေးဆိုရင် အားလုံး က အထင်သေးချင်တာပဲလေ၊ မြူ့ကို သူတို့ချိုးမြှင့်ကြတဲ့ ဆုကြေး တွေအနောက်က တောင့်တမှုတွေကို မဥ္ဇူမြင်ကြည့်စမ်းပါ ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအားလုံး အတူတူပါပဲ မဥ္ဇူရယ်၊ အဲဒီယောက်ျ
အကြောင်းကို မဥ္ဇူသိသလား"

"ဘယ်သိမှာလဲ ... ဆိုင်ကိုတောင် နှစ်ခါပဲ လာ
တာ"

"မဥ္ဇူမသိရင် မြူပြောပြမယ် ... အဲဒီလူက သူ့ကိုယ်
သူဌေးသားတစ်ယောက်လို ဟန်ဆောင်နေတာ၊ မြူ့ကို သ
တစ်ခု ဆုချတယ်၊ နောက်နေ့ကျတော့ တန်ဖိုးအနည်းဆုံး ပန်း
လာပေးတယ်၊ ပြီးတော့ နှစ်ယောက်သား လမ်းလျှောက်
သွားကြတာ၊ အဟင်း ... ရယ်စရာတောင် ကောင်းသေးတ
ဝမရှိဘဲ ဝိလုပ်နေတဲ့ယောက်ျားတွေ လောကကြီးမှာအများကြ
အခု မြူ့ကို သူချဉ်းကပ်လာတာ ဘာရည်ရွယ်ချက်ကြော
ဆိုတာ သိနေလို့ မြူ အပြတ်ပြောပစ်လိုက်တာပေါ့"

မဥ္ဇူ မျက်မှောက်ကုတ်အံ့သြနေသောမျက်ဝန်းတွေ
မြူ့ကို ငေးကြည့်နေတယ်၊ ပြီးမှ ... နားမလည်နိုင်စွာ မေး
တယ်။

"ဟင် ... အဲဒါကို မြူ ဘယ်လိုသိသလဲ"

"ဒုတိယအခေါက် သူရောက်လာတုန်းက မြူ့စုံ





ဆိုက်တာပေါ့၊ စားပွဲထိုးမောင်ပါလေးကိုတောင် ဘောက်ဆူးပေးပြီး
မြူလိပ်စာ မေးသွားတယ်၊ ဒါကြောင့် မြူတို့နေရာကို သူသိသွား
တာပေါ့ မဥ္ဇူရယ်"

မဥ္ဇူ အခုမှ ခေါင်းလေးတညိတ်ညိတ်နှင့် လက်ခံတော့
တယ်၊ တကယ်ဆို စားသောက်ဆိုင်မှာ မြူထက်အရင် အတွေ့
အကြုံရှိသော မဥ္ဇူ၊ တစ်ခါတစ်ရံမှာတော့ ရိုးအလွန်းတာ မြူ
သိနေပြီးသား။

"မဥ္ဇူစိတ်မဆိုးဘူးဆိုရင် မြူက မေးချင်တယ်"

"ဘာလို့ စိတ်ဆိုးရမှာလဲ၊ မေးပါ ... မြူ ဘာမေး
ချင်လို့လဲ"

"အခုတလော မဥ္ဇူကို လာပြီးရစ်နေတဲ့ပုဂ္ဂိုလ်ကြီးက
ဘာလဲ ... မဥ္ဇူနဲ့ ဘယ်လိုအခြေအနေရှိသလဲ"

ဆိုင်မှာ မဥ္ဇူဖျော်ဖြေတိုင်း ဆုပန်းကုံးချီးမြှင့်တတ်သော
ပုဂ္ဂိုလ်ကြီးကို မြူ ... ရည်မှန်းပြောတာမှန်း မဥ္ဇူသိနေပုံရ
တယ်။

"ဦးဇော်နိုင်ကို ပြောတာလားမြူ၊ သူနဲ့မဥ္ဇူ ရင်းရင်းနှီးနှီး
ဖြစ်ကြတာ မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့မရှိနဲ့ မဥ္ဇူ ... ဖြူ သတိပေးချင်လို့၊ အဲဒီ လူကြီးမှာ အိမ်ထောင်ရှိတယ်၊ သားသမီးတွေတောင် လူပျိုအပျို အရွယ်တွေတဲ့"

"မဥ္ဇူသိပါတယ် ဖြူ ... ဦးဇော်က ပြောပြပါတယ်၊ ပြီးတော့ မဥ္ဇူဘဝလေးကို သူသိတော့ စာနာတယ်တဲ့၊ ဟို တလောက အမေနေမကောင်းတဲ့အကြောင်း သူသိသွားတော့ မဥ္ဇူကို ငွေငါးသိန်းကူညီတယ်"

"ဟင် ..."

"သူက စေတနာနဲ့ ကူညီတာတဲ့၊ မဥ္ဇူဘဝလေးကို စာနာလို့တဲ့၊ ဦးဇော်က မဥ္ဇူရဲ့မိသားစုအကြောင်းကို သိထား လို့လေ ဖြူရဲ့"

မဥ္ဇူမျက်ဝန်းတွေထဲမှာ ဦးဇော်နိုင်ကို ယုံကြည်နေမှန်း ဖြူနားလည်မိတယ်။ အခုအချိန်မှာ ဖြူစိုးရိမ်စွာတားမြစ်လျှင် လက်ခံနိုင်မည်လား။ ဒါပေမဲ့ ဖြူပြောသင့်တာကိုတော့ ပြောမှဖြစ် မည်မို့ ...

"ဦးဇော်နိုင်ရဲ့မိတ်ဆွေ ဦးအောင်သိုက်ဆီက သူ့ အကြောင်းကြားရတဲ့ သတင်းတွေအရဆိုရင် ဦးဇော်နိုင်က သိပ်



တော့ ကိုယ်ကျင့်တရားမကောင်းလှဘူးမဥ္ဇူ၊ မိန်းမ ခပ်ရွှစ်ရွှစ် ယ် တရားဝင်ယူထားတဲ့မယားအပြင် တခြားတိတ်တိတ်ပုန်း မ်းတွေလည်း ရှိတယ်တဲ့"

ဖြူစကားကိုနားထောင်နေရင်း မဥ္ဇူ နှုတ်ခမ်းလေးတွန့် ပြုံးနေတယ်။ ပြီးမှ သဘောကျသလို ခွဲ့ခွဲ့ကလေးရယ်မော ... 

"ဦးအောင်သိုက်က ဦးဇော်နဲ့ စီးပွားတူပြိုင်ဘက်တွေ အဟင်း ... ဒီလူကြီးက ဦးဇော်ကို အမြဲတမ်းတိုက်ခိုက် တာ ဖြူသိမှာပေါ့၊ မဥ္ဇူကိုတောင် ဦးဇော်နဲ့အပြိုင် ဆုပန်းကုံး မြှင့်တာ ... အဟင်းဟင်း"

"ဖြူသိတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် နှစ်ယောက် ုံး အတူတူပါပဲ၊ ယောကျ်ားတွေကို မဥ္ဇူမယုံကြည်ဖို့ပဲ လို ယ်"

"အင်းပါ ဖြူရယ်၊ ကဲ ... မဥ္ဇူအိပ်ချင်ပြီ"

ဖြူ့စကားတွေကို ဆက်နားမထောင်လို၍ ရှောင်တိမ်း မှန်း ဖြူနားလည်ပါတယ်။

ရင်ထဲက ပင့်သက်မောတစ်ခုနဲ့ပဲ ဖြူ ငြိမ်သက်နေလိုက်

ထမီးဖျိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ မြို့စေတနာကို မဥ္ဇူနားလည်စေချင်လိုက်တာ။

နောင်တဆိုတာ ...

နောင်မှရအစ်တဲ့ အရာမဟုတ်ဘူးဆိုတာ မဥ္ဇူသိပါစေ တော့ဟုသာ ...။

## အခန်း | ၁၃ |

❑

❑ "ဒါလည်း ကောင်းတာပဲပေါ့ကွ၊ ခေါင်းထဲကထုတ်ပစ် ိတ်စမ်းပါခန့်ညား၊ ဒီကောင်မလေးက မင်းလိုယောကျ်ားကို ရေးမလုပ်ချင်တဲ့သဘောပေါ့"

"အင်း ... သူ့စကားတွေကြားရတာ ငါ တကယ်ခံစား ယ်ကွာ၊ သူ ငါ့ကို အထင်လွဲသွားတာထင်တယ်၊ ငါ သူ့ကို င်ချင်တာကို သူ နားလည်မှုလွဲနေတယ်"

**ထမီးပျိုစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



"နားလည်မှုလွဲတာမဟုတ်ဘူး ခန့်ညား။ မင်းသာ ရော ရေလိုသုံးနိုင်တဲ့ သူဌေးသားတစ်ယောက်ဖြစ်ကြည့်ပါလား ... လက်ခံမှာသေချာတယ်၊ ဒီမိန်းမတွေက သွားမပါရင် နေ ... ကားပါရင်ရတယ်ဆိုတဲ့ မိန်းမတွေပါ"

"ဟာ ... မင်းစကားကြီးက ရင့်သီးလွန်းတယ်ကွာ"

"ဟုတ်တယ်လေ၊ အခုပဲ မင်းကို ရှင်းထုတ်ပစ်လိုက် တာ ဒီသဘောပဲပေါ့ကွာ၊ မင်း သရုပ်ရိုးမြင့်တုန်းကဆက်ဆံ အရဆက်ဆံပုံက ထင်ရှားနေတာပဲ၊ အူကြောင်ကြောင်လုပ် စမ်းပါနဲ့ ခန့်ညား၊ မင်း တော့တစ်ယောက်မဟုတ်ပါဘူး ဘာအချိုး ချိုးတယ်ဆိုတာ သိမှာပါ"

သူ တုံ့ပြန်စကားမရှိနိုင်တာတော့ အမှန်၊ သူ့ဘက် ရိုးသားစွာ ခင်မင်ရင်းနှီးချင်ပေမယ့် သူမ ဆက်ဆံခဲ့တာ ဝက်ပုထင်မြင်ချက်တွေနှင့် ထပ်တူပါပဲ။

ပန်းခြုံတီရဲ့မျက်ဝန်းတွေထဲက လျှောင်မိုစ်တွေကို မြင်ခဲ့ရတာ မမေ့နိုင်။ ပြီးတော့ သူမရဲ့ ပြတ်သားခါးသီးသော စကားတွေ။

"ခန့်ညား ... မင်း ဘာမှခံစားမနေနဲ့ ... မေ့





ပစ်လိုက် ကွာ"

"ငါ သူ့ကိုမေ့လို့မရတာ သေချာတယ်ဝက်ပု"

"သေလိုက်စမ်း။ ကိုယ့်ကို ဒီလောက်အထင်သေးနှိပ်ကွပ် လိုက်တဲ့မိန်းမကိုမှ မင်း ဒူးထောက်မလို့လား။ တကယ်ဆိုရင် မင်းငြင်းပယ်ခဲ့တဲ့ နေရီရီတို့ ဟန်နီတို့ကမှ သူ့ထက်သာဦးမယ်"

"ငါ့ဘဝတစ်ခုလုံးလက်တွဲရမယ့်သူက ငါမြတ်နိုးချစ်တဲ့ သူဖြစ်ချင်တယ်"

"ဒါဆို ဘာမှတွေးမနေနဲ့၊ အချိန်တန်ရင် မင်းကြိုလာ တယ်။ ဖခု မင်းဖြစ်နေတာက အတွေ့အကြုံမရှိတဲ့လူပျိုပေါက် ေလး စိတ်လှုပ်ရှားနေတာမျိုးကွ"

"အေး ... အဲဒါ သူ့ကို ငါ တကယ်မြတ်နိုးချစ်လို့ဆိုရင် မင်း ငြင်းမလား"

သူ့စကားကြောင့် ဝက်ပုမျက်နှာကြီး ရှုံ့ကာမဲ့တယ်။

"ငါ တကယ်ခံစားနေရတာဝက်ပု၊ ငါ့အာရုံထဲမှာ သူပဲ ရှိတယ်၊ ငါသူ့မျက်နှာလေးကိုပဲ မြင်နေတယ်"

"မင်း ရည်းစားတွေအားတုန်းကခံစားချက်မျိုး ထားစမ်း ခန့်ညားရာ၊ မိန်းမဆိုတာ အတူတူပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပေမယ့် မတူဘူးဝက်ပု"

"ဟော့ကောင် ... ငါခေါင်းမူးအောင် မလုပ်နဲ့ကွာ"

"အမှန်ပြောတာပါကွာ ... အချစ်ဆိုတာ ပဌလက်ဆော လွှမ်းတယ်ဆိုတာ ငါယုံသွားပြီ၊ ပန်းမြူတီဆိုတာ ငါ့နှလုံးသား ပထမဆုံး ချစ်မိတဲ့သူပဲ"

"ဦးနှောက်နဲ့စဉ်းစားဦး ခန့်ညား။ သူက မင်းကိုလက် ဘူး။ တစ်ခုတော့ရှိတယ် ... မင်းမှာ သူ့ကို နေ့တိုင်း သရုပ်ဆေ ဆုပန်းကုံးတွေ ချီးမြှင့်နိုင်သရွေ့တော့ သူ ကြည်ဖြူပြုံးနေမှာ ဒါပေမဲ့ အဲဒါသူ့ရဲ့အလုပ်နော် ... ရင်ထဲက ပါလို့တော့ မ မထင်နဲ့"

ဝက်ပုစကားက သူ့ရင်ထဲအထိ နင့်နင့်သီးသီးတိုးဝင် တာအမှန်ပဲ။ ပန်းမြူတီရင်ထဲမှာ တကယ်ပဲ နှလုံးသားမရှိခဲ့ လား။

ငွေကြေးခနတွေနဲ့ ဖုံးလွှမ်းနေခဲ့သလား။

ဘာပဲဖြစ်ဖြစ် ... သူ့ရင်ထဲမှာတော့ ပန်းမြူတီကို နေတာတော့ အသေအချာ။ သိပ်ကိုသေချာပါတယ် ပန်းမြူ

မင်းကို ကိုယ့်နှလုံးသားက ချစ်ခြင်းတစ်ခုနဲ့ပဲ ပိုင်





ချင်ခဲ့တာပါ။

"ဟော့ကောင် ... ဒါက ဘယ်လဲ"

"ငါ နတ်သမီး သွားမလို့"

ဝက်ပု သူ့ကိုစိတ်ပျက်သလိုကြည့်တယ်။ သူ့မြေရှင်း ချက်တွေနှင့်အတူ ဝက်ပုကိုရှင်းပြမနေချင်တော့ပါ။

ပန်းမြူတီဆိုသောမိန်းမတစ်ယောက် ဘာတွေပဲဖြစ်နေ ပါစေ။

သူ့ချစ်ခြင်းက ပျောက်ကွယ်သွားစရာမရှိ။

ဒါ မိုက်မဲရူးသွပ်မှုတစ်ခုလို့ ဆိုချင်ဆိုတော့။ အခုချိန်မှာ တော့ အချစ်ကို သူ ရူးသွပ်စွာပဲ ပွေ့ပိုက်ထားချင်မိရဲ့။

ပန်းမြူတီရယ် ...

မင်းဟာ ကိုယ့်နှလုံးသားမှာ ပထမဆုံး ပွင့်ဖူးတဲ့ ပန်း လေးတစ်ပွင့်ပါပဲ။

* * *

www.burmeseclassic.com

## အခန်း | ၁၅ |

❑

❑ "မြူ ... တေဘယ်လ်နိုင်းမှာ ဟိုပုဂ္ဂိုလ်ရောက်နေတယ်"

မဥ္ဇူက သူမအလှည့်ပြီး၍ စင်ပေါ်ကဆင်းလာချိန်မှာ မြူ့အနား ရောက်လာကာ တီးတိုးပြောတယ်။ မြူ ဘာမှမတုံ့ပြန်လိုက်နိုင်ဘဲ ကိုယ့်အလှည့်ရောက်နေပြီမို့ စင်ပေါ်ကိုလှမ်းတက်ခဲ့တယ်။





"မင်္ဂလာပါရှင် ..."

အပြုံးတုလေးနှင့် ဦးညွှတ်နှုတ်ဆက်ရင်း မြူ့မျက်ဝန်းများက မဥ္ဇူပြောခဲ့တဲ့ တေဘယ်လ်နိုင်းကို ဝေ့ဝဲကြည့်လိုက်မိတယ်။

မြူ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသောသူ၊ ...မှာ ဒီနေတော့ အဖော်မပါရှာပါ။ သူတစ်ယောက်တည်း ...ဝိုင်းတည်းမှာ ထိုင်နေလေရဲ့။

မြူ့နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးရင်း ပထမသီချင်း ...ပုဒ်ကို ဖျော်ဖြေလိုက်မိတယ်။

သီချင်းတစ်ပုဒ်ဆိုပြီးတိုင်း စင်ပေါ်တက် ဆုပန်းကုံးချီး...ကြသူတွေထဲမှာ သူ မပါဝင်ခဲ့ပါ။ စားပွဲဝိုင်းက ငေးငေးလေးပဲ ...ကြည့်နေတာကို မြူ သတိထားမိတယ်။

ကြည့်ရတာ မြူ့ကို ဆုချီးမြှင့်ဖို့အတွက် သူ့မှာ ငွေကြေး...င်အားချို့တဲ့နေတာ ထင်ပါရဲ့။

မြူ နောက်ဆုံးသီချင်းလေး သီဆိုအပြီးမှာ စင်ပေါ်ကို ...တက်လာသူက ဦးအောင်သိုက်ဖြစ်နေတယ်။

ရွှေသရဖူလေးကို မြူ့ဦးခေါင်းပေါ်မှာဆောင်းပေးတဲ့ ဦး...

www.burmeseclassic.com



အောင်သိုက်ကို မြူအလိုက်သင့်ပြုံးရင်း ...

"ကျေးဇူးတင်ပါတယ် ဦးအောင်"

"မြူတီအလှည့် ပြီးပြီလား"

"ဟုတ်တယ် ...ဒီနေ့ မြူစောစောပြန်ခွင့်ရတယ် နောက်တစ်လှည့်ဝင်စရာ မလိုတော့ဘူးလေ"

"ဒါဆိုရင် မြူကို ကိုယ်ပြန်ပို့ပေးပါရစေ ...မြ မြူတီ"

နှစ်ကိုယ်ကြားတောင်းဆိုနေသော ဦးအောင်သိုက်မျ နှာကို မြူကြည့်လိုက်တော့ ယမကာအရှိန်နဲ့ နီမြန်းနေတယ် မျက်လုံးတွေက မြူတစ်ကိုယ်လုံးကို ခြုံလွှမ်းမတတ်ပါပဲ။

"ကိုယ်သိထားတယ် ...ဒီလိုရက်မျိုးကျရင် ဆိုင် ဖယ်ရီကားနဲ့ မြူတီလေး မပြန်ဘူး၊ ကိုယ့်ကိုခွင့်ပြုနော်"

ရွှေသရဖူတစ်ခုအတွက် တောင်းဆိုလာတဲ့ အခွင့်အ ဟု မြူနားလည်လိုက်ပါတယ်။ ညတိုင်းလိုလို ရွှေဥတစ်လုံး ဥ နေတဲ့ ငန်းအိုကြီးကို မြူ ပါးနပ်စွာ ကိုင်တွယ်တတ်ရမှာ

"ကောင်းပြီလေ ...မြူလက်ခံပါတယ်"

ကြည်နူးစွာတောက်ပသော မျက်လုံးအစုံက တောင့်တ





တစ်ခုအတွက် ကျေနပ်သွားတာထင်ရဲ့။ မြူ နွေးနွေးလေးပြုံးရင်း စင်ပေါ်ကလှမ်းဆင်းခဲ့တယ်။

"မြူ ...ပြန်နှင့်မှာမို့လား"

စင်အောက်ရောက်တော့ မဥ္ဇူက မေးတယ်။ မြူ ခေါင်း ကလေးညိတ်ပြရင်း ...

"ပြန်နှင့်မယ်လေ၊ မဥ္ဇူပြန်လာတဲ့အချိန်ကို ဝရန်တာက စောင့်ကြည့်နေမှာပါ၊ မြူမအိပ်ပါဘူး"

"မဟုတ်ဘူး ...မဥ္ဇူကိုမစောင့်နဲ့တော့၊ ဒီည ကေသီ တို့နဲ့ လိုက်အိပ်မလို့ မပြန်တော့ဘူး"

မြူမယုံသလို မျက်မှောင်ကုတ်အကဲခတ်ကြည့်နေတော့ မဥ္ဇူမျက်ဝန်းတွေက ရင်မဆိုင် ရှောင်လွှဲရင်း ...

"ဒီည ...မြူတစ်ယောက်တည်း စိတ်ချလက်ချအိပ် နော်၊ မဥ္ဇူကို စောင့်မနေတော့နဲ့"

မြူ ပင့်သက်ရှိုက်ရင်း ခေါင်းညိတ်ပြလိုက်တယ်။ မဥ္ဇူ လိမ်ညာနေတယ်ဆိုတာ သိပေမယ့် ...မြူမှာ ပြောခွင့်မှမရှိခဲ့ တာပဲ။

ဆိုင်ထဲမှာ ဦးဇော်နိုင်ရှိနေဆဲဆိုတာ မြူနားလည်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြူ နိုက်မဲနေခဲ့ပြီလား။

အဝတ်အစားတွေထည့်ထားသော ကျောပိုးအိတ်လေး ကို ကောက်လွယ်ကာ မြူ ဆိုင်နောက်ဘက်က ထွက်ခဲ့တော့ ဦးအောင်သိုက်ကားကြီးက ပါကင်မှာအသင့်။

မြူမျက်ဝန်းတွေက ဆိုင်ထဲမှထွက်လာသော သူ့ကိုလှမ်း မြင်လိုက်ရတယ်။ ရယ်စရာကောင်းတဲ့လူ မျက်ဝန်းညိုတွေနဲ့ မြူကို ငေးစိုက်ကြည့်နေတယ်။

ဦးအောင်သိုက်ရဲ့ ပါရာဒိုကားကြီးက မြူရှေ့မှာ ငြိမ့်ခနဲ ထိုးဆိုက်လာတယ်။

ရှေ့ခန်းတံခါးကို ဦးအောင်သိုက် လှမ်းဖွင့်ပေးရင်း …

"တက်ပါမြူတီ … ဒီည မင်းလေးရဲ့ဒရိုင်ဘာ ဖြစ်ခွင့်ရ တာကို ကိုယ်ကျေနပ်တယ်ကွ"

မြူ ယဲ့ယဲ့ကလေးပြုံးရင်း လှမ်းတက်လိုက်ပါတယ်။ ကားကြီးငြိမ့်ခနဲမောင်းထွက်ခဲ့တော့ နောက်ကြည့်မှန်ထဲမှ ကျောက်ရုပ်တစ်ရုပ်လို ရပ်ကျန်ရစ်ခဲ့တဲ့ သူ့ကို မြူ လှမ်းမြင်လိုက် ရတယ်။

နေရစ်ခဲ့ပေတော့ ကိုလူချော။ အကောင်းဆုံးက ရှင့်ခြေ





သုံ့တွေ ဒီဆိုင်ကို ဘယ်တော့မှ ပြန်ရောက်မလာသင့်ဘူး။

"မြူတီ … အချိန်ရမယ်ဆိုရင် ကိုယ်တို့ ရက်စတော ရင့်တစ်ခုကို ဝင်ကြရအောင်"

"ဘာလုပ်မလို့လဲ ဦးအောင် … အခုပဲ ဦးအောင် ဆိုင် ထဲကထွက်လာတာလေ"

"မင်းလေးကို တစ်ခုခုကျွေးချင်လို့၊ စကားတွေပြော ချင်လို့"

"ဟင့်အင်း … မြူ ဆိုင်က စားလာပြီးပြီ၊ ညနေစာ ကို ဆိုင်ကကျွေးတာ နေ့စဉ်လေ … မြူ မစားနိုင်တော့ဘူး"

"မစားနိုင်လည်း တစ်ခုခုသောက်ပေါ့ … ကိုယ်လည်း ညီးနည်းထပ်သောက်ချင်သေးတယ်"

"မြူ ဘာမှမသောက်ချင်လို့ပါ … ကျေးဇူးတင်ပါ တယ်"

"ကိုယ့်ဆန္ဒကို ဒီလောက်လေးတောင် မလိုက်လျောနိုင် ဘူးလားကွာ"

"ဦးအောင် ဆန္ဒသိပ်ပြင်းနေရင် မြူကို လမ်းမှာပဲထား ခဲ့ … မြူ တက္ကစီနဲ့ ပြန်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မဟုတ်တာ၊ ကိုယ်က ဒီညမှာ မြူ့ရဲ့ဒရိုင်ဘာလုပ်ခွင့် တောင်းဆိုထားတယ်လေ ... အိမ်အရောက်ပို့ပေးမှာပေါ့ကွာ"

"ဟုတ်ပြီ ... ဒါဆိုရင် ဘေးမသီရန်မခ မောင်းပေ ... မြူ အနားယူချင်နေပြီ"

"အိုကေ ... မြူ့ဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်ကွာ"

မြူပါးနပ်စွာ ရှောင်တိမ်းနေတော့ ဦးအောင်သိုက် မငြင်းနိုင်ဘဲ ကားကို ဆက်မောင်းနေခဲ့တယ်။ မျက်ဝန်းအစုံက နောက်ကြည့်မှန်ထဲကနေ မြူကို ကြည့်နေမှန်းသိပေမယ့် မြူမသိကျိုးကျွံပြုနေလိုက်သည်။

"မြူ ... မင်းလေးနဲ့ကိုယ် သီးသန့်ဆုံတွေ့ခွင့် ရနိုင်လား ဟင်"

"ဆောရီးပဲ ဦးအောင် ... မြူ ဘယ်ယောကျ်ားလေးနဲ့မှ နှစ်ယောက်တည်း မသွားတတ်လို့ပါ"

"မင်းလေးအကြောင်းတွေ ကိုယ်သိပါတယ်မြူတို့လေ ရယ်၊ မင်းဘဝလေးကို ကိုယ်သနားတယ်၊ စာနာမိတယ် ... တကယ်ပါ၊ ကိုယ်ကူညီမယ်ဆိုရင် မင်းလေးလက်ခံမလား ဟင်"





စကားလုံးတွေ၏ ဦးတည်ရာကို မြူသိနေပါတယ်။

ဒါပဲလေ .. နောက်ဆုံးတော့ သူတို့ဆန္ဒတွေရဲ့ လောင်းရိပ်အောက်ကို ဖြားယောင်းသိမ်းသွင်းတတ်တာ ယောကျ်ားတွေရဲ့အကျင့်စရိုက်ပါပဲ။

"မြူအတွက် ဘာအကူအညီမှ မလိုပါဘူး။ မြူ အဆင်ပြေပါတယ်"

"မဟုတ်ဘူးလေကွာ ... မင်းတစ်ဘဝလုံး အေးချမ်းပြည့်စုံစေရမယ် ... ကိုယ်တာဝန်ယူတယ်"

မြူ သဘောကျစွာ ပြုံးလိုက်မိရဲ့ ...။ ရမ္မက်ရဲ့ရောင်ဆည်တွေ ဖြာဝေနေတဲ့ ဦးအောင်သိုက်မျက်နှာကို မြူ ရှုးရှူးနှစ်နှစ်လေး စိုက်ကြည့်ပစ်လိုက်တယ်။

"ကိုယ့်ကိုယုံပါ ... မင်းလေးတစ်ဘဝလုံးအတွက် ကိုယ် တာဝန်ယူတယ်"

"ကောင်းပြီ ဦးအောင် ... လက်ရှိဦးအောင်ရဲ့ဇနီးကို ဘာရားဝင်ကွာရှင်းလိုက်လေ ... ဒါဆိုရင် မြူစဉ်းစားမယ် ... ဘယ်လိုလဲ"

"ဟို ... အဲ ... ဒါ ... ဒါတော့ မဖြစ်ဘူးထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုလေ … ကိုယ်ဆိုလိုတာက သူမှာ အပြစ်တစ်ခုမရှိဘဲ ကိုယ့် ဘက်က ဒီလိုကွာရှင်းရင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကိုယ့် ကို ဝေဖန်ကဲ့ရဲ့ကြမှာ … ဒါ … ဒါကြောင့်ပါကွာ''

''မြူက ရှင့်ရဲ့အဖော်အဖြစ် ဝေဖန်ကဲ့ရဲ့စကားတွေ မသိကျိုးကျွံပြုနေပေးရမှာတဲ့လား ဦးအောင် … ရှင်စဉ်းစား ကြည့်ပါဦး''

''ဟို … အဲ … ဒီ … ဒီသဘောမဟုတ်ပါဘူး''

''တော်ပါတော့ ဦးအောင် … အပြစ် ဘာမှမရှိ မိန်းမတစ်ယောက်ကို ရှင်ကကော ဘာကြောင့်စွန့်ပစ် သွား ချင်နေရတာလဲ''

''ကိုယ်တို့အိမ်ထောင်ရေး အဆင်မပြေဘူး … ဒါ ကို မင်းလေးသိအောင်ပြောပြတာပါ … မိဘသဘောတူ လက်ထပ်ခဲ့ကြပေမယ့် ရင်ခုန်စရာမရှိခဲ့ပါဘူး''

''အဟင်း … ဒါကြောင့် ဒီအသက်အရွယ်အထိ ရှင့် ပေါင်းသင်းလာတာပေါ့နော် … အဟင်း ဟင်း''

''မလှောင်ပါနဲ့ ကလေးရယ် … ကိုယ် တကယ်ပြော တာပါ၊ အိမ်ထောင်သက် ဆယ်နှစ်ကျော်အထိ ကိုယ်တို့စိတ်





ကိုယ်တူ မရှိခဲ့ကြဘူး။ ခုချိန်ထိ ကိုယ် ဆက်သည်းမခံနိုင်တော့ ဘူးလေ''

မြူ ဟားတိုက်ရယ်ပစ်လိုက်ချင်ရဲ့ …။ ဦးအောင်သိုက် ဆိုတဲ့ ယောက်ျားဟာ ငွေကြေးချမ်းသာမှုကို တစ်မက်ပြီး ကလေး နှစ်ယောက်အမေ မုဆိုးမကို ကောက်ယူခဲ့မှန်း မြူသိထားခဲ့တာပဲ လေ။

ဘာမှမရှိတဲ့ တစ်ကောင်ကြွက် မွဲဘဝက ကုမ္ပဏီပိုင် ရှင်တစ်ယောက်ဘဝကို ရအောင်ဖန်တီးခဲ့သူတစ်ယောက်ဆိုတာ မြူ သိထားပြီးသား။ အလကား … သစ္စာမရှိတဲ့ ယောက်ျား … ဘယ်လောက်ရွံရှာစရာကောင်းလိုက်သလဲ။

''ကိုယ့်အနာဂတ်မှာ မြူတီလေးနဲ့ ရှင်သန်ကုန်ဆုံးချင် တယ်ကွာ''

''ဦးအောင် … ဆန္ဒ တကယ်ရှိတယ်ဆိုရင် ရှင့်ဇနီးကို တရားဝင်ကွာရှင်းလိုက်ပါ၊ ဒါဆိုရင် မြူစဉ်းစားမယ်၊ ကဲ … မြူအခန်း ရောက်ပြီ … လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် ဦးအောင်''

''နေ … နေပါဦးမြူတီလေးရယ် … ကိုယ့်ပြောတဲ့ကိစ္



www.burmeseclassic.com

www.burmeseclassic.com



အတွက် ...''

''မြို့ဘက်က ယတိပြတ်ပြောပြီးပြီပဲ ... ဦးအောင်

'စဉ်းစားဆုံးဖြတ်ပေါ့ရှင်၊ ကဲ ... ဝွတ်နိုက်ဦးအောင်''

ပင့်သက်မောကြီးရှိုက်ကာ မချင့်မရဲ ကျန်ရစ်ခဲ့တဲ့ ဦး

အောင်သိုက်ကို မြို့ အပြုံးလေးနဲ့ပဲ ကျောခိုင်းခဲ့တယ်။

မြို့အာရုံထဲမှာတော့ အတိတ်ကအရိပ်ဆိုးကြီးက တိုး

ဝင်လာတယ်။

ဦးအောင်စိုး ...။

မေမေ့ဘဝကို သိမ်းပိုက်ရုံမက မြို့ဘဝကိုပါ သိမ်းပိုက်

ဖို့ကြိုးစားချင်တဲ့ လူယုတ်မာကြီး။ လောကကြီးထဲမှာ မရှိတော့ပါ

ဘူး။

ဒါပေမဲ့ ရွံရှာစရာကောင်းတဲ့ယောက်ျားတွေက လော

ကကြီးထဲမှာ ကျန်နေတုန်းပါပဲလား။

မြို့ အံကိုတင်းတင်းကြိတ်ရင်း အခန်းတံခါးကို သော့

ဝင်လိုက်တယ်။ ဆိုဖာထိုင်ခုံမှာ စိတ်ကိုလျှော့ကာ ထိုင်ချလိုက်

တဲ့တိုင် ရင်ထဲက နာကြည်းဒေါသတွေက မပြေနိုင်သေးဘူး

ဖြစ်နိုင်ရင် ကမ္ဘာလောကကြီးထဲမှာ ရှိသမျှယောက်ျားတွေ





အကုန်လုံးကို မြို့သတ်ပစ်လိုက်ချင်တာ။

သေချာပါတယ် ဦးအောင်သိုက်။ အဲဒီယောက်ျားတွေ

ထဲမှာ ရှင်လည်းပါဝင်နေမှာပါ။

ရှင်ဘယ်လောက်အထိ သစ္စာမဲ့ရက်စက်တတ်သလဲ မြို့

စောင့်ကြည့်နေဦးမှာပါ။

အဲဒီ အချိန်ကျရင်တော့ ...။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၅ |

❑

❑ သူ့ရင်ထဲမှာ တုန့်နှံ့နာကျင်ခံစားရတဲ့ ဝေဒနာက ခံ
လှတာ အမှန်ပဲ။ ဝက်ပုစကားတွေ မှန်နေခဲ့ပြီထင်ရဲ့။

သူ့မျက်စိရှေ့မှောက်မှာ မြင်လိုက်ရတဲ့ မြင်ကွင်း
ဘယ်လောက်ဆိုးရွားလိုက်ပါသလဲ။ ပန်းမြူတီကို ခေါ်ဆော
သွားတဲ့ ပရာဒိုကားကြီးနဲ့ ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ပန်းမြူတီ
ရွှေသရဖူတက်ချီးမြှင့်နေတာကိုလည်း သူမြင်ခဲ့ရတယ်။





သူရပ်ကြည့်နေတာကို အထင်သေးရှုတ်ချတဲ့ အကြည့်တွေနဲ့ ပန်းမြူတီကြည့်သွားခဲ့တဲ့ မျက်ဝန်းတွေကလည်း ရင်ထဲမှာ မမေ့နိုင်သေးဘူး။

ဒါပေမဲ့ ပန်းမြူတီကို သူ မုန်းလို့မရတာ သေချာပါတယ်။

ရင်ထဲမှာ နာကျင်ခံစားရတာ ပန်းမြူတီရဲ့ဘဝလေးကို သူ မကယ်တင်နိုင်ခဲ့တာကြောင့်ပါပဲ၊ ဘဝတစ်ခု ရှင်သန်ရပ်တည်နိုင်မှုအတွက် ပန်းမြူတီရုန်းကန်နေရတဲ့ အခြေအနေကို သူ စာနာသနားမိတယ်။

စင်ပေါ်မှာ သီချင်းတွေနဲ့ မူးယစ်နေတဲ့ယောက်ျားတွေကို ဖျော်ဖြေရှင်သန်နေရတဲ့ဘဝဆိုတာ ဘယ်လောက်အန္တရာယ်များတဲ့ ရှင်သန်မှုလဲလို့ သူတွေးကြည့်မိ၏။ ပန်းမြူတီကိုယ်တိုင်လည်း ဒီလိုဘဝကြီးကို မတွယ်မက်မှာတော့ သေချာပါတယ်။

ဘဝရှင်သန်ရပ်တည်မှုတစ်ခုအတွက် ပန်းမြူတီ အလုပ်လုပ်နေရပေမယ့် မပျော်နိုင်ဘူးဆိုတာတော့ သူယုံကြည်မိတယ်။

ဒါပေမဲ့ ဒီဘဝထဲက ပန်းမြူတီကို သူဆွဲထုတ်နိုင်ဖို့ဆိုတာလည်း . . .။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက ပန်းဖြူတီတောင့်တသမျှ မဖြည့်ဆည်းနိုင်တဲ့ အခြေအနေ။

အတွေးတွေနဲ့ သူ စိတ်ညစ်ညူးနေတုန်းမှာပဲ တံခါးဝက လူခေါ်ဘဲလ်သံက မြည်လာတယ်။

ဝက်ပုပဲ ထင်ပါတယ်။ ဒီအချိန်မျိုးမှာ ဝက်ပုရောက်လာတာ သူ့အတွက်ကံကောင်းတာပဲ။ သူနဲ့ပန်းဖြူတီကိစ္စကို ဝက်ပု မကြည်ဖြူပေမယ့် သူ့ခံစားချက်တွေကိုတော့ ဝက်ပု ခံစားနားလည်ပေးနိုင်တဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်ပါတယ်။

တံခါးကိုဆွဲဖွင့်လိုက်တော့မှ သူ အတော်ပဲစိတ်ဓာတ်ကျသွားခဲ့ရပါတယ်။ ရူးရူးရှုရှုတိုးဝင်လာတဲ့ ရေမွှေးရနံ့က သူ့နှာဝထဲ တိုးဝင်လာသလို ရောင်စုံကာလာမျက်နှာကြီးနဲ့ ဒေါ်နန်းသူဇာစိမ့်မျက်နှာကြီးကို စိတ်ပျက်စရာကောင်းလောက်အောင် မြင်လိုက်ရတယ်။

"အဟင်း . . လူကို ဘာငေးကြည့်နေတာလဲ ခန့်လေးရဲ့ တို့ရောက်မလာတာ ကြာသွားလို့ မမှတ်မိတော့တာလားဟင်"

"ဗျာ . . . အဲ . . . မဟုတ်ပါဘူး မမရဲ့ . . . ဝင်လေ"

အရေးထဲမှာ တကာယ်ကို တစ်ချောင့်ပါပဲ။ ပုံဆိုးပန်းဆိုး





ခန္ဓာကိုယ်ကြီးကို လိမ့်ပြီး မမစိမ့်ညည့်ခန်းထဲရောက်လာတယ်။ မျက်လုံးတွေက သူ့ကိုမျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေရင်း မမစိမ့်လက်ထဲက ကြွပ်ကြွပ်အိတ်ထုပ်ကို လှမ်းပေးတယ်။

"ရော့ . . . ခန်းလေး စားစေချင်လို့ တို့ ဒံပေါက်ဝင်ဝယ်လာတာ . . အဟင်း . . အသည်းအမြစ်နဲ့လေ၊ တို့လည်း စားသောက်ပြီးမှ ပြန်မှာ . . . နှစ်ယောက်စားဖို့ ဝယ်လာတာ"

သူ တော်တော်ပဲ စိတ်ညစ်သွားရတယ်။ မျှော်နေမိတာက ဝက်ပု။ ရောက်လာတာက အပျိုကြီးမမ ဖြစ်နေတယ်။

"ဘာဖြစ်နေတာလဲ ခန့်လေးရဲ့ . . . နေမကောင်းဘူးလား ဟင်"

"ဟုတ် . . . ဟုတ်တယ်မမ၊ ကျွန်တော် ခေါင်းတွေကိုက်နေလို့"

"ဟင် . . . ဟုတ်လား . . . ဘာဖြစ်တာလဲ ခန့်လေးဘာဆေးသောက်ထားသလဲ . . . ဆေးခန်းမပြဘူးလား . . . ခန်း"

ထိုင်ခုံက သုတ်ခနဲထရပ်ပြီး မမစိမ့် သူ့နဖူးကို လက်နဲ့ စမ်းတော့ သူ တွန့်ခနဲဖြစ်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အသားတွေတော့ မပူပါဘူး။ ကြည့်စမ်း … ခန့်လေး မျက်နှာလေး အတော်ချောင်ကျသွားတာပဲ"

"ဟို … ဟို … ရ … ရပါတယ်မမစိမ်း … အရမ်း များတာကြီး မဟုတ်ပါဘူး"

မွန်ထူနေတဲ့ ရေမွှေးရနံ့တွေကြောင့် သူ ပိုပြီးတော့ ခေါင်း ခေါင်းတွေမူးနောက်လာချင်တယ်။ မိတ်ကပ်တွေနဲ့ ဖြ ဖွေးနေတဲ့ မျက်နှာကြီးက သူ့မျက်နှာကို ထိကပ်လုမတတ်ဖြစ်နေ တာကလည်း စိတ်ဆင်းရဲစရာပါ။

ရဲရဲနီနေတဲ့ ဆိုးဆေးနှုတ်ခမ်းထူထူကြီးကိုလည်း ရ နောက်လှန်ရှောင်တိမ်းနေရတယ်။

"အို … ခန့်လေးကလည်း ဘာဖြစ်နေတာလဲ … မ က စိုးရိမ်လို့ပါကွယ်"

"ဟို … အဲ … ခေါင်းနည်းနည်းမူးလာလို့ မမ အ … အောင်း"

မချိုမချဉ်မျက်နှာပေးကြီးနဲ့ ပွတ်သီးပွတ်သပ်လာလုပ် နေတာတော့ သူ မခံနိုင်တော့ဘူး။ အမြန်ရှောင်တိမ်းပြီး ဆိုဖာ မှာ ဝင်ထိုင်လိုက်ရတယ်။





နားထင်နှစ်ဖက်ကိုလည်း လက်မနဲ့ဖိကိုင်ပြီး သဏ္ဌာန် သုပ်သရုပ်ဆောင်ပြလိုက်ရတယ်။

"ဟင် … ခန့်လေး သိပ်မူးနေလားဟင်"

"ရတယ်မမ … ဆေးတစ်ခွက်လောက် သောက်လိုက် ရင် သက်သာသွားမှာပါ"

"ဟုတ်လား … ဒါဆို နေဦး။ ခဏလေးစောင့် … မ သွားဝယ်ပေးမှာပေါ့ ခန့်လေးရယ် … ခဏလေးနော်"

ဝိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကို မနိုင်မနင်းသယ်ဆောင်လို့ ခေါ်သူ့ဧစိမ့်အခန်းထဲက ခပ်သုတ်သုတ်ထွက်ခွာသွားခဲ့တယ်။ သူ ပင့်သက်မောကိုရှိုက်ရင်း အကြံထုတ်ရတယ်။

ဒီပုံအတိုင်းဆို ဒီအမျိုးသမီးကြီး ခတော်တော်နှင့်ပြန်မည် မဟုတ်တာ သေချာနေပါတယ်။

မဖြစ်ဘူး။

သူ ကပျာကသီ အခန်းထဲပြေးဝင်ပြီး ရှပ်အကျီကို ကောက်ယူဝတ်လိုက်တယ်။

အခန်းထဲက ကပျာကသီထွက်၊ သော့ပိတ်ပြီးတော့ ဘူကားထစ်တွေအတိုင်း သူပြေးဆင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ် ဆေးဆိုင်လေးက ဒေါ်နန်းသူဇာစိမ့်

ရောက်လာလျှင် ဘာပြောမည် မသိ။

သူကတော့ ဝက်ပုတို့အိမ်ကလေးဆီသို့သာ သုတ်

တင်ပြေးထွက်ခဲ့မိတော့၏။

* * *

အန် | သံ |

❑

❑ မဥ္စူ ရင်ခုန်သံတွေ တဒိတ်ဒိတ်တိုးနေခဲ့ပါတယ်။

ဘဝမှာ ဒါ ပထမဆုံးအတွေ့အကြုံမို့လည်း ရင်တွေ ဖိုနေခဲ့မိတယ်။ နတ်သမီးစားသောက်ဆိုင်မှာ မဥ္စူ အလုပ်လုပ်ခဲ့တာ ငါးနှစ်ကျော်ခဲ့ပါပြီ။

ဘယ်ယောက်ျားနဲ့မှ မပတ်သက် မရှုပ်ထွေးအောင် မဥ္စူ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေထိုင်ခဲ့တာချည်းပါပဲ။ ဆိုင်မှာ

ထမ်းရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



လာစားသောက်ကြတဲ့ ယောက်ျားတွေ မူးမူးရူးရူးနဲ့ ရိသဲ့သဲ့ပြော ကြဆိုကြတာကိုလည်း မဥ္စူ ပါးနပ်စွာရှောင်တိမ်းခဲ့တာပါ။

အခုကျမှ မဥ္စူစိတ်တွေ ယိုင်နဲ့သွားခဲ့ရတော့တာပါပဲ။

ဦးဇော်နိုင်ကို မဥ္စူစတင်သိကျွမ်းခဲ့တာ မဥ္စူသီချင်းဆို ဖျော်ဖြေတိုင်း ဆုပန်းကုံးတွေ၊ သရဖူတွေပုံမှန်တက်ပြီး ချီးမြှင့် ပေးနေတဲ့ သူဌေးတစ်ယောက်အဖြစ်ပါ။

နောက်ပိုင်းမှာတော့ ဦးဇော်နဲ့မဥ္စူနှစ်ယောက်တည်း အတူထိုင်ပြီး ရင်းနှီးစွာစကားပြောဖြစ်ပါတယ်။ ဦးဇော်မှာ အဖော် မပါလို့ မဥ္စူ အတူဝင်ထိုင်ပေးတဲ့တစ်ရက်မှာ တစ်ယောက်နဲ့ တစ်ယောက် ပိုမိုရင်းနှီးခဲ့ကြရတယ်။

ဦးဇော်က ကုမ္ပဏီပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်တစ် ယောက်။ သားနှစ်ယောက်နဲ့ သမီးတစ်ယောက် ရှိတယ်။ အကြီး ဆုံးသားက အသက်နှစ်ဆယ့်သုံးနှစ် အငယ်ဆုံးသမီးက ဆယ့်ကိုး နှစ်ဆိုတော့ အရွယ်ရောက်နေကြပြီလို့ ဆိုနိုင်ပါတယ်။

ဦးဇော်ရဲ့ဇနီးက ကိုယ်ပိုင်စီးပွားရေးအဖြစ် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း လုပ်တယ်။

ဒါတွေက ဦးဇော်နဲ့ကျွမ်းဝင်ရင်းနှီးလာပြီး နောက်ပိုင်း





မှာ မဥ္စူသိခဲ့ရတာပါ။ မဥ္စူအကြောင်းတွေကိုလည်း ဦးဇော်က မေးတယ်။

"မဥ္စူဖေဖေ မဥ္စူတို့ငယ်ငယ်က တိမ်းပါးသွားတာပါ။ အခု နယ်ကအိမ်လေးမှာ မေမေနဲ့ မောင်လေး၊ ညီမလေးတို့ပဲ ကျန်ခဲ့တယ်၊ မေမေ့ကျန်းမာရေးက သိပ်မကောင်းဘူး။ မောင် လေးနဲ့ ညီမလေးပညာရေးကလည်း ရှိသေးတယ်၊ ဒါကြောင့် မဥ္စူ ဒီမှာ လာအလုပ်လုပ်နေရတာပါ ဦးဇော်"

"အင်း ...ကလေးဘဝလေးကို ဦးဇော် နားလည် တနာပါတယ်ကွာ၊ တကယ်လိမ္မာတဲ့ ကလေးပဲ။ ဦးဇော် ကလေး ကို ကူညီချင်ပါတယ် ... အကူအညီလိုရင် ပြောနော် ကလေး"

မျှော်ကိုင်းမျက်မှန်ထဲက ဦးဇော်မျက်ဝန်းတွေက မဥ္စူအ ပေါ် တနာနားလည်စိတ်တွေနဲ့ သိမ်မွေ့နူးညံ့နေခဲ့တယ်လို့ မဥ္စူ ထင်မြင်ခဲ့ရတယ်။

တကယ်လည်း ဦးဇော်က မဥ္စူရဲ့ အခက်အခဲဒုက္ခတွေ ကို ကူညီခဲ့ပါတယ်။ မေမေ့အတွက် ဆေးဖိုးဝါးခတွေ၊ ပြီးတော့ မဥ္စူအတွက် အဝတ်အစားအသုံးအဆောင်လေးတွေကအစ ဝယ် ခြမ်းပေးတတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖော်က စေတနာနဲ့ ကူညီတာပါကလေးရယ်၊ မိ သားစုအပေါ် တာဝန်ယူထားရတဲ့ ကလေး၊ အရွယ်နဲ့မမျှအောင် ဝန်ပိနေတဲ့ကလေးကို ဦးဖော် သံယောဇဉ်ကြီးလို့ပါ၊ ကလေးက တကယ်အရည်အချင်းရှိတဲ့ မိန်းမတစ်ယောက်ပဲ"

မဥ္ဇူတို့မိသားစုလေးအကြောင်းကို ပြောပြတိုင်းလည်း ဦးဖော် စိတ်ဝင်တစား နားထောင်ပေးတတ်တယ်။

"အင်း ... ကလေးတို့မိသားစုဘဝလေးက တကယ် ပျော်စရာကောင်းတာပဲ"

"စိတ်ညစ်စရာတွေလည်း အများကြီးပါဦးဖော်ရယ် ... ဦးဖော်တို့မိသားစုလို ပြည့်စုံတဲ့ဘဝမှ မဟုတ်တာ"

"ငွေကြေးပြည့်စုံတိုင်း ပျော်စရာမကောင်းဘူးကလေး ရဲ့၊ ဦးဖော်ဘဝကို စိတ်ချမ်းသာစရာကောင်းတယ် ထင်လို့လား အဟင်း .. မထင်နဲ့ ကလေးရေ ဦးဖော်မိန်းမက သူကိုယ်တိုင် ငွေရှာနိုင်တယ်ဆိုပြီး လက်မ,ထောင်နေတဲ့သူ၊ သားသမီးတွေ ကလည်း ငွေကြေးအရှိန်နဲ့ ထင်ရာစိုင်းနေကြတာ ... ပျော်စရာ မိသားစုဘဝကို ဦးဖော် မပိုင်ဆိုင်ရပါဘူး ကလေးရယ်"

ဦးဖော်ဆီကကြားရတဲ့စကားတွေက ဦးဖော်ဘဝကို မဥ္ဇူ





တနာသနားလာမိတဲ့အထိပါပဲ။

"ဦးဖော်အတွက် စိတ်ချမ်းမြေ့စရာအချိန်လေးက မဥ္ဇူ လေးနဲ့ဆုံတွေ့ပြီး စကားပြောနေရတဲ့အချိန်လေးပဲ၊ အိမ်ပြန် ရောက်ရင် အဲဒါတွေအကုန် ပျောက်ဆုံးသွားပြီလေ၊ ပျော်ရွှင်စရာ ကောင်းတဲ့ မိသားစုဘဝကို ပိုင်ဆိုင်နေရတာ ဘဝအတွက် ခရီးကျနေတာနဲ့ မထူးပါဘူးကလေးရယ်"

ဦးဖော်ထံက ကြားနေရသောစကားတွေအတွက် မဥ္ဇူ ရင်နင့်မဆုံးအောင် ခံစားလာခဲ့ရပါတယ်။

ကြာတော့လည်း ဦးဖော်ကို မဥ္ဇူ အရမ်းသနားလာမိ တယ်။

အသက်အရွယ်ချင်း ကွာခြားမှုတွေ၊ အိမ်ထောင်သည် တစ်ယောက်ဆိုတဲ့အမြင်တွေ မဥ္ဇူအသိအာရုံထဲက ပျောက်ဆုံး သွားခဲ့ရတာ အမှန်ပဲ။

ဦးဖော်နဲ့အတူ စကားလေးတွေပြောနေရတဲ့ အချိန်လေး ကို မဥ္ဇူလည်း သာယာတတ်ခဲ့ပါပြီ။

"ကလေး ... မင်းလေးက ကိုယ့်ဘဝကို အသစ်တစ် ခန် ပြန်ပြီးမွေးဖွားစေခဲ့တဲ့ သူတစ်ယောက်ပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ရဲ့စကားတွေမှာ မညွှ ဘယ်လိုပျော်ဝင်သွားခဲ့မှ မသိလိုက်တာလည်း အမှန်ပါပဲ။

ပန်းမြူတီမသိအောင် ဦးဇော်နဲ့အတူ ဦးဇော်ရဲ့ သီးသ တိုက်ခန်းလေးမှာ မညွှ ရင်ခုန်သံတွေ ရှာဖွေတတ်ခဲ့တာလည်း ဦးဇော်ကိုစာနာစိတ်နဲ့ ဖြစ်တည်လာတဲ့ ချစ်ခြင်းကြောင့်ပါပဲ။

"ကလေး ... ဘာတွေတွေးနေတာလဲ"

"ရှင်"

ဧည့်ခန်းထဲက ထိုင်ခုံလေးမှာ မညွှတစ်ယောက်တည် အတွေးလွင့်နေတုန်း ဦးဇော်အသံကြောင့် ဆတ်ခနဲ တုန်သွား တယ်။

ရေချိုးပြီးထွက်လာတဲ့ ဦးဇော်က ရေသုတ်တဘက် ကို ထည်ကိုပခုံးပေါ်တင်လွှားထားတယ်။ မညွှနံဘေးမှာ ဝင်ထိုင် ရင်း ...

"ရေချိုးလိုက်ပါလား ကလေး ... လန်းဆန်းသွားတာ ပေါ့"

"ဟုတ် ... ဟုတ်ကဲ့ ဦးဇော်"

မညွှ ရေချိုးခန်းဘက်ထွက်ခဲ့တော့ ဦးဇော် ဧည့်ခန်း





တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ ဦးဇော်နဲ့အတူ နှစ်ယောက် တည်း အခန်းထဲမှာ ရှိနေပါလားဆိုတဲ့အသိက မညွှရင်တွေကို တလှုပ်လှုပ်ခံစားနေရစေတယ်။

ရေချိုးခန်းထဲဝင်ပြီး မညွှ ရေချိုးလိုက်မှပဲ စိတ်က လန်း ဆန်းကြည်လင်သွားရတယ်။

ရေချိုးခန်းထဲကထွက်ခဲ့တော့ အိပ်ခန်းထဲမှာ အသုံးအ ဆောင်ပစ္စည်းတွေက အသစ်တွေချည်းပါပဲ။ အလှပြင်မှန်တင် ခုံကလည်း အသစ်၊ ဗီရိုကြီးကလည်း အသစ်။

မညွှ ဗီရိုကြီးကို ဆွဲဖွင့်လိုက်တော့ အဝတ်အစားတွေက ဗီရိုကြီးထဲမှာ အပြည့်ရှိတယ်။ မညွှအံ့သြသွားရတာ အမှန်။

ဒါတွေကို ဦးဇော်ကြိုတင်စီစဉ်ပေးထားခဲ့တာပေါ့။ မယုံ နိုင်စရာကောင်းလိုက်တာ။ မညွှအတွက် ဦးဇော်က စီစဉ်ပေးထား ခဲ့တာဆိုတော့ မညွှနဲ့ဦးဇော်တို့ဘဝလေးအတွက် ဦးဇော်မှာ အစီ အမံတွေ ကြိုတင်ရှိခဲ့တာပဲ ဖြစ်မှာပါ။

ပန်းနုရောင်ညဝတ်ဂါဝန်ရှည်လေးကို မညွှ လှမ်းယူလိုက် တယ်။ မျက်ဝန်းတွေက အခန်းထဲက နှစ်ယောက်အိပ်ခုတင် ကြီးဆီ အကြည့်ရောက်သွားရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြာနုရောင်အိပ်ရာခင်းနဲ့ ရှင်းသန့်နေတဲ့ခုတင်ကြီး
ကြည့်ရင်း မဥ္ဇူ ရင်တွေတလှပ်လှပ်ဖိုလာရတယ်။

ဒါ ... မဥ္ဇူနဲ့ဦးဇော်ရဲ့ မင်္ဂလာဦးညလေး ဖြစ်တော့မယ်
နိမိတ်တဲ့လား။ အိပ်မက်ဆန်လွန်းလိုက်တာနော်။ ကောသိတို့
လိုက်အိပ်မယ်လို့ ဖြူ့ကိုလိမ်ညာပြီး မဥ္ဇူဦးဇော်နဲ့ ဒီတိုက်ခန်း
သစ်လေးမှာ ရောက်နေတာကို ဖြူသိရင် ဘာပြောမှာလဲ။

"ကလေး"

"အို"

မထင်မှတ်ဘဲ အခန်းထဲဝင်လာတဲ့ဦးဇော်ကြောင့် မဥ္ဇူ
မျက်နှာလေး ပန်းသွေးရောင်လွှမ်းသွားရတယ်။

"အို ... ဦးဇော် ... မှဥ္ဇူအဝတ်အစားမလဲရသေး
ဟို ... ဟို"

ရေချိုးခန်းထဲက ထွက်လာစ ... ရေလဲလုံချည်နဲ့ မွေး
ပွတာဘက်လေးသာ ပခုံးမှာ မလုံမခြုံလွှမ်းထားရတာမို့ မဥ္ဇူ
ရှက်သံလေးနှင့် ဆိုမိတယ်။ ဦးဇော်မျက်ဝန်းတွေက မဥ္ဇူကို
ငေးစိုက်ကြည့်နေတာမို့လည်း မဥ္ဇူ ရှက်သွေးတွေ တရိပ်ရိပ်တိုး
လာရတယ်။





"ကလေးရယ် ချစ်စရာကောင်းလိုက်တာ"

စကားသံနဲ့အတူ ဦးဇော် အနီးကိုရောက်လာတယ်။ မဥ္ဇူ
ခုံးလေးကိုသိုင်းဖက်ရင်း ...

"ကလေးရယ် ... ဘာမှ မရှက်ပါနဲ့၊ ဟောဒီချစ်ဘုံနန်း
လေးမှာ မဥ္ဇူနဲ့အစ်ကိုကြီးတို့ပဲ ရှိတာပါ"

"အို ... ဦး ... ဦးဇော်"

ရုတ်တရက် မဥ္ဇူခန္ဓာကိုယ်လေးကို ဆတ်ခနဲ မွေ့ချီ
လိုက်တာမို့ မဥ္ဇူ အလန့်တကြားအော်မိတယ်။ ပခုံးပေါ်က လျှော
ကျသွားတဲ့ တဘက်လေးကို မဥ္ဇူ လှမ်းမဆွဲလိုက်နိုင်ပါဘူး။
ဦးဇော်လည်တိုင်ကို မဥ္ဇူလက်အစုံက အလန့်တကြားဖက်တွယ်
ထားမိတာကိုး။

အိစက်ညက်ညောတဲ့ မွေ့ရာပေါ်ကို မဥ္ဇူ အိခနဲပြုလဲကျ
သွားတော့ ဦးဇော်လည်းပြိုလဲပါလာတယ်။

"ချစ်တယ် ကလေးရယ်"

စကားသံက တိုးတိုး။ အနမ်းတွေက မဥ္ဇူမျက်နှာအနှံ့
ဆင်းလာတယ်။ မဥ္ဇူရင်ခုန်သံတွေ ထိန်းချုပ်မရတော့ဘူး။
နှုတ်ခမ်းတွေမှာ ပူနွေးရှိန်းမြတဲ့ လိုက်ဖိုသောအနမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ချွေးလက်အစုံက ဦးဖော်လည်တိုင်ကိုတင်းတင်းကျပ်ကျပ်
တွယ်ထားလိုက်မိတယ်။

နှုတ်ခမ်းပေါ်က အနမ်းနွေးနွေးက မဍ္ဍုမေးဖျား
ပွတ်သပ်ကျီစယ်လို့။ လည်တိုင်နုနုမှာ ဝင်သက်ထွက်သက်
လေးတွေ နွေးခနဲ။

မဍ္ဍု မျက်ဝန်းအစုံကို မှေးမှိတ်ထားလိုက်မိတယ်

ခန္ဓာကိုယ်မှာ လည်ပတ်နေတဲ့သွေးတွေ ရပ်ဆိုင်း
ပြီလားတောင် ယင်မိရဲ့။ စွဲမက်ဖွယ် အယုအယလေးတွေထဲ
မဍ္ဍု ကြက်သီးလေးတွေ တဖြန်းဖြန်းထသွားခဲ့ရပါတယ်။

အနမ်းတွေရဲ့ နွေးထွေးရှိန်းမြမှုထဲမှာ မဍ္ဍု အသက်
ရပ်ဆိုင်းသွားမတတ် လှိုက်မောပြုံးဆင်းရင်း ဦးဖော်ကျော
ကြီးကို အားကိုးတကြီး ဖက်တွယ်ထားလိုက်မိပြန်တယ်။

"အို …ဦး …ဦးဖော်"

ရင်ခုန်သံတွေလှိုက်မောတုန်ခါရင်း မဍ္ဍု ခံစားမှုအင်
တွေက အမြင့်ဆုံးတောင်ထွဋ်ဖျားထိပ်က ပြုတ်ကျလာသ
အေးခနဲ နွေးခနဲ ရှိန်းမြလို့။

မောဟိုက်ပြင်းပြတဲ့ အသက်ရှူသံတွေ၊ ရင်ခုန်သံတ





ဆိတ်နေသော အခန်းလေးထဲမှာ ငြိမ့်မျောနေပေမယ့် စိတ်
ရှေ့မှာ ပုံကျကျနန်ရစ်ခဲ့တဲ့ ပန်းနုရောင်ဂါဝန်လေးကတော့
တ်ရိုးကျိုးမပျက်ငြိမ်သက်စွာ လဲလျောင်းနေဆဲ။

✶ ✶ ✶

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၇ |

❑

❑ အချစ်ဆိုတာ သိမ်မွေ့နူးညံ့တဲ့ အရာတစ်ခုမှန်း ခန့်ညာ သဘောပေါက်တတ်ခဲ့ပါပြီ။

ပန်းမြူတီကို သူချစ်တာ မြတ်နိုးမှုသက်သက်ကလွဲရင် ဘာတစ်ခုမှ မပါဝင်ဘူးဆိုတာတော့ သိပ်ကိုသေချာပါတယ်။

နေ့စဉ်တိုင်း ပန်းမြူတီရဲ့အရိပ်လေးကို မြင်တွေ့ခွင့်ရ ရင်ပဲ သူကျေနပ်နိုင်ခဲ့ပါတယ်။ ပန်းမြူတီရဲ့အရိပ်လေးကို စောင့်





ကြည့်ရင်း ရင်ခုန်ရတဲ့ခံစားမှုမှာပဲ သူ ပျော်ဝင်တတ်ခဲ့ပါတယ်။

စင်ပေါ်မှာ သူမ သီချင်းဆိုနေချိန်မှာ ဆိုင်ထဲကထောင့် ဘာပွဲလေးမှာ တိတ်ဆိတ်ငြိမ်သက်စွာ တစ်ယောက်တည်းထိုင် သေနေတဲ့ သူ့ကို ပန်းမြူတီမြင်တွေ့မှာသေချာပါတယ်။

ဒါပေမဲ့ ...

ပန်းမြူတီရဲ့ ဥပဓေ့ာတရားတွေကိုလည်း သူ နားလည် နိုင်ခွတ်နိုင်ခဲ့ပါတယ်။ ပန်းမြူတီ သီချင်းတစ်ပုဒ်သီဆိုတိုင်း သုပန်းကုံးတွေ တက်ချီးမြှင့်တတ်တဲ့ ပုဂ္ဂိုလ်ကြီးကို သူစုံစမ်းကြည့် ပြီးပြီ။

ဦးအောင်သိုက်ဆိုတဲ့ ဒီလူကြီးက 'အောင်ကမ္ဘာကုမ္ပဏီ' ပိုင်ရှင် သူဌေးတစ်ယောက်ပါပဲ။ အတိတ်သမိုင်းကတော့ ကောင်း သွတဲ့လူကြီး မဟုတ်ခဲ့ပါဘူး။

ဆင်းရဲမွဲတေတဲ့ ဘဝတစ်ခုကနေ ပြည့်စုံချမ်းသာတဲ့ဘဝ တစ်ခုပိုင်ဆိုင်ဖို့အတွက် ကလေးနှစ်ယောက်အမေ မုဆိုးမတစ် ယောက်ကို လက်ထပ်ယူခဲ့တဲ့ ယောက်ျားပိုင်းလုံးတစ်ယောက်သာ ဘာလူပါ။

ဘဝနဲ့ရင်းခဲ့တဲ့ စည်းစိမ်ချမ်းသာကို ခံစားနေတဲ့လူကြီး



www.burmeseclassic.com

www.burmeseclassic.com



. . . ပန်းမြူတီကို တမ်းတမ်းတတလုပ်ပြနေတာ ချစ်ခြင်းဆိုင်
အရာကြောင့်မဟုတ်တာတော့ သေချာပါတယ်။

ဒါတွေကို ပန်းမြူတီသိအောင် သူ ဘယ်လိုပြောခွင့်
မှာလဲ။

သူ့လိုလူတစ်ယောက်ကို ပန်းမြူတီကလည်း အလေး
ထား၊ ဂရုမစိုက်ဘူးဆိုတာ ပန်းမြူတီအပြုအမူတွေက သက်သေ
ပဲလေ။

"မင်းကို ငါ အကောင်းဆုံးအကြံပေးချင်တာက ပန်းမြူ
တီကိုမေ့လိုက်ပြီး မင်းဘဝအတွက် နိုင်မာအောင် တစ်ခုခုလု
စေချင်တယ် ခန့်ညား"

သူနဲ့အတူ ယောင်ချာချာလုပ်နေတဲ့ ဝက်ပုတစ်ယောက်
နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ အလုပ်လုပ်ဖို့ အစီအစဉ်ဆွဲပြီး
ဆိုတော့ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာတော့ အတော်
ဝေါင်ဝေါင်နိုင်မယ့်ကိစ္စကြီးပဲ။

"ဘာလဲဝက်ပု . . . မင်းက တကယ်ပဲ အလုပ်သွားလု
တော့မှာလား"

"အေးလေ . . . ပတ်စပို့ကိစ္စပြီးတာနဲ့ ငါလစ်တော့မယ်





ဒီအတိုင်းနေလာတာလည်း ကြာပြီ . . . ငါတစ်မိသားစုလုံးက
ဒို့အတွက် စီစဉ်ပေးတာဆိုတော့ ငါသွားမယ်ကွာ . . . မင်းတစ်
ယောက်တည်း ကျန်ရစ်ခဲ့မှာတော့ ငါ စိတ်မကောင်းပါဘူးကွာ"

ဝက်ပုရဲ့သံယောဇဉ်ကို သူနားလည်ပါတယ်။ အခုလည်း
ဝက်ပုက သူနဲ့ပန်းမြူတီကိစ္စအတွက် အကြံပေးစကားဆိုနေခဲ့
တာပါ။

"ခန့်ညား . . . မင်း တစ်ခုခုတော့လုပ်ကွာ၊ ငါ့သဘော
တော့ ပန်းမြူတီကိစ္စမှာ မင်းဘက်က အပြတ်သားဆုံးမေ့လိုက်
တော့"

"မင်းစေတနာကို ငါနားလည်ပါတယ် ဝက်ပု . . . ငါ
လည်း ရန်နိုင်နဲ့အတူ အလုပ်ကို အသေအချာလုပ်ဖို့ ဆုံးဖြတ်
လိုက်ပြီ"

"အေး . . . ကောင်းတယ်၊ အဲဒီအလုပ်မင်းနဲ့လည်း ကိုက်
ကိုက်ပါတယ်။ အလုပ်ကိုကြိုးကြိုးစားစားလုပ်ပြီး မင်းဘဝ ဒီ
ထက် တိုးတက်အောင်လုပ်ကွာ၊ ငါပြန်လာရင် မင်း ချမ်းသာ
ပြည့်စုံနေတာကိုပဲ မြင်ချင်တယ်"

"အေးပါကွာ . . . အခုတော့ ဒေါ်နန်းသူဇာစိမ့်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်လခနှစ်လခစာ ကျန်သေးတယ်ကွ''

''ဒါက ဘာပြဿနာရှိမှာမို့လဲ . . . အပျိုကြီးမမကို မင်း ယူလိုက်ရင်ပြီးပြီပေါ့ကွာ . . ဟား . . ဟား''

''တော်စမ်းပါကွာ . . . အသွင်တူမှ အိမ်သူဖြစ်တာတဲ့ မင်းနဲ့မှ ပိုလိုက်ဖက်တာ ဝက်ပုရ . . . နိုင်ငံခြားစီးပွားသွားရှာမယ့် အစား ဒေါ်နန်းသူဇာစိမ့်ကိုပဲ မင်းယူလိုက် . . . အတွေးမှားရဲ့ ဝက်ပု''

''မင်းမမစိမ့်ကြီးက မင်းမှမင်း ဖြစ်နေတာလေကွာ . . . မင်း ယူလိုက်ပါ''

''ဟော့ကောင် . . . မင်းဟာကြီး မင်းပဲယူ''

''ငါ့ဟာ မဟုတ်ပါဘူး . . . မင်းအသည်းကျော်ကြီးပဲ . . ဟား . . ဟား''

ထုံးစံအတိုင်း နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ဘော်လီဘောပုတ်နေမိကြတာ အပြန်အလှန်ပါပဲ။

ဝက်ပုဆိုတဲ့ကောင်က အစားအသောက်ကလွဲရင် ဘာကိုမှ စိတ်မဝင်စားခဲ့တာ ဟိုးအရင်ကတည်းကပါ။ ကျောင်းသားဘဝကနေ အခုချိန်အထိ ဝက်ပု ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့

ထိမ်းဝှိုးစာပေ



တစ်ခါတလေမှာတော့ သူ စဉ်းစားမိတယ်။ ဝက်ပုဆိုတဲ့ ကောင် ရင်ဘတ်ထဲမှာ နှလုံးသားမှ ရှိရဲ့လားလို့။

''ဝက်ပုရာ . . . မင်းမှာ နှလုံးသားမှ ရှိရဲ့လား''

''အဲဒါ ငါမသိဘူး။ ငါသိတာ ငါ့အစာအိမ်က မင်းတို့ ထက် ကျယ်တယ်,ကြီးတယ်ကွ . . ဟား . . ဟား''

အင်း . . . ဝက်ပုလို ပျော်ပျော်ပဲနေတတ်တဲ့ ဘဝက အကောင်းသား။ အချစ်ဆိုတာ ပေါက်စီတစ်လုံးလောက်တောင် ခိုင်ခုန်စရာမရှိဘူးဆိုတဲ့ ဝက်ပုဒဿနက မှန်ကန်နေခဲ့ပြီလား။

ပန်းမြူတီရယ် . . .

မင်းကို ကိုယ်မြတ်နိုးတာ ချစ်ခြင်းဆိုတဲ့နှလုံးသားက တောင့်တမှုတစ်ခုတည်းနဲ့ပါပဲ။ မင်းတောင့်တသမျှ ဖြည့်ဆည်း ပေးချင်ပေမယ့် . . .

ခန့်ညားဆိုတဲ့ ကောင်ရဲ့ဘဝက မပြည့်စုံတော့လည်း . . .

✗ ✗ ✗

www.burmeseclassic.com

## အခန်း [ ၁၀ ]

□

□ "ဘာ ...ဘာရယ် မဥ္ဇူ"

မြူ အထိတ်တလန့် ဖြစ်သွားရတာအမှန်။ မဥ္ဇူနှုတ်က ဒီလောက်အထိ မြန်ဆန်စွာဆိုလာမည်ဟု ထင်မထားခဲ့မိ။

"ဟုတ်တယ်မြူ ...ကိုကြီးက မဥ္ဇူကို ဒီအလုပ်ဆက်မလုပ်စေချင်တော့ဘူးတဲ့၊ ပြီးတော့ မဥ္ဇူအတွက် တိုက်ခန်းတစ်ခန်းဝယ်ပေးထားတယ်"





မြူ နားလည်လိုက်ပါတယ်။ အခုတလော မဥ္ဇူ မှုပျက်နေတာ သတိထားမိတာကြာပါပြီ။ အကြောင်းအမျိုးမျိုးပြပြီး တိုက်ခန်းကိုပြန်မအိပ်တဲ့ရက်တွေလည်း များလှပြီ။

အခုတော့ မဥ္ဇူ အလုပ်ကထွက်တော့မည်တဲ့။ ဦးဇော်နိုင်ငွားရမ်းပေးထားတဲ့တိုက်ခန်းမှာ နေတော့မည်ဟု ပွင့်လင်းစွာဖွင့်ပြောလာတယ်။

"မဥ္ဇူရယ် မြူ ဘာမှမမေးချင်တော့ဘူး။ တစ်ခုတော့မေးပါရစေ ...ဦးဇော်နိုင်ကို မဥ္ဇူ တကယ်ရွေးချယ်လိုက်တာလား။ သူ့ရဲ့မိသားစုနဲ့ ဇနီးမယားကိစ္စကကော"

"အဲဒီအရာအားလုံးကို မဥ္ဇူ နားလည်ခွင့်လွှတ်တယ်မြူ။ သားသမီးတွေနဲ့ဆိုတော့ ကိုကြီးဘက်က တရားဝင်ကွာရှင်းဖို့ဆိုတာ ခက်ခဲတယ်လေ"

မြူပြင့်သက်မောကို ရှိုက်လိုက်မိပါတယ်။

မဥ္ဇူကို ဒီဘဝမျိုးမှာ မရှင်သန်စေချင်ပါ။ ဒါပေမဲ့ မဥ္ဇူကိုယ်တိုင်က ကျေနပ်စွာ ရွေးချယ်ခဲ့သည့်လမ်းဆိုတော့ ...

"မဥ္ဇူရဲ့မိသားစုအတွက်ကော ဟင်"

"အဲဒီအတွက် ကိုကြီးက လစဉ်ထောက်ပံ့မယ်တဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဒီကိစ္စတွေ အသိမပေးချင်ဘူး၊ မေမေ အရမ်းစိုးရိမ်မှာ စိုးလို့၊ မဥ္ဈူ ဒီမှာ အလုပ်အဆင်ပြေနေတယ်လို့ပဲ သိစေချင်တယ်လေ''

''အင်းလေ ... မဥ္ဈူဆုံးဖြတ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ ... မြူကတော့ မဥ္ဈူမရှိလည်း ဒီတိုက်ခန်းမှာ ဆက်နေရမှာပေါ့''

''မြူကို မဥ္ဈူသတိရနေမှာပါ ... ဪ ... ဒီမှာမဥ္ဈူရဲ့ ဖုန်းနံပါတ် ယူထားနော်မြူ၊ အကူအညီလိုရင် ဖုန်းဆက်လိုက် ... သိလား၊ အဲ ... ဒီရက်ပိုင်းတော့ မဥ္ဈူတို့ ရန်ကုန်မှာရှိမှာမဟုတ်ဘူး၊ ကိုကြီးနဲ့ အပျော်ခရီးထွက်ကြမလို့ ပျားရည်စမ်းခရီးပေါ့ မြူရယ်''

မဥ္ဈူမျက်နှာလေးကြည်နူးစွာ ရွှင်ပြုံးရင်း ဆိုနေပါတယ်။

လက်ထဲမှာ ကိုယ်ပိုင်ဟန်းဖုန်းနဲ့ ပလက်တီနမ်လက်ဝတ်ရတနာတွေနဲ့ မဥ္ဈူဘဝလေး တကယ်ပဲ ငြိမ်းချမ်းပျော်ရွှင်စရာကောင်းခဲ့ပြီလား။

''နင်အဆင်ပြေတယ်ဆိုရင် ငါဝမ်းသာပါတယ် မဥ္ဈူရယ်''

**ထမ်းရှိုးစာဝေ**



မဥ္ဈူ အခန်းထဲက ပစ္စည်းတွေကိုအိတ်တွေထဲ သိမ်းဆည်းရင်းတက်ကြွနေခဲ့တယ်။ ပြီးတော့ မြူကိုနှုတ်ဆက်ကာ အခန်းထဲက ထွက်သွားခဲ့ပါတယ်။

တိုက်လှေကားအောက်က လမ်းလေးမှာရပ်ထားတဲ့ ကားလေးပေါ်ကို မဥ္ဈူလှမ်းတက်သွားတာ မြူ ပြတင်းတံခါးကငေးကြည့်နေမိတယ်။

ကားကလေး ငြိမ့်ခနဲမောင်းထွက်သွားတော့မှပဲ မြူ လက်ထဲကလိပ်စာကတ်လေးကို ငုံ့ကြည့်လိုက်မိပါတယ်။

မဥ္ဈူရယ် ... နင့်ဘဝလေး တကယ်အေးချမ်းအဆင်ပြေပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ်ဟာ။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၉ |

❑

❑ သည့်နောက်ပိုင်းမှာတော့ မချူကို ဖြူမဆုံဖြစ်ခဲ့တာတော့ အတော်ကြာခဲ့ပါတယ်။

နတ်သမီးစားသောက်ဆိုင်ကအလုပ်ထွက်သွားတဲ့ မချူ အကြောင်းကိုသိကြတဲ့ သူငယ်ချင်းတွေကလည်း မချူအဖြစ်ကို အားကျနေကြတာ ဖြူ နားနင့်မဆုံအောင် ကြားနေခဲ့ရတယ်။

"မချူ အရမ်းကံကောင်းတယ်ဟာ၊ ဘာမှပူစရာမလို





တော့ဘူး။ ဦးဇော်နိုင်က အရမ်းချမ်းသာတာ"

"ဟဲ့ ... ငါကြားတာ ဦးဇော်မှာ တရားဝင်မယား တောင် သုံးယောက်ရှိတာတဲ့နော်၊ မချူကို အတည်မှဟုတ်ရဲ့လား ဟယ်"

"ပိုးပိုးကလည်း တုံးလိုက်တာ ... ဦးဇော်က မချူကို အကယ်ကြွေလို့ တိုက်ခန်းနဲ့ ဖိမ်ခံပစ္စည်းအစုံအလင်နဲ့ ထားပေး တာပေါ့ဟဲ့၊ သူ့မိသားစုအတွက်လည်း လစဉ်ထောက်ပံ့ပေးတယ် တဲ့"

"အင်းနော် ... မချူလို ကံကောင်းချင်လိုက်တာ"

"ဆိုင်မှာလာရစ်နေတဲ့ ဦးဘသန်းကြီးကို နင် သဘော မကျဘူးလား ကေသီ ... တကယ့်ဘော့စ်နော်"

"ဟာ ... အသက်က ခုနစ်ဆယ်နားကပ်နေပြီ၊ ဒီ လောက်အဘိုးကြီးတော့ စိတ်မဝင်စားပါဘူး"

"ဟဲ့ ... စီးလာတဲ့ MARK II ကားကြီးကလည်း ဇိတ် ဇိတ်တောက်၊ လည်ပင်းက ပလက်တီနမ်ကြိုးကြီးကလည်း အိ နေတာနော် ... ညည်း အရွေးမချော်စေနဲ့"

"ဒီအဘိုးကြီးမှာ မြေးသုံးယောက်တောင် ရှိတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲဟာ ... ကြီးရင်မို ငယ်ရင်ချိတဲ့၊ နင် နဲ

ရတာပေါ့"

"ကြည့်လည်း လုပ်ကြဦးဟဲ့ ... မှီလိုက်တာနဲ့ ဘုန်း

လဲသေသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒါဆိုလည်း ဒီအဘိုးကြီးပိုင်ဆိုင်သမျှ ကိုယ့်လက်

သပိတ်ဝင်အိတ်ဝင်ပေါ့ဟာ၊ ပိုတောင်ကောင်းသေးတယ် ...

အဟင်း ဟင်း"

"ရှူး ... တိုးတိုး ... ဟိုမှာ မန်နေဂျာလာနေတယ်"

ကေသီသတိပေးလိုက်မှ အားလုံး မျက်နှာပိုးသတ် ပြ

သွားကြတယ်။ မြူ ... ကိုယ်သီချင်းဆိုရမယ့်အလှည့် ရော

တော့မှာမို့ အလှပြင်မှန်ရှေ့ လျှောက်ခဲ့မိတယ်။

မဥ္ဇူအကြောင်းက သူမတို့အဖွဲ့ထဲမှာ အားကျစရာပြ

နေခဲ့သည်လား။ ဟင့်အင်း ... မြူကတော့ ဘယ်ယောက်ျားကို

အထင်မကြီးပါဘူး။

ငွေကြေးအင်အားနဲ့ သိမ်းပိုက်သွားတာမျိုးဆိုရင် ပို

တောင် နာကြည်းမိသေးရဲ့။

"မြူ ... နင့်အလှည့်ရောက်ပြီတဲ့"

ထမ်းရှိုစာပေ



ပိုးပိုးအသံကြားတော့မှ မြူ အလှပြင်မှန်ရှေ့က ခွာခဲ့

တယ်။

စတိတ်စင်ပေါ်ရောက်တော့ မြူမျက်ဝန်းတွေက ဆိုင်

ထောင့်စားပွဲလေးဆီလှမ်းကြည့်မိတာ အကျင့်တစ်ခုပါပဲ။

မြူသီဆိုဖျော်ဖြေသည့်နေ့တိုင်း သူ ပုံမှန်ရောက်တတ်

တာ ကြာတော့လည်း မြူ သတိထားမိလာရတယ်။

မြူ့ကို ဦးအောင်လို ပုံမှန်ဆုပန်းကုံးမချီးမြှင့်တတ်ပေ

မယ့် သူကတော့ အားပေးလက်ခုပ်ကလေးတီးကာ ငေးကြည့်

နေတတ်စမြဲပါပဲ။

မြူ ဆိုင်ကပြန်တော့လည်း သူ့ကို ဆိုင်အပြင်မှာ မတ်

တတ်ရပ်လေးငေးကြည့်နေတာ တွေ့မြင်ရတာ မဆန်းတော့ပါ။

ဘယ်လိုလူမှန်း မသိ။

အခုလည်း မြူ တက္ကစီရပ်စောင့်နေတာကို အမှောင်ထဲ

ကနေ လှမ်းကြည့်နေတယ်။

ဆိုင်ကပြန့်လိုက်ပို့တဲ့ကားက ဆိုင်ပိတ်ချိန်မှ ပို့တတ်တာ

မို့ မြူ မစောင့်ဖြစ်တော့ဘဲ ကိုယ့်အစီအစဉ်နှင့်ကိုယ် ပြန်မိခြင်း

ဖြစ်ပါတယ်။

ထမ်းရှိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူကို အရိပ်လိုလိုက်ကြည့်နေတာတော့ မြူ မကျေနပ်ချင်ပါ။

မြူခြေလှမ်းတွေ သူရပ်နေတဲ့ပလက်ဖောင်းလေးဆီ အလိုလိုလျှောက်သွားမိပြီးသား ဖြစ်သွားရတယ်။

"ဒီမှာ ... ရှင် ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မနောက် လိုက်နေရတာလဲ"

"ကိုယ် မင်းကိုနှောင့်ယှက်တာ မဟုတ်ပါဘူး မြူတီရယ်၊ မင်း အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်ရမှာစိုးလို့ စောင့်ရှောက်ပေးနေတာပါ"

"နေစမ်းပါဦး ... ရှင်ကကျွန်မကို ဘာလို့အရိပ်ကြည့် စောင့်ရှောက်ပေးရတာလဲ၊ ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ဘူး"

"မြူတီတစ်ယောက်တည်းပြန်ရမှာ ကိုယ် ဥပေက္ခာပြု မသွားနိုင်ဘူး၊ ပြီးတော့ အရင်က မမဥ္စူရှိပေမယ့် အခု မြူက တစ်ယောက်တည်းလေ"

"ရှင်က ကျွန်မအကြောင်းတွေ အကုန်သိနေတယ်ပေါ့"

"မြူနဲ့ပတ်သက်ပြီး ကိုယ် သိအောင်ကြိုးစားမိတာပါ၊ မမဥ္စူ မြူတီနဲ့မနေတော့တာလည်း ကိုယ်သိထားတယ်လေ

**ထမ်းရိုးစာပေ**



ကိုယ် မင်းအတွက်စိုးရိမ်တယ်မြူ၊ မင်း အချိန်မတော် တစ်ယောက်တည်းပြန်တာ အန္တရာယ်များတယ်၊ ဆိုင်ကဖယ်ရီကားကို စောင့်ပြီးပြန်သင့်တယ်"

"ဒီမှာ ကျွန်မပြောပြီးပြီပဲ ... ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ဘူး"

"မြူတီကို ကိုယ်ချစ်နေတယ်လေ၊ ဒါကြောင့် ကိုယ်က ဘာ့ ပတ်သက်နေမိမှာပဲ၊ ဒါပေမဲ့ ကိုယ်ဘယ်တော့မှ အနှောင့်အယှက်မပေးဘူးဆိုတာ ယုံ"

"ဘာလဲ ... ဒါ မြူကို ရှင် ရည်းစားစကားပြောတာ လား"

"အဲဒီထက် သေချာလေးနက်ပါတယ် မြူတီရယ်၊ မြူတီ့ကို ကိုယ်ချစ်တာ ရင်ထဲကသူ့အလိုလို ပေါ်ပေါက်လာတဲ့ အချစ်၊ မြူကို အရိပ်တကြည့်မြတ်နိုးမိတဲ့ အချစ်ပါ"

"သေလိုက်စမ်း၊ ကျွန်မကို သရုပ်တွေ, ဆုပန်းကုံးတွေ ဆင်ပြီး ချဉ်းကပ်လာတဲ့ယောကျ်ားတွေကို ကျွန်မ အထင်မကြီး ဘူး၊ ရှင့်ကိုပြောပြီးပြီ၊ ရှင့်လို ဟန်ဆောင်ကြွားလုံးထုတ်ပြီး ချဉ်းကပ်ဖို့ကြိုးစားလာတဲ့သူဆို ပိုဝေးသေးတယ်"

**ထမ်းရိုးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မြူတီနဲ့ပတ်သက်ရင် ကိုယ် ဘာမှဟန်ဆောင်ခဲ့ မဟုတ်ဘူးဆိုတာ ယုံပါ၊ ကိုယ်က တစ်ကောင်ကြွက်၊ ယောက်တည်းသမား။ မြူကိုစတွေ့တဲ့နေ့က စွဲလမ်းသွားတဲ့ ကိုယ် ဆုချီးမြှင့်တယ်၊ တခြားသူတွေလို မြူ့ကို နေ့စဉ် ကုံးချီးမြှင့်နိုင်တဲ့ကောင်တစ်ယောက်တော့ မဟုတ်ပါဘူး"

"ရှင့်အကြောင်းတွေကို ကျွန်မ စိတ်မဝင်စားဘူး မကို ကြိုးစားနေတာဆိုရင်တော့ ရှင် နောက်ဆုတ်လိုက် ရှင့်ခြေထောက်ပေါ် ရှင်ရပ်တည်နိုင်အောင်ပဲ ကြိုးစားပါဦး မြူတီဆိုတဲ့မိန်းမက တော်ရုံယောက်ျားကို အထင်မကြီးတတ် ရှင် သိထားလိုက်"

စကားအဆုံးမှာ မြူ လှည့်ထွက်ခဲ့တယ်။ သူက အမှောင်ရိပ်ထဲမှာ တိတ်ဆိတ်စွာ ရပ်နေတုန်းပါပဲ။

အငှားကားလေးတားပြီး မြူပြန်ခဲ့တဲ့အထိ သူ ယောက်တည်း လမ်းမပေါ်မှာကျန်ရစ်ခဲ့တယ်။

ဘယ်သိုလူလဲ မသိ။

မြူ့စကားတွေကိုလည်း နာတတ်ရဲ့လားမသိပါဘူး စဉ် အရိပ်လိုစောင့်ကြည့်နေတာကိုက တစ်ရက်ပျက်မသွားခဲ့

**ထမီးရှိုတာဝေ**



နောက်ဆုံးတော့ မြူအရှုံးပေး ဥပေက္ခာပြုထားလိုက်ရ

သူကတော့ တာဝန်ဝတ္တရားတစ်ခုလို တစ်ရက်မပျက် လေရာနေရာမှာ အရိပ်လိုရှိနေတတ်စမြဲပဲ။

ကြာတော့ မြူတောင် စာနာသနားလာမိရဲ့။

✗ ✗ ✗

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၂၈ |

❑

❑ မျက်ရည်စတွေနဲ့အတူ မဇ္ဈူကိုကြည့်ရင်း ဖြူ ဘာစ
မှ မဆိုနိုင်ဘူး။ ရင်ထဲမှာ နာကျင်ဒေါသတွေ၊ ခံပြင်းစိတ်
ပြင်းထန်ပူလောင်နေရတယ်။

"မ . . . မဇ္ဈူ . . . ဘာလုပ်ရမလဲဖြူ။ မဇ္ဈူကို အကြံ
ပါဦးဟယ် . . အဟင့်ဟင့်"

"နင့်မျက်ရည်တွေ သုတ်လိုက်စမ်းပါ မဇ္ဈူရယ်၊ အ





. . . ဦးဇော်နိုင်က နင့်ကိုဘာပြောလဲ၊ သူ ဘယ်လိုတာဝန်ယူမှာ
တဲ့လဲ"

"သူ . . . ငါ့ဆီတောင် ရောက်မလာတာ အတော်ကြာပြီ
ဖြူ။ အခုကိစ္စကိုလည်း သူ လက်မခံဘူး။ သူက ဖျက်ဆီးပစ်လိုက်
တဲ့"

"ဘာ . . . အမိပ္ပါယ်မရှိတာဘဲ မဇ္ဈူရယ်၊ ဒါ အန္တရာယ်
ကြီးတဲ့အလုပ်၊ ပြီးတော့ မလုပ်သင့်,မလုပ်အပ်တဲ့အရာဆိုတာ
နင် သိသင့်တယ်"

"ငါသိပါတယ်ဖြူ။ ဒါပေမဲ့ ငါ့မှာ ရွေးစရာမရှိဘူး၊
အခု ငါနေတဲ့တိုက်ကလည်း သူပိုင်ဆိုင်တာမဟုတ်မှန်း ငါ အခုမှ
သိလိုက်ရတယ်"

"ဟင် . . . နင့်ကို သူဝယ်ပေးတာဆို"

"အဲဒါ သူ့နှုတ်ကပြောခဲ့တာ၊ ဒါပေမဲ့ မနေ့ကမှ အိမ်
ပိုင်ရှင်လူကြီးရောက်လာတယ်၊ နောက်လကုန်လို့ စာချုပ်ပြည့်ရင်
ထပ်နေ,မနေမေးတာတဲ့ . . . ငါ အဲဒီကျမှ သိရတယ်"

မဇ္ဈူရင်ဆိုင်နေရတဲ့ဒုက္ခကို ဖြူ နားလည်လိုက်ပါပြီ။
ဦးဇော်နိုင်ရဲ့စကားတွေ၊ မာယာမုသားတွေကို ယုံကြည်

www.burmeseclassic.com



ခဲ့တဲ့မဥ္ဇူကိုပဲ အပြစ်တင်ရတော့မှာလား။

မဥ္ဇူအတွက် ဝယ်ပေးထားတယ်ဆိုတဲ့တိုက်က ငှားရမ်းထားတဲ့တိုက်တဲ့။

"သူ ငါ့ကို အားလုံးလိမ်ညာခဲ့တာ အကုန်လုံးပဲမြူရယ် သူဆင်ပေးထားတဲ့ ပစ္စည်းတွေမှာလည်း နားကပ်တစ်ရံပဲ ရွှေအစစ် ... ကျန်တဲ့ပစ္စည်းတွေက အတုတွေချည်းပဲ"

"ဘာ ..."

မြူရင်ထဲက နာကြည်းဒေါသတွေက တလိပ်လိပ်တိုးလာရတယ်၊ ဘယ်လောက်ရက်စက်ယုတ်မာလိုက်တဲ့ ယောကျ်ားလဲ။

"အခု ... ငါဒုက္ခရောက်နေရပြီမြူရယ်၊ ငါ့လက်ထဲမှာ ငွေမရှိတော့ဘူး။ ရှိသမျှပစ္စည်းရောင်းပြီး ငါ့ဝမ်းရေးကို ဖြေရှင်းနေရတယ်၊ ကိုကြီးလည်း ရောက်မလာဘူး၊ အခုဆို တစ်လလောက်ရှိနေပြီ"

"နင် ဘာဆက်လုပ်မလဲ မဥ္ဇူ"

"ငါ မစဉ်းစားတတ်တော့ဘူး။ သူက ငါနဲ့ကလေးရလို့ မဖြစ်ဘူးတဲ့၊ သူ့မှာ သားသမီးတွေရှိတယ်တဲ့၊ ဒီနည်းနဲ့ သူ့ကို ချည်နှောင်ပါနဲ့တဲ့"

"သိပ်ရက်စက်တဲ့ယောကျ်ားပဲ၊ သူနဲ့ပတ်သက်ခဲ့တာကိုက နင့်အမှားပဲ"

"ဟုတ်တယ် ... ငါမှားခဲ့တယ် မြူ။ အခုအချိန်မှာ ပြင်လို့မရတဲ့ နောင်တတွေနဲ့ပါ။ အမေ့ဆီကလည်း စာရောက်လာတယ်၊ ငါ့ဆီက ငွေမပို့နိုင်တော့ အမေတို့ကျပ်တည်းနေတယ်၊ အဆင်မပြေဘူး။ ကိုကြီးက အခု ငါ့ကိစ္စကိုမဖြေရှင်းသေးဘူး၊ သူ ငါ့ဆီ ပြန်မလာဘူးတဲ့"

"တော်တော့မဥ္ဇူ၊ ဦးဇော်နိုင်အကြောင်း ငါ ဘာမှမကြားချင်ဘူး၊ နင် ငါ့ဆီပြန်လာခဲ့၊ ဒီပြဿနာကို ငါတို့ အတူရင်ဆိုင်ကြမယ်၊ နင့်ရင်သွေးကို ဖြစ်အောင်မွေးမယ်"

"မြူရယ် ... ဒါဆို ကိုကြီး ငါ့ဆီ ဘယ်တော့မှပြန်လာမှာမဟုတ်ဘူး၊ ငါလေ သူနဲ့အတူနေပြီးမှ သိရတာ ... သူ့မှာ လှပ်နေတဲ့မိန်းကလေးတွေ အများကြီးပဲ ... သိလား။ ခုချိန်မှာ ငါ ကိုကြီးကို တကယ်မြတ်နိုးစွာ ချစ်မိတာပါပါဟယ်"

မဥ္ဇူနှလုံးသားကို သူ စာနာနားလည်နိုင်ပါတယ်။ အိမ်ထောင်နဲ့ ဦးဇော်နိုင်ဆိုတဲ့ယောကျ်ားက မဥ္ဇူဘဝအတွက် အားကိုးထိုက်

www.burmeseclassic.com



တဲ့ ယောက်ျားမဖြစ်နိုင်တာလည်း သေချာနေခဲ့ပြီပဲ။

"တော်တော့ မဥ္ဇူ နင် အဲဒီကိစ္စကို မေ့လိုက်တော့ ရော့ ... ဒီမှာ ငွေငါးသောင်း၊ နင်ယူသွား ... နင့်အိမ်ကိုပို့ေ လိုက်၊ ပြီးရင် နင်ငါ့အခန်းကို ပြန်ပြောင်းလာခဲ့တော့"

"မြူရယ် ... ငါလေ ... ငါ ..."

"နင် ဘာမှမပြောနဲ့တော့ မဥ္ဇူ နင့်ဘဝကို တစ်က ပြန်စသင့်တယ်"

"ငါ့ဘဝကို တစ်ကပြန်စလို့ကော အားလုံးအကောင်း အတိုင်းပဲ ပြန်ဖြစ်လာတာမှမဟုတ်တာမြူရယ်"

"အကောင်းဆုံးဘဝ ဖြစ်မလာရင်တောင် ဖြစ်လာတဲ့ ဘဝမှာ အကောင်းဆုံးရှင်သန်နေထိုင်ရမှာပဲပေါ့ မဥ္ဇူရယ်"

မြူ့နှစ်သိမ့်စကားကို မဥ္ဇူ နားမလည်နိုင်ခဲ့ပါ။

နောက်တစ်နေ့မှာ မဥ္ဇူဆီက စာလေးတစ်စောင်သာ မြူ့ထံ ရောက်လာခဲ့ပါတယ်။

မဥ္ဇူ သူ့မိသားစုရှိရာနယ်မြို့လေးကို ပြန်သွားခဲ့ပြီဟု မြူသိလိုက်ရတယ်။ မဥ္ဇူ ဘာတွေဆက်လုပ်ဦးမှာလဲ။ မြူစိုးရိမ် ခဲ့တာအမှန်။





နှစ်ပတ်လောက်ကြာတော့ မဥ္ဇူတို့မြို့လေးသို့ မြူလိုက် သွားဖြစ်ခဲ့တယ်။ တစ်ခါမှမရောက်ဖူးပေမယ့် မဥ္ဇူတို့အိမ်လိပ်စာ က ရှာဖွေရလွယ်ကူခဲ့ပါတယ်။

လမ်းကျဉ်းကျဉ်းလေးထဲမှာ မဏ္ဍပ်လေးထိုးထားတဲ့ မဥ္ဇူ တို့အိမ်ရှေ့ရောက်တော့ မြူ တကယ်ပဲချောက်ချားသွားရတယ်။

"မ ... မဥ္ဇူတို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ် ... ဟုတ်ပါတယ်။ သမီးလေးက ဘယ်သူ့ပဲ၊ ဘယ်ကလဲဟင်"

"မြူက မဥ္ဇူရဲ့သူငယ်ချင်းပါ၊ ရန်ကုန်မှာ တစ်ခန်း တည်းနေကြတာပါ၊ ဟို ... အဒေါ်က မဥ္ဇူအမေလားဟင်"

"အဟင့် ဟင့် ဟင့် ... သမီးလေးသူငယ်ချင်းတဲ့ ဟား အမလေးသမီးရဲ့ ... ထကြည့်ပါဦး .. အီး ဟီး ဟီး"

"ရှင် ... မ ... မဥ္ဇူဘာဖြစ်လို့လဲ အဒေါ်"

"မိုက်တဲ့သမီး ... မိသားစုအပေါ်မှာ တစ်သက်လုံး ကောင်းခဲ့ပေမယ့် သူ့ဘဝအတွက်ကျတော့ မိုက်မဲခဲ့တဲ့သမီး ဟောဒီလောကကြီးထဲမှာ သမီးလေး မရှိတော့ဘူးကွဲ့ .. အစ် တစ် .. အီး"



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကြီးတငင်ပိုကြွေးလိုက်တဲ့ မညှုရဲ့မေမေ …မျက်ရည်စတွေနဲ့ ငူငူငေးငေးလေးထိုင်နေကြတဲ့ မောင်နှမနှစ်ယောက်။

မညှုရဲ့ ကြေကွဲဖွယ်အဖြစ်ဆိုးကို မြူ ထိတ်လန့်စွာကြားသိလိုက်ရပါတယ်။

ဝမ်းထဲက ကိုယ်ဝန်ကိုဖျက်ဆီးဖို့ ကြိုးစားရင်းမညှုဘဝဆုံးရှုံးခဲ့သလို … အမှုကိုကျူးလွန်ခဲ့တဲ့ရပ်ကွက်ထဲက လက်သည်မိန်းမကြီးလည်း အချုပ်ထဲရောက်နေပြီတဲ့။

မညှုရယ် … နင် သိပ်မိုက်မဲခဲ့တယ်။

ဘဝကို နင် အလွယ်တကူအရှုံးပေးလိုက်တာတဲ့လား။

သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်အတွက် နင့်ဘဝကြေပျက်ခဲ့ရတာပါ။ နင့်အတွက် ငါ့ရင်ထဲမှာ နာကျင်ခံစားနေခဲ့ရတာကို နင်မြင်နိုင်ပါ့မလားမညှု။ ဦးဇော်နိုင်ဆိုတဲ့ လူကြီးကို နင် တမလွန်ကနေ နာကြည်းနေမှာလား မညှု။

ငါ့ရင်ထဲမှာတော့ …။

✗ ✗ ✗

## အခန်း | ၂၂ |

❑

❑ "မြူတီလေး"

ခေါ်သံကိုကြားလိုက်ကတည်းက မြူ စိတ်ညစ်သွားမိတယ်။ လှည့်ကြည့်တော့ ဦးအောင်သိုက်မျက်နှာ ပြုံးဖြီးဖြီးကြီးကို မြင်လိုက်ရတယ်။

"ကိုယ်မြူတီလေးကို စောင့်နေတာ ကိုယ်လိုက်ပို့ပေးပါရစေ"

ထမ်းရိုးစာ၀၀

www.burmeseclassic.com

www.burmeseclassic.com



မြူ ငြင်းရခက်ခက်နှင့် ခေါင်းညိတ်လက်ခံလိုက်ရပါတယ်။

ဦးအောင်သိုက်ရဲ့ ပရာဒိုကားနက်ကြီးပေါ် မြူ တက်လိုက်ရတယ်။ ကားက မောင်းထွက်မသွားသေးဘဲ ရပ်နေတာမို့ ဦးအောင်သိုက်ကို မြူလှည့်ကြည့်လိုက်မိတယ်။

"မောင်းတော့လေ ဦးအောင်"

"နေပါဦး ကလေးရယ် ... မင်းကို ကိုယ်ပြစရာလေး ရှိလို့ ... ဒီမှာ"

ကမ်းပေးလာတဲ့ စာချုပ်တွေကို မြူ နားမလည်နိုင်စွာ လှမ်းယူကြည့်လိုက်မိတယ်။ နှစ်ဦးသဘောတူ ကွာရှင်းစာချုပ် ဖြစ်နေတယ်။

"မြူတီလေး ပြောတဲ့အတိုင်း ကိုယ့်ဇနီးနဲ့တရားဝင် ကွာရှင်းခဲ့ပြီလေ ... မြူတီလေး ကျေနပ်ပြီလားဟင်"

မြူ တကယ်ပဲ အံ့ဩသွားမိတာအမှန်။ အမူးရှိန်ကြောင့်လား၊ ရမ္မက်ခိုးတွေကြောင့်လား မသိ ... နီမြန်းနေတဲ့ ဦးအောင်သိုက်မျက်နှာကြီးကို မြူ ရူးရူးစိုက်စိုက်လှမ်းကြည့်နေမိတယ်။

"မြူလေးစိတ်တိုင်းကျ သူနဲ့ကိုယ် တရားဝင်ကွာရှင်း





လိုက်ပြီ၊ ဒီအတွက် ကိုယ် ဆုံးရှုံးနစ်နာခဲ့တာတော့ အများကြီးပဲ ကိုယ်တို့ပိုင်ဆိုင်မှုတွေရဲ့ သုံးပုံနှစ်ပုံအထိ သူ့ကို ကိုယ်ပေးခဲ့ရတာ၊ အဟွန်း .. ကိစ္စမရှိပါဘူးလေ၊ မြူတီလေးကို ပိုင်ဆိုင်ဖို့အတွက် ကိုယ် ဒီလောက်တော့ ရင်းနှီးရမှာပေါ့"

"ဒါဆို ... ဦးအောင် အခု ... ဦးအောင်ဇနီးနဲ့ တရားဝင် ကွာရှင်းလိုက်ပြီပေါ့"

"ဆင်တစ်ကောင်လုံး မြင်နေပြီးမှ ဒါ ဆင်လို့မေးနေရသေးလား မြူတီလေးရယ် .. အဟင်း ဟင်း .. သူ့ဘက်က တောင်းဆိုတဲ့အတိုင်း ခွဲဝေပေးပြီး ကိုယ်ဖြေရှင်းလိုက်တာ ... ကိုယ်ရဲ့ ကုမ္ပဏီလုပ်ငန်းကြီးတောင် သူ့လက်ကို လွှဲပေးခဲ့ရတယ်၊ အဲဒါ မြူတီလေးကို ကိုယ်သိပ်ချစ်လို့ပေါ့ ကလေးရယ်"

"သိပ်ကောင်းတာပေါ့ရှင် ... ရှင့်လိုယောက်ျားကို ဆက်ပေါင်းသင်းလိုက်ရတဲ့ ရှင့်ဇနီးအတွက် အကောင်းဆုံးပေါ့"

"ဘာ ... မြူတီလေး ဘာပြောလိုက်တာလဲ"

"အမှန်ကို ပြောလိုက်တာလေ၊ အဟင်း ဟင်း .. ကိုယ်ဆို ရှင်လိုယောက်ျားက တစ်ပြားတစ်ချပ်မှတောင် မရ ... သောင်ပြင်မှာလွတ်နေတဲ့ ခွေးတစ်ကောင်ဖြစ်သွားသင့်တာ"



www.burmeseclassic.com

"ဘာ ...မင်း ...မင်း ..."

"ဟုတ်တယ် ...ရှင် ဘဝပျက်, ဒုက္ခရောက်သွား
ကိုပဲ ကျွန်မမြင်ချင်ခဲ့တာ၊ အဲဒါ ကျွန်မရည်ရွယ်ချက်ပဲ"

"ဖြူ ...ဖြူတီ ...ဒီ ...ဒီလိုမကျီစားပါနဲ့
ကိုယ် ...ကိုယ် မင်းကိုပိုင်ဆိုင်ဖို့အတွက် စွန့်ခဲ့ရတဲ့တန်ဖိုး
အများကြီးနော်"

"အခု ရှင့်လက်ထဲမှာ ကျန်နေသေးတာပဲဦးအောင်
တကယ်ဆို ရှင် တစ်ပြားတစ်ချပ်မှ ပိုင်ဆိုင်ထိုက်တဲ့ ယော
မဟုတ်ဘူး။ ရှင့်ဇနီးရဲ့ အမွေဥစ္စာတွေကို မက်မောပြီး
ကလေးနှစ်ယောက်အမေကို ယူခဲ့တာလေ ..အဟင်း ..
လည်း သစ္စာမဲ့ဖို့ ရှင်ကြိုးစားခဲ့တယ်၊ ရှင်နဲ့ထိုက်သင့်
ဆုလာဘ်ရတာပဲ"

"ပန်းဖြူတီ ...မင်း ...မင်းစကားက ဘာတွေ
ကိုယ် ...ကိုယ့်ကို မင်း နောက်ပြောင်နေတာလား"

"ဆင်ကောင်ကြီးကို ရှင် မြင်နေရပြီလေ ..အ
ဟင်း"

ဦးအောင်သိုက်မျက်နှာကြီး ညိုညစ်မည်းပုပ်သွားတ





သိဟရိအပြုံးနဲ့ ကြည့်နေတဲ့ ပန်းဖြူတီကိုကြည့်ရင်း ...သူ့ရင်
ထဲမှာ တနုံ့နုံ့ဖြစ်လာရတယ်။ ဒီမိန်းကလေးကို ပိုင်ဆိုင်ချင်စိတ်
ပြင်းပြထက်သန်မှုတွေနဲ့ သူ့ဘက်က စွန့်ခဲ့ရတာတွေ ...အခု
တော့ သွားပြီ။

ဒါ ...ပန်းဖြူတီဆိုတဲ့ ချာတိတ်မလေးက သူ့ကို ပညာ
ပေးလိုက်တာတဲ့။

"ပန်းဖြူတီ"

ကားတံခါးဖွင့်ပြီး ပြန်ဆင်းဖို့ကြိုးစားနေတဲ့ ပန်းဖြူတီ
ကို ဦးအောင်သိုက် ဆောင့်ဆွဲပစ်လိုက်တယ်။ ပန်းဖြူတီ ခန္ဓာ
ကိုယ်လေး သူ့ခန္ဓာကိုယ်ပေါ် ဝိကျလာတယ်။

"လွှတ် ...လွှတ် ...ရှင် ...မယုတ်မာနဲ့"

"ဟား ..ဟား ..မရဘူး ပန်းဖြူတီ ...ငါ ဆုံးရှုံးနစ်
နာခဲ့သမျှအတွက် လျော်ကြေးတော့မင်းပေးရမယ်"

"ရှင် ...ရှင် ...ကြီး"

ပန်းဖြူတီ ရုန်းကန်ဖို့ကြိုးစားပေမယ့် အင်အားချင်းက
ကွာတော့ ဦးအောင်သိုက်လက်ထဲက ရုန်းထွက်နိုင်ပါဘူး။ ရုန်း
နေတဲ့ဆင်ရိုင်းကြီးကို ဒဏ်ရာရအောင်လုပ်ခဲ့မိတာကိုတ ဖြ



www.burmeseclassic.com

www.burmeseclassic.com



အမှားဖြစ်ခဲ့ရပြီထင်ရဲ့။

မှန်တံခါးတွေ အလုံပိတ်ထားသည့်ကားထဲမှာ မြူ အော်ဟစ်ဖို့လည်း အချည်းနှီးပဲဖြစ်မှာ သေချာပါတယ်။

ဦးအောင်သိုက်က တဘုန်းဘုန်းထုရိုက်ကုတ်ခြစ်နေတဲ့ မြူ့တီလက်နှစ်ဖက်ကို အသေအချာဆုပ်ကိုင်ပြီး ဆိုဖာထိုင်ခုံ နောက်ကို လှန်ချပစ်လိုက်တယ်။ တစ်ချိန်တည်းမှာပဲ ခန္ဓာကိုယ်ကြီးကလည်း မြူ့ခန္ဓာလေးပေါ်ကို အုပ်မိုးဖိပစ်လိုက်တယ်။

မြူရှိသမျှခွန်အားနဲ့ရုန်းကန်ပေမယ့် ဦးအောင်သိုက်ရဲ့ အင်အားကို မလွန်ဆန်နိုင်ပါဘူး။

ရမ္မက်ခိုးတွေနဲ့ ရီဝေနေတဲ့မျက်နှာကြီးက မြူမျက်နှာလေးပေါ် ဖိကျလာတယ်။ ဝင်သက်ထွက်သက်လေပူတွေနဲ့ အနမ်းရိုင်းရိုင်းတွေ မြူမျက်နှာပေါ်ကို ရွံ့ရှာစရာကောင်းလောက်အောင် ရိုက်ခတ်လာတယ်။

"အား . . နာ . . နာတယ် . . လွှတ်ပါဦး . . . ဦးအောင်ရယ်"

"ကိုယ် လူမိုက်မဟုတ်ဘူးမြူတီ၊ မင်းရဲ့မာယာတွေကို ငါ ရိုက်ချိုးပြမယ် . . . အဟဲ ဟဲ"





ဦးအောင်သိုက်ရေရွှတ်ကြိမ်းဝါးရင်း ချုပ်ကိုင်လှန်ချိုးထားသောလက်တွေကို မလွှတ်သေးပါ။ ထိတ်လန့်စွာတုန်ယင်နေသော နှုတ်ခမ်းဖူးဖူးလေးကို ဦးအောင်သိုက် အားပါးတရ အုပ်နမ်းရှိုက ပစ်လိုက်တယ်။

အခွင့်အရေးတစ်ခုကို ပန်းမြူတီလက်လွှတ်မခံဘဲ ဦးအောင်သိုက်နှုတ်ခမ်းထူထူကြီးကို ဖိကိုက်ပစ်လိုက်တယ်။

"အ . . . အား"

နာကျင်မှုဝေဒနာနဲ့ ဦးအောင်သိုက်နှုတ်ခမ်း ဟက်တက်ပြဲပြီး သွေးတွေရဲရဲနဲ့ဖြာကျလာတယ်။

လွှတ်သွားတဲ့လက်တွေကို မြူအားကိုးပြီး မြူကားတံခါးဖွင့်ဖို့ကြိုးစားပေမယ့် ဦးအောင်သိုက် ကျားနာတစ်ကောင်လို လှမ်းဆွဲတယ်။

'မြို . . .'

မြူ့အင်္ကျီလေး ဆုတ်ပြဲသွားရတယ်။ အနောက်က သိုင်းဖက်ချုပ်နှောင်ထားတဲ့လက်တွေကို မြူ ရုန်းကန်နိုင်ဖို့ အင်အားမရှိတော့ဘူး။

'ခွမ်း . .'



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်တဲ့ကွဲရှသံကြီးနဲ့အတူ ကားရှေ့မှန်ကြီး အစိတ်စိတ်အမြွာမြွာကွဲအက်သွားခဲ့ရတယ်။

မြူ အလန့်တကြားမော့ကြည့်တော့ မြင်လိုက်ရတာ ... သူ။

"မြူ ... မြူ့ကိုကယ်ပါဦး"

အုတ်ခဲပိုင်းကျိုးနဲ့ ကားမှန်ကိုရိုက်ခွဲလိုက်တဲ့ ခန့်ညား ကားတံခါးကို ဆွဲဖွင့်လိုက်တော့ မြူအားကိုးတကြီး သူ့ရင်ခွင် ထဲတိုးဝင်လာတယ်။

"ဟေ့ ... ဟေ့ကောင် မင်းဘယ်သူလဲ၊ မင်းနဲ့မဆိုင် ဘူး"

"ခင်ဗျားကြီး ခုထွက်ခဲ့စမ်း ... လူယုတ်မာကြီး"

အခြေအနေတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်တယ်။ ဆိုင်ထဲ က ပြေးထွက်လာတဲ့သူတွေကြောင့် ခန့်ညား အပေါ်ရုပ်အင်္ကျီ ချွတ်ပြီး မြူ့ခန္ဓာကိုယ်လေးကို လွှမ်းခြုံပေးလိုက်ရတယ်။

ဆိုင်မန်နေဂျာ ကိုထိုက်အောင် ပန်းမြူတီကို မျက်ဝန်း တွေပြူးကြည့်ရင်း ...

"ဘာ ... ဘာတွေဖြစ်တာလဲ ပန်းမြူတီ"





"ဟေ့ကောင်တွေ ... မင်းတို့ဆိုင်ရှင်ဘယ်မှာလဲ၊ ဒီ ဘာကြီး မှန်ကွဲသွားပြီ ... အဲဒီကိစ္စ ဘယ်လိုရှင်းမလဲ ... ပြော"

"နေ ... နေပါဦးခင်ဗျာ၊ ဒီကိစ္စကို ကျွန်တော်ရှင်းပေး ပါ့မယ်၊ ကဲ ... ပန်းမြူတီကော, အန်ကယ်လ်ကော ရုံးခန်းထဲ လိုက်ခဲ့ပါခင်ဗျာ၊ ကျန်တဲ့လူတွေ ဆိုင်ထဲမှာ အေးအေးဆေးဆေး မြန်ထိုင်ကြပါ ခင်ဗျာ"

"ဟေ့ကောင် ... မင်း ငါ့ကားမှန်ကို ခွဲတဲ့ကောင် မင်းကိုငါ ထောင်ထဲပို့ပစ်မယ် .. အ .. အ .. ကျွတ်ကျွတ်"

နှုတ်ခမ်းက ယိုစီးကျနေတဲ့ သွေးစတွေကို ပွတ်သုတ်ရင်း ဦးအောင်သိုက် ခန့်ညားကို ကြိမ်းဝါးတယ်။ ပန်းမြူတီ ဦးအောင် သိုက်ကို ရွံရှာစက်ဆုပ်စွာ ကြည့်ရင်း ...

"ကျွန်မကလည်း ရှင့်ကို ထောင်ထဲရောက်အောင်ပို့ပစ် မှာပေါ့ ဦးအောင်သိုက်ရယ်"

"ဟာ ... ဟေ့ ... ဟေ့ ... တော်ကြ၊ ရုံးခန်းထဲ ရောက်မှ ဖြေရှင်းကြပါ၊ အပြင်ဘက်မှာ စားသုံးသူတွေနဲ့ မသင့် တော်ပါဘူး"

ဆိုင်မန်နေဂျာ ကိုထိုက်အောင် အတော်ပဲခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။ ရှုပ်ထွေးကုန်တဲ့ ပြဿနာကို ရှင်းဖို့အားလုံး[illegible] ခန်းထဲ ဆင့်ခေါ်လိုက်တယ်။

ကိုထိုက်အောင် ဖုန်းဆက်မှုကြောင့် ဆိုင်ပိုင်ရှင်ဦး[illegible] တီလည်း ကသောကမျော ပေါက်ချလာ့ပါတယ်။

အားလုံး ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းအပြီးမှာတော့ [illegible] မှန်ကီစွအတွက်လျော်ရမယ့် ခန့်ညားပြဿနာကို ဦးအောင်သိ[illegible] မချိုတင်ကနဲ့ အလျှော့ပေးလိုက်ရပါတယ်။

မလျှော့လိုလည်းမဖြစ်ဘူးလေ။ ခန့်ညားကို ပြဿ[illegible] ရှာရင် ပန်းဖြူတီကလည်း သူ့ကိုတရားရုံးကနေ ရင်ဆိုင်မှာ[illegible] ဖြစ်ပါတယ်။

"ကဲ . . . ကဲ . . . အားလုံး ပြေလည်ပြီဆိုရင် ပန်းဖြူ[illegible] . . . မင်း ရုံးခန်းထဲမှာ နေခဲ့ပါဦး။ ကျန်တဲ့လူတွေ ပြန်နိုင်ပါ[illegible]

"ရှင် . . . ဆိုင်အပြင်က စောင့်နေပါ ကိုခန့်ညား[illegible] ကျွန်မ အခုပြန်လာခဲ့မယ်"

ပန်းဖြူတီစကားကို ခေါင်းညိတ်ပြရင်း ခန့်ညား ရုံးခန်း ထဲက ထွက်ခဲ့တယ်။ ဆိုင်ရှေ့မှာ သူ ကြာကြာမစောင့်လိုက်ရ ဘူး။

ထမ်းပျိုစာပေ



မိနစ်နှစ်ဆယ်လောက်ကြာတော့ ပန်းဖြူတီထွက်လာ ပါတယ်။

"မင်းတို့ ဘာပြဿနာတွေဖြေရှင်းကြတာလဲ ပန်းဖြူ တီ"

"အဟင်း . . . ဆိုင်ရှင်က ကျွန်မကိုအလုပ်ထုတ်လိုက် ပြီဆိုတဲ့အကြောင်း ပြောတာပါ။ ကျွန်မကြောင့် သူ့ဆိုင် နာမည် ပျက်သွားပြီတဲ့"

"တောက် . . . မတရားလိုက်တာကွာ၊ ဒီလူကြီး မင်းကို စော်ကားဖို့ကြံတာကျတော့ကော"

"ထားလိုက်ပါတော့ . . . ဒီကိစ္စတွေ ပြီးဆုံးသွားပြီ၊ ကဲ . . . ကျွန်မ ပြန်မှဖြစ်မယ် . . . အချိန်တော်တော်လင့်နေပြီ"

"မင်းကို ကိုယ်စိတ်မချဘူး ပန်းဖြူတီ၊ ကိုယ်လိုက်ပို့ပေး ပါရစေ"

"အဟင်း . . . လိုက်ပို့ရအောင် ရှင့်မှာ ကားမှမပါတာ ကဲပါလေ . . . ရှင့်ဘာသာ ပြန်ပါ၊ ကျွန်မဘာသာ တက္ကစီနဲ့ပဲ ပြန်ပါ့မယ်၊ အဲ . . . မနက်ကျမှ ရှင့်အင်္ကျီပြန်ယူပေါ့ . . . ဖြစ်ရဲ့ လား"

ထမ်းပျိုစာပေ

www.burmeseclassic.com

"ဖြစ်ပါတယ်ပန်းမြူတီ၊ မနက်ကျရင် ကိုယ် မင်း
ကိုလာခဲ့မယ်၊ ဟို ...တစ်မျိုးမထင်ပါနဲ့ ...ကိုယ့်ကို
မိတ်ဆွေအဖြစ် အသိအမှတ်ပြုပေးပါနော်"

"အင်းလေ ... ရှင်က ခုချိန်မှာ ကျွန်မကျေးဇူးရှင်
ပြီဆိုတော့ အသိအမှတ်ပြုရမှာပေါ့"

မြူ တက္ကစီတစ်စီးငှားကာပြန်ခဲ့တော့ သူ ပလက်ဖောင်း
ပေါ်မှာရပ်ရင်း ကျန်ရစ်ခဲ့တယ်။

မြူအနောက်မှာ အရိပ်လိုလိုရှိနေခဲ့တဲ့သူကြောင့်
ကောင်းခဲ့ရတာကိုတွေးရင်း မြူနွေးနွေးကလေး ပြုံးလိုက်မိတယ်

ခန့်ညား ...တဲ့။

ဘာပဲဖြစ်ဖြစ် သူ့ရဲ့ရိုးသားဖြူစင်တဲ့ စိတ်ဓာတ်နဲ့
ဝန်းတွေကိုတော့ မြူအသိအမှတ်ပြု လက်ခံရတော့မှာပေါ့

ဒါပေမဲ့ ယောကျ်ားတွေကို မြူမယုံချင်ဘူး။ ရှင့်ကို
ချွင်းချက်တစ်ခုအဖြစ်ပေါ့ ခန့်ညားရယ်။

* * *

# အခန်း | ၂၂ |

❑

❑ "သေချာတာတော့ ကျွန်မအတွက် ဒီပြဿနာအတော်
တယ်၊ ဦးဟုတ်တီက ကျွန်မအကြောင်းကို ဆိုင်အတော်များ
မှာ သတင်းပို့ထားမှာ သေချာပြီးသားလေ"

"မင်းမှာ ဘာအပြစ်ရှိလို့လဲ ...သူ ဘာလုပ်လို့ရမှာ
လဲ"

"ဆိုင်မှာအမြဲတမ်းစားသုံးနေတဲ့ စားသုံးသူတွေ ရှက်



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်သဲသဲဖြစ်အောင်လုပ်ခဲ့တဲ့အပြစ်က ဆိုင်ရဲ့တားမြစ်ထား စည်းကမ်းပဲလေ၊ ပြီးတော့ . . . နတ်သမီးဆိုင်ပိုင်ရှင်ဦးဟုတ် ဆိုတာ ကျန်တဲ့ဆိုင်အတော်များများကို ဩဇာညောင်းတဲ့သူ ကျွန်မ အလုပ်ရှာဖွေဖို့ခက်ခဲသွားတာ အမှန်ပဲ''

''မင်း စိတ်ညစ်နေသလား ပန်းမြူတီ''

''ဟင့်အင်း . . . ဂရုမစိုက်ပါဘူး။ တစ်ဝမ်းတစ်ခါး တွက် မြူရှာဖွေနိုင်ပါတယ်''

''ကိုယ် မင်းကို ဘာကူညီရမလဲ ပန်းမြူတီ''

''ရှင် ဘာကူညီနိုင်မှာမို့လို့လဲ ခန့်ညား''

''လောလောဆယ်တော့ မွန်းကျပ်နေတဲ့ မင်းစိတ် ပေါ့ပါးသွားအောင် ကိုယ်ကူညီပါ့မယ်၊ ကိုယ်တို့ ဘုရားသွား အောင်''

သူဆိုမှ မြူ . . . ဘုရားမရောက်ခဲ့တာ အတော်ကြာ ဟု သတိရမိတယ်။ သူ့မျက်ဝန်းတွေက တည်ငြိမ်စွာပဲ မြူ ငေးစိုက်ကြည့်နေတာမို့ မြူ ခေါင်းကလေးညိတ်ပြလိုက်မိရဲ့၊

ကဖေးဆိုင်ကလေးထဲကအထွက်မှာ သူက တက္ကစီတ စီးကို တားတယ်။ နှစ်ယောက်သား ရွှေတိဂုံဘုရားကို ဦးတည်





ခင်းနိုင်းလိုက်ကြတယ်။

ရင်ပြင်ပေါ်အတက်မှာ သူက ဘုရားမှာပူဇော်ဖို့ ပန်းနဲ့ ဆီမီး အမွှေးတိုင်တွေ အပြေးကလေးသွားဝယ်တယ်။

လည်ကတုံးရှပ်အဖြူကို အနက်ရောင်မှာ ချည်ပွင့်လေး တွေဖောက်ရက်ထားသော ပုဆိုးနှင့်တွဲကာ ဝတ်ဆင်ထားသော ခန့်ညားကို မြူ ငေးငေးလေးကြည့်မိတယ်။

ကျစ်လျစ်သောခန္ဓာကိုယ်အချိုးအဆစ်နှင့် မြင့်မားသော အရပ်အမောင်းက ခန့်ညားအသွင်ကို ထင်ရှားနေစေရဲ့။ မတို ညှပ်ဆံပင်ကို လှန်ဖြီးသင်ထားတာမို့ နဖပ်ဝင်းမွတ်သောမျက်နှာ ထားက ပေါ်လွင်နေပါတယ်။

စိမ်းဖန့်နေသောမျက်ခုံးအစုံနှင့် ကြည်လဲ့သောမျက် ဝန်းတွေ၊ ယောကျ်ားတန်မဲ့ စိုလဲ့နီရဲသောနှုတ်ခမ်းတွေကလည်း ခန့်ညားရဲ့ချောမွေ့နေမှုကို ပိုမိုထင်ရှားပေါ်လွင်စေတာထင်ပါရဲ့။

နဖစ်ပျိုမြစ်သောမျက်နှာလေးက မိန်းမဆန်လွန်းနေ သယ့် ပါးသိုင်းနှုတ်ခမ်းတစ်ပိုက်မှာ စိမ်းဖန့်နေသောမွေးညှင်း နုလေးတွေကတော့ ရင်ခုန်ချင်စရာကောင်းနေသည်ဟု မြူ ထင် မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ရင်ပြင်မှာ ဝပ်တွားဦးခိုက်ပြီးတော့ ခန့်ညား က မြို့လက်ထဲကပန်းစည်းကို လှမ်းတောင်းတယ်။

မြို့လှမ်းပေးတော့ သူ့လက်ထဲကပန်းစည်းနဲ့အတူ ပေါင်း ရှုပြီး ရုပ်ပွားတော်ရှေ့ကပန်းအိုးမှာ ထိုးစိုက်လှူဒါန်းတယ်။

ဘာကြောင့်မှန်း မသိ။ မြို့ရင်ထဲမှာခံစားရတဲ့ ကြည်နူး ချမ်းမြေ့မှုမျိုး တစ်ခါမှ မခံစားဖူးခဲ့ဖူးပါဘူး။ ဒါ ဘဝမှာ ပထမဆုံး ဆိုတာ သေချာခဲ့ပါတယ်။

ဘုရားပေါ်ကဆင်းခဲ့ကြတော့ နံနက်စာစားဖို့ သူကပဲ မြန်မာထမင်းဆိုင်လေးကို ရွေးချယ်တယ်။

"မြို့ ဘယ်သွားဦးမှာလဲဟင်"

"မသိဘူးလေ ...ယူက ဘယ်သွားဖို့စီစဉ်ထားလဲ"

"တိရစ္ဆာန်ရုံဘက်သွားပြီး သတ္တဝါတွေကို ကုသိုလ်သွား လုပ်မယ်လေ"

သူ့စိတ်ကူးလေးတွေက လှပနေတာမို့ မြို့ခေါင်းလေး ညိတ်ကာ ပုတ်သင်ညိုလေးဖြစ်ခဲ့ရတယ်။

တိရစ္ဆာန်ရုံလေးထဲမှာလည်ပတ်ပြီး သတ္တဝါတွေကိုအစာ ကျွေးခဲ့ရတာလည်း ပျော်စရာပါပဲ။





မြို့ဘဝမှာ သည့်လိုပျော်ရွှင်ငြိမ်းချမ်းမှုတွေနဲ့ ကင်းဝေး နေခဲ့တာကြာပြီ။ မြို့ကြည်နူးပျော်ရွှင်နေတာကြည့်ပြီး သူကတော့ ပြုံးနေမိတယ်။

"မြို့ ...စိတ်ချမ်းသာနေတယ်မို့လားဟင်"

"အင်း ...ခုချိန်မှာတော့ တကယ်စိတ်ချမ်းသာတယ်။ ပျော်နေတယ်"

"မြို့အမြဲတမ်းပျော်နေတာကိုပဲ ကိုယ်မြင်တွေ့ချင်တာ ပါ"

ဒါ ...

သူ့နှုတ်ဖျားက စကားလား။ ရင်ထဲက စကားလား။

မြို့ရဲ့ချွတ်ယွင်းချက်ကြီးတစ်ခု ဖြစ်နေပြီထင်ပါရဲ့။ ဒီ အတွက် မြို့ အတ္တဆန်ဆန် မာကျောနေခဲ့တာဆိုရင်လည်း ခန့်ညားနားလည်ပေးပါ ခန့်ညား။

အဲဒီနေ့က ပျော်ရွှင်စရာကြည်နူးမှုလေးတွေက မာကျော နေတဲ့ မြို့နှလုံးသားကိုတော့ ညင်သာပျော့ပျောင်းစေခဲ့တာ ဝန် ခံပါတယ်။

အိပ်မက်ထဲအထိ ရှင့်ပုံရိပ်တွေ ပါဝင်လာတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မြူ့ အံ့ဩမိတာအမှန်ပါပဲ။ စိတ်ရဲ့ဖွဲ့လမ်းမှုက အိပ်မက်တွေအပြ
မြင်မက်တတ်တယ်တဲ့။

ဒါဆိုရင် ... မြူ ရှင့်ကိုနှောင်တွယ်သွားခဲ့ပြီလားကွယ်

အိပ်မက်ထဲမှာ မြူနဲ့ရှင်က ချစ်သူတွေတဲ့။ ရှင်ရဲ့ယုယ
ကြင်နာမှုတွေထဲမှာ မြူကိုယ်တိုင်ပျော်မွေ့နေခဲ့သတဲ့။

ညသန်းခေါင် မြူ အိပ်မက်ကလန့်နိုးတော့ ရင်တွေဒ
လှုပ်လှုပ်ခုန်နေခဲ့တာ ရှင်သိနိုင်မှာမဟုတ်ဘူး။

မြူ့နှလုံးသားတွေ ရှင်နဲ့ဆုံတွေ့လိုက်မှာပဲ ပြောင်းလဲခဲ့ပြီ
လား။

* * *

# အခန်း | ၂၃ |

❑

❑ "သမီးငှားထားတဲ့ တစ်နှစ်စာချုပ်က နောက်နှစ်ပတ်
ဆိုရင် ပြည့်ပြီလေ၊ ဒီတော့ နောက်ထပ်ဒီအခန်းကိုဆက်ငှားမှာ
လား၊ မငှားဘူးလားဆိုတာ အန်တီသိထားချင်တယ်"

တိုက်ခန်းပိုင်ရှင် မိန်းမကြီးမေးလာတော့ မြူချက်ချင်း
အဖြေပေးဖို့ခက်ခက်ဖြစ်ရပါတယ်။

လတ်တလောမှာ မြူ အလုပ်မရှိ။ ဝင်ငွေမရှိဘဲ နှစ်ထ



www.burmeseclassic.com

သောက်ထိုင်စားလိုက်ရတာမို့ လက်ထဲက စုဆောင်းထားသော ငွေကလေး ပွန်းပဲ့သွားခဲ့ရတယ်။ ဖြူ့ အလုပ်အတွက် တခြားဆိုင်တွေကို စုံစမ်းတော့လည်း ဦးဟုတ်တီ၏ လောင်းရိပ်မကင်းသော ဆိုင်တွေမို့ ဖြူ့ကို လက်မခံချင်ကြပါ။ လက်ခံသည့်ဆိုင်ကျတော့လည်း ဖြူ့အတွက် အဆင်မပြေနိုင်သော လစာငွေလေးဆိုတော့ မဖြစ်ပါ။

"ဘယ်လိုလဲ သမီး ...အန်တီမေးတာ ပြောပါဦး။ ပွင့်ပွင့်လင်းလင်းပြောရရင် တိုက်ခန်းငှားခကိုလည်း အန်တီသုံးသောင်းနဲ့မရတော့ဘူးဆိုတာ ပြောချင်တယ်၊ သုံးသောင်းခွဲနှုန်းမှ ဆက်ငှားဖြစ်လိမ့်မယ်"

လက်ရှိနှုန်းထားနှင့်တောင် ဖြူ့အတွက်ခက်ခဲနေရဲ့မှတော့ ထပ်တိုးသည့်နှုန်းနှင့်ဆို ဘယ်လိုမှ မဖြစ်နိုင်တော့တာမို့။

"သမီး ထပ်ငှားဖြစ်မှာမဟုတ်ဘူး အန်တီ၊ တခြားတစ်ယောက်ပဲ ရှာလိုက်ပါ"

"အေးကွယ် ...ဒီလိုအပြတ်သိထားရတာ ကောင်းပါတယ်၊ နောက်ထပ် ငှားမယ့်သူက အသင့်ရှိပါတယ်၊ အန်တီက သမီးကို ကြိုမေးတာပါ"

"ဟုတ်ကဲ့ ...စာချုပ်ပြည့်တာနဲ့ သမီး ဒီအခန်းကထွက်ပေးပါ့မယ် အန်တီ"

"အေး ...အေး ...ဒါဆိုလည်း အန်တီသွားမယ် သမီး"

အိမ်ရှင်အမျိုးသမီးကြီး ပြန်ထွက်သွားတော့ ဖြူစိတ်ညစ်ညစ်နှင့်သက်ပြင်းချရင်း အခန်းတံခါးကို ပိတ်လိုက်ရတယ်။

အခန်းတံခါးခေါက်သံက ဖြူ့ခြေလှမ်းတွေကို တုံ့ခနဲဖြစ်သွားရပြန်တယ်။

"ဖြူ ...ကိုယ်ပါ ...ခန့်ညား"

ဖြူ အခန်းတံခါးကိုဖွင့်ပေးလိုက်တော့ ခန့်ညားလက်ထဲမှာ ပလတ်စတစ်အိတ်တစ်အိတ် ဆွဲပြီးဝင်လာတယ်။

"လမ်းကြုံနေတာနဲ့ ဖြူစားစေချင်လို့ ဒံပေါက်ဝင်ဝယ်လာတာ"

ခန့်ညားက ဖြူ့ဆီရောက်လာတိုင်း စားစရာတစ်ခုခုမြဲတမ်းဝယ်လာတတ်ပါတယ်။ ဒံပေါက်ကို ဖြူကြိုက်တတ်မှန်းလည်း သိနေပြီလေ။

**ထမင်းချိုစာပေ**

**ထမင်းချိုစာပေ**



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ထိုင်ပါ ခန့်ညား"

ညော့ခန်းက ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း ခန့်ညား မြူ့ မျက်နှာကို အကဲခတ်ကြည့်တယ်။ ပြီးမှ ...

"မြူ ...နေမကောင်းဘူးလား ဟင်"

"အင်း ...ကောင်းပါတယ် ...ဘာမှမဖြစ်ပါဘူး"

"မြူ တစ်ခုခုဖြစ်နေတာ ကိုယ်သိတယ်၊ ဘာဖြစ်လို့လဲ ဟင် ...ကိုယ် ဘာကူညီရမလဲ၊ ဟို ...မြူ အသုံးပြတ်နေရင် ကိုယ့်မှာ နည်းနည်းရှိတယ် ...ကိုယ့်သူငယ်ချင်းတစ်ယောက်ဆီ က ဆွဲလာတာ၊ မြူတစ်ဝက်ယူထားမလား"

"ဟင့်အင်း ...မယူပါဘူး ခန့်ညား။ အသုံးစရိတ်က မြူ့မှာရှိပါသေးတယ်၊ မနေ့ကမှ ဆွဲကြိုးရောင်းပစ်ထားတာလေ ..အဟင်း ..အခုဟာက မြူ အနာဂတ်အတွက်စဉ်းစားနေ တာ"

"မြူ ဘာလုပ်မလို့လဲ ...ကိုယ့်ကိုလည်း ပြောပါဦး"

"မြူ မန္တလေးဘက်ကို သွားမလို့"

"ဟာ ...ဘာရယ် ...မြူ"

"ဟုတ်တယ်လေ ...ဒီမှာ မြူ့အလုပ်တွက် သိပ်





အဆင်မပြေဘူး။ ဒါကြောင့် မန္တလေးကိုသွားမလို့ပါ၊ မန္တလေးမှာ အရင်က မြူနဲ့ခင်မင်ခဲ့တဲ့ ယမင်းခင်ဆိုတဲ့ သူငယ်ချင်းတစ် ယောက် ရှိတယ်၊ သူက စားသောက်ဆိုင်တစ်ခုမှာ အဆင်ပြေ နေတယ်၊ မြူ သူ့ဆီသွားမလို့လေ"

"ဟာ ...မြူရယ် ...ကိုယ်တော့ မြူ့ကို ဒီလောက ကြီးထဲ ပြန်မဝင်စေချင်ဘူး။ မူးရူးနေတဲ့ သူတွေကို ဖျော်ဖြေနေ ရတဲ့အလုပ်ကြီး၊ မြူ့အတွက်အန္တရာယ်များပါတယ်၊ ဦးအောင် သိုက်တို့လိုလူမျိုးနဲ့ ထပ်ကြုံမှာ ကိုယ်စိုးရိမ်တယ်"

"မြူ့အတွက် ရွေးစရာမှမရှိတော့ပဲလေ ...နောက်နှစ် လတ်ဆို မြူ ဒီအခန်းက ဖယ်ပေးရတော့မယ်၊ ဒီမှာလည်း မြူ့ အတွက် အလုပ်ကအဆင်မပြေဘူး"

"မြူရယ် တစ်ဝမ်းတစ်ခါးအတွက် သမ္မာအာဇီဝကျတဲ့ အလုပ်တွေ အများကြီးရှိပါတယ်"

"အဟင်း ..မြူ စိတ်မဝင်စားဘူးခန့်ညား။ ဈေးနဲ့ရင်း နှီး ငွေမရှာနိုင်ပါဘူး။ အဟင်း ဟင်း ...ပြီးတော့ ကျွန်ုမ ကျွမ်းကျင်တဲ့ အလုပ်က ဒါပဲလေ"

"မြူရယ် ...စင်ပေါ်မှာ ဖျော်ဖြေပေးနေရတာ သမ္မာ



www.burmeseclassic.com

www.burmeseclassic.com



အာဗီဝကျပေမယ့် ယောကျ်ားတကာရဲ့ အကြည့်ရိုင်းရိုင်းတွေ အောက်မှာ ဖျော်ဖြေနေရတဲ့ ဘဝကြီးကို ဖြူမတွယ်မက်ပါနဲ့"

"ဒါ ... ဖြူ့အလုပ် ဖြူ့ဘဝလို့ ခံယူထားတယ်၊ အဲဒါ ရှင်နဲ့မဆိုင်ဘူးထင်တယ်"

"ဖြူရယ် ... ဒီလိုမပြောပါနဲ့၊ မင်း တစ်ခုခုဖြစ်မှာ ကိုယ်စိုးရိမ်လို့ပါ၊ ကိုယ် မင်းကိုချစ်တယ်၊ မြတ်နိုးစွာချစ်တယ် မင်းဘဝကို ကိုယ် စောင့်ရှောက်ချင်တယ်"

"အဟင်း ... ရယ်စရာကောင်းလိုက်တာ ခန့်ညားရယ်၊ ကျွန်မဘဝကို ကယ်တင်ဖို့ထက် ရှင့်ဘဝကိုတောင် ရှင် ပြည့်စုံအောင် နေနိုင်လို့လား ခန့်ညား"

ဖြူ့စကားက သူ့ရင်ထဲအထိ စူးစိုက်ဝင်သွားသော မြား တစ်စင်းလိုပါပဲ။ နှုတ်ခမ်းဖူးဖူးလေးတွေ မထိတရိပြုံးနေတတ်တဲ့ ဖြူ့အပြုံး။ သူ့ကို လှောင်ပြောင်အထင်သေးတတ်တဲ့ မျက်ဝန်းနက်နက်လေးတွေ။

ထိုအရာအားလုံးကိုမှ ယစ်မူးတွယ်မက်နေမိတော့လည်း

"ဖြူရယ် ... ကိုယ်လေ မင်းကို မြတ်နိုးစွာချစ်နေတာပါ"

**ထမ်းချိုစာဝေ**



"တော် ... တော်ပါတော့ ခန့်ညား၊ ကျွန်မ ရယ်ရလွန်းလို့ သေသွားနိုင်တယ်၊ အဟင်း ဟင်း .. အချစ်ဆိုတာ ဘာလဲ ... ယောကျ်ားတစ်ယောက်ရဲ့ တပ်မက်မှုဟာ အချစ်လား၊ ကျွန်မ မယုံဘူး"

"တပ်မက်မှု ... ဟုတ်လားဖြူ၊ မင်းကို ကိုယ်ချစ်တာ ဘာတပ်မက်မှုမှ မပါဘူး၊ နှောင်တွယ်မှု မပါဘူးဆိုတာ အကြွင်းမဲ့ယုံပါ၊ မင်းဘဝလေးကို ပျော်ရွှင်စေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ် ... အဲဒါ ကိုယ့်ချစ်ခြင်းတရားပဲ"

"ရှင်ပြန်ပါတော့ ခန့်ညား၊ ဖြူတစ်ယောက်တည်းနေပါရစေ"

"ဖြူ ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်အချစ်ကို မင်းယုံအောင် ကိုယ်သက်သေပြချင်တယ်၊ မင်းဘဝလေး နစ်မွန်းစေမယ့် အလုပ်ထဲမှာ မရှင်သန်ပါနဲ့နော် ... ကိုယ့်အားတွေကို ဖြူ အလေးအနက် စဉ်းစားပေးပါ။ ကိုယ်သွားတော့မယ် ဖြူ"

စကားအဆုံးမှာ သူအခန်းထဲက တရွေ့ရွေ့ထွက်ခွာသွားခဲ့ပါတယ်။ ဖြူ သူ့ကို ငေးစိုက်ကြည့်ရင်း ဘာစကားမှ မဆိုနိုင်ခဲ့ပါဘူး။

**ထမ်းချိုစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းထဲက တောက်ပနေတဲ့ မျှော်လင့်ချက်တွေ ကိုမြင်ယောင်နေမိဆဲ။ သူ့စကားသံတွေကို မြို့ကြားယောင်နေဆဲ။

ဘာကြောင့်များ မြို့ သူ့ကိုသနားသွားရတာလဲ မသိ တကယ်တမ်းကျတော့ သူနဲ့အဝေးဆုံးကို မြို့ပြေးထွက်သွား တာလည်း အမှန်။

အချစ်ဆိုတာ ဘာလဲ။

မြို့ သိလျက်နဲ့ ဥပေက္ခာပြုဟန်ဆောင်နေခဲ့မိတာလား သိချင်လိုက်တာ ...။

* * *

## အခန်း | ၂၅ |

❑

❑ "မြို့ ... ကိုယ့်ကို ဘာလို့ ဒီကိုခေါ်လာရတာလဲဟင်၊ မြို့ ဘာပြောချင်လို့လဲဟင်"

အင်းယားကန်ပေါင်ရိုးပေါ်က ခုံတန်းလေးမှာ မြို့ ဝင်ထိုင်တော့ ခန့်ညား တအံ့တသြလေးနှင့် မေးလာတယ်။

"မြို့ ... သူ့ကိုပြောချင်တာတွေ အများကြီးရှိတယ်၊ အဲဒါတွေပြောပြချင်လို့ ... သူ နားထောင်ပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နားထောင်ပေးနိုင်တာပေါ့ ... ပြောလေ"

မြို့နှံဘေးက ခုံတန်းလေးမှာ သူ ဝင်ထိုင်ရင်း နား ထောင်နေတာတွေ့တော့ မြို့ရင်ထဲက ကျိတ်ပြုံးလိုက်မိတယ်။ အချစ်ဆိုတာ ဘာလဲ။ မြို့ မကြာခင်ပဲ လက်တွေ့သိခွင့်ရစေ တော့ မှာလေ။

"မြို့ မနက်ဖြန်ပဲ မန္တလေးသွားတော့မှာ"

"ဟင်"

"ဟုတ်တယ် ခန့်ညား ... မြို့မှာ ရင်ဆိုင်ရမယ့် ဒုက္ခ တွေ အများကြီးပဲ ... အဲဒါတွေ မြို့ပြောပြချင်လို့"

"မြို့ ဘာတွေရင်ဆိုင်ရလို့လဲ ... ဘယ်လောက်ကြီး မားတဲ့ဒုက္ခကြီးဖြစ်ပါစေ ... ကိုယ် ကူညီချင်တယ်"

"မြို့ လက်ရှိရင်ဆိုင်နေရတဲ့ ဒုက္ခတွေကို ခန့်ညား သိတယ်လေ"

"ကိုယ်သိပါတယ် မြို့ ... အဲဒါ ပြဿနာတွေ မဟုတ် ပါဘူး။ အိုကွာ ... မြို့ကို ကိုယ်ကူညီနိုင်တယ်၊ မြို့သာ လက်ခံ မယ်ဆိုရင် ကိုယ်လေ ..."

"နေပါဦး ခန့်ညား ... ကျွန်မ စကားမဆုံးသေးဘူး"





"ပြော ... ပြောပါမြို့ ... ကိုယ် နားထောင်နေပါ တယ်"

"အခု ကျွန်မ အကြီးမားဆုံး ရင်ဆိုင်နေရတဲ့ အခက် အခဲက ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ"

ခန့်ညားမျက်ဝန်းတွေ အထိတ်တလန့်ပြူးကျယ်သွား တယ်။ မြို့ကို မျက်ဝန်းကြောင်ကြောင်တွေနဲ့ ငေးစိုက်ကြည့်ရင်း ...

"မြို့ ... မြို့ ... ဒါ ... ဒါ ..."

"ဟုတ်တယ် ခန့်ညား ... ဦးအောင်သိုက်ရဲ့ သွေးသား က ကျွန်မဝမ်းထဲမှာ ရှိနေတာသေချာပြီ၊ မနေ့က ဆေးစစ် ချက် ရပြီ ... နှစ်လကျော်ပြီတဲ့"

"မြို့ရယ်"

"ကျွန်မနဲ့သူ ကားပေါ်မှာပြဿနာဖြစ်ကြတာ အဲဒီကိစ္စ ပဲလေ၊ သူက တာဝန်မယူနိုင်ဘူး။ ကိုယ်ဝန်ကို ဖျက်ချဖို့ပြော တယ်၊ အဲဒါ ငြင်းခုန်ကြရင်းပြဿနာဖြစ်တုန်း ရှင်ရောက်လာ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...ဒီလူကြီးကွာ"

"အာလုံး မြူ့အမှားတွေပါ၊ ဦးအောင်သိုက်ကို မြူ ယုံလွယ်ခဲ့မိတဲ့အမှားပါ၊ အခု ...ဒီပြဿနာတွေအတွက် မြူ တစ်နေရာကို ရှောင်ထွက်သွားမှ ဖြစ်မယ်"

"မလိုအပ်ပါဘူး မြူရယ်၊ ကိုယ် မြူ့ကို ကူညီနိုင်တယ်၊ အိုကွာ ...ကိုယ် မြူ့ကိုလက်ထပ်ယူမယ်"

"ဘာရယ် ခန့်ညား ...မဖြစ်နိုင်တာ"

"မြူရယ် ကိုယ့်ကို လက်မခံနိုင်ရင်တောင် ဝမ်းထဲက ရင်သွေးအတွက် မင်းလက်ခံပေးပါ၊ ကိုယ် မင်းကို လက်ထပ်ပါရစေ"

"ပထွေးဆိုတဲ့လူတွေကို မြူသိပ်ကြောက်တယ် ခန့်ညား၊ မြူရဲ့အတိတ်ကို ရှင်းသိအောင် ပြောပြမယ် ...ပထွေးကြောင့် ပန်းမြူတို့ရဲ့ဘဝမှာ မုန်တိုင်းထန်ခဲ့ရဖူးတယ်"

မြူမျက်ဝန်းတွေက တဖိတ်ဖိတ်တောက်နေသော ကန့်ရေပြင်ပေါ် ငေးမောသွားခဲ့ပါတယ်။ ခါးသီးဖွယ် အတိတ်ဖြစ်ရပ်ကြီးကို မြူပြန်ပြောပြတော့ ခန့်ညား တိတ်ဆိတ်စွာ နားထောင်နေခဲ့တယ်။

ထမ်းရိုးစာဝေ



မြူ့စကားတွေ အဆုံးသတ်တော့မှ ခန့်ညားဝင့်သက်ရှိုက်ရင်း ...

"မြူရယ် ..ကိုယ်ဟာ မင်းဝမ်းထဲကကလေးရဲ့ ပထွေးဆိုတာ ဘယ်သူမှမသိဘူး။ ကိုယ့်သားသမီးအရင်းလို စောင့်ရှောက်မှာပါ"

"ဘယ်သူမှ မသိကြပေမယ့် မြူသိနေတယ်လေ၊ မြူ့ရင်သွေးလေးအတွက် ပထွေးဆိုတာ မရှိစေရဘူး။ မြူ ခံစားနာကျင်ခဲ့ရသလို မခံစားစေချင်ဘူး"

"မြူရယ် ...မြူ့ခံစားချက်ကို ကိုယ်နားလည်ပါတယ်၊ မြူ ဘယ်တော့မှ ရှောင်ထွက်မသွားပါနဲ့၊ မြူ့ကို ကိုယ် စောင့်ရှောက်ပါရစေ၊ မြူစိတ်တိုင်းကျ မြူရဲ့ရင်သွေးလေး လူ့လောကထဲရောက်တဲ့နေ့မှာပဲ မြူ့ကို ကိုယ်ကွာရှင်းပေးပါ့မယ်၊ ဒါဆိုရင် မြူကျေနပ်ပါ၊ မြူ့ကို ကိုယ့်ရဲ့ညီမလေးတစ်ယောက်လို စောင့်ရှောက်မယ်ဆိုတာ မြူယုံပါ"

သူ့မျက်ဝန်းတွေက တည်ငြိမ်လေးနက်စွာဆိုနေမှန်း မြူမြင်သိနေရပါတယ်။ စူးရှတဲ့မျက်ဝန်းတွေထဲက ပြာလဲ့နေတဲ့ ရောင်စဉ်တွေက ချစ်စိတ်ရဲ့တန်ခိုးတွေလား။

ထမ်းရိုးစာဝေ

www.burmeseclassic.com

www.burmeseclassic.com



"မြူကို ကိုယ် ပိုင်ဆိုင်ခွင့်မရရင်လည်း မြတ်နိုးနိုင်ပါတယ်မြူ။ စိတ်ချ … ကိုယ့်ရဲ့ ကိုယ့်ကျင့်တရားကို အကြွင်းမဲ့ယုံပါ။ မြူ့ကို ကိုယ်လက်ထပ်မှာ မြူ့ဝမ်းထဲက ရင်သွေးအတွက်ပါ မြူရယ်"

စကားအဆုံးမှာ မြူထံ သူ လက်ပေးနေတယ်။ မြူ သူ့ကို မှင်တက်စွာ မော့ကြည့်နေမိဆဲ။

"ခုပဲ ကိုယ်တို့တရားရုံးကိုသွားကြမယ်မြူ။ မြူ့ကို ကိုယ် လက်ထပ်မယ်၊ ကိုယ့်ကတိစကားအတိုင်း မြူရဲ့ရင်သွေးလေး မွေးဖွားလာတဲ့နေ့ကျရင် မြူရဲ့စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

ကမ်းပေးနေသော သူ့လက်ကို မြူလှမ်းဆုပ်ကိုင်လိုက်မိတယ်။

ချစ်ခြင်းတွေနဲ့ တဒိတ်ဒိတ်ခုန်နေတဲ့ မြူရင်ခုန်သံတွေကိုတော့ သူကြားနိုင်မှာ မဟုတ်ပါဘူး။

ရှင့်အချစ်ကို မြူ အကြွင်းမဲ့ယုံချင်ပါပြီ ခန့်ညားရယ်။

❋ ❋ ❋

အခန်း | ၂၂ |

❑

❑ "မင်းကို အခုလို ဖေ့နီးမယားနဲ့ တည်တည်ငြိမ်ငြိမ် ဖြစ်သွားတာမြင်တော့ ငါ အရမ်းဝမ်းသာတယ် ခန့်ညား။ မင်းနဲ့ ငါ အတူတွဲပြီး အလုပ်လုပ်ရင် အဆင်ပြေပါတယ်ကွ … ဘာမှ မပူနဲ့"

"ဟုတ်တယ် … ကိုခန့်ညားကြီး အရင်လို လာတစ်ချက်၊ မလာတစ်ချက် မလုပ်နဲ့နော်၊ မိသားစုဘဝရောက်ပြီနော်



www.burmeseclassic.com

www.burmeseclassic.com



ရင် စီးပွားရေးတော့ ရှာရမယ်၊ နောင်ကျရင် နှစ်ယောက်တည်း မဟုတ်တော့ဘူး။ သားသမီးတွေရလာဦးမှာ ‥အဟင်း”

ရန်နိုင်တို့ လင်မယားက သူ့ကိုဆုံးမနေတော့ မြူ မျက်လွှာလေးချလို့ …ရှက်နေတာလား မသိပါ။ မြူနဲ့ သူတို့ တရားရုံးမှာ လက်ထပ်မည်ဆိုတော့ ရန်နိုင်တို့လင်မယားက လိုလားစွာပဲ အသိသက်သေအဖြစ် လိုက်ပေးခဲ့ကြပါတယ်။

မင်္ဂလာဦး ထမင်းဝိုင်းလေးကိုလည်း ရန်နိုင်တို့လင်မယားက ဖိတ်ကျွေးခဲ့တယ်။

စားသောက်ပြီးပြန်တော့ ရန်နိုင် သူ့ကို တီးတိုးမှာသေးတယ်။

“မင်း မနက်ဖြန်ကစပြီး ငါ့ဆီလာမှာ မဟုတ်လား ခန့်ညား”

“မလာလို့ ရမလားကွာ၊ စိတ်ချ …ငါ အလုပ်လုပ်မှ ဖြစ်မှာလေကွာ”

“အံမယ် …ဒါကျတော့ မင်းကလိမ်မာနေတယ်ပေါ့ ‥ဟား ဟား ‥အေးပါကွာ …မင်းက ဆိုင်းမဆင့်ပုံမဆင့် မိန်းမယူလိုက်တော့ ငါအံ့ဩနေတာကွ၊ စိတ်ချ …မင်း ငါနဲ့အတူ





ကားဝယ်ရောင်းလုပ်စမ်းပါ …ဘာမှ အဆင်မပြေစရာမရှိဘူး။ ငါ တာဝန်ယူတယ်”

ရန်နိုင်က ကတိပေးစကား ဆိုနေတယ်။ အလုပ်ကို ဖွံ့ဖြိုး စည်းကမ်းကြီးစွာ ကြိုးစားသောရန်နိုင်က ကားဝယ်ရောင်းပွဲစားအလုပ်နှင့် အတော်အဆင်ပြေနေတာမို့ အခုလည်း သူတို့ နှစ်ဦးလက်မှတ်ထိုးလက်ထပ်တော့ သူ့လက်ထဲကို ငွေငါးသောင်း ကူညီပေးခဲ့ပါတယ်။

“ပြန်ပေးစရာမလိုဘူး ခန့်ညား၊ ငါ မင်းတို့အတွက် လက်ဖွဲ့တာပဲ …မနက်ဖြန်ကျ အလုပ်တော့ လာကွာ”

“အေးပါကွာ”

ရန်နိုင်တို့လင်မယားကို နှုတ်ဆက်ပြီး သူတို့ပြန်ခဲ့ကြတော့ ညနေစောင်းနေခဲ့ပြီ။ မြူရဲ့တိုက်ခန်းကို ပြန်အပ်လိုက်ပြီမို့ သူနေထိုင်သောအခန်းလေးသည် နှစ်ဦးအတွက် နေထိုင်စရာအခန်းလေး ဖြစ်ခဲ့ရပါတယ်။

“မြူ …လာလေ …မြူ ဘာမှ အားမနာနဲ့နော်၊ ဒါ မြူ့အိမ်, မြူရဲ့အခန်းဖြစ်သွားပြီ”

ခန့်ညားပြောတော့ မြူ ပန်းနုရောင်မျက်နှာလေးနဲ့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး ညှိတ်ပြရှာတယ်။

"မြူ ... အဝတ်အစားလဲချင် လဲလေ၊ ကိုယ် ဧည့်ခန်းထဲမှာပဲ ရှိမယ်"

သူ အလိုက်တသိ ကျန်ရစ်ပေးခဲ့တော့မှ မြူ အခန်းထဲ လှမ်းဝင်ခဲ့မိတယ်။ အလှပြင်မှန်တင်ခုံနဲ့ အဝတ်ဗီရိုကြီး တစ်ခုး ပြီးတော့ နှစ်ယောက်အိပ်ခုတင်ကြီးမှာ အိပ်ရာခင်းအသစ်။

မြူ မျက်နှာလေး ပန်းသွေးရောင်နှင့် နီမြန်းသွားရတယ်။ ဒါတွေကို သူစီစဉ်ခဲ့တာလား။ မြူနဲ့သူက နားလည်မှုတစ်ခုနဲ့ လက်ထပ်ခဲ့တာကို သူမေ့ပစ်လိုက်ပြီလား။

မြူ တွေးရင်း ရင်ထဲမှာ တုန်ယင်လှိုက်ဖိုလာရတယ်။ ဒါ ... သူနဲ့မြူအတွက် မင်္ဂလာဦးအခန်းသဖွယ် စီစဉ်ထားတာ ထင်ရဲ့။ အိပ်ရာခင်းက ပန်းနုရောင်။ ခေါင်းအုံးတွေ၊ ခြင်ထောင်တွေက အစ အားလုံးပန်းနုရောင်။

"မြူ"

သူ့အသံကြောင့် မြူ ဖျတ်ခနဲလှည့်ကြည့်မိတယ်။ အခန်းဝမှာရပ်နေတဲ့ သူ့မျက်နှာကလည်း နီမြန်းနေတာ အထင်အရှား။





"ဟို ... အဲ ... အဲဒါက ရန်နိုင်တို့ စီစဉ်ပေးထားတာပါ။ ဒီကောင်တွေက ကိုယ်နဲ့မြူအကြောင်း မသိကြဘူးလေ"

"ဒါပေမဲ့ သူနဲ့မြူ နားလည်လက်ခံထားတာ ဒီလိုမှ ဟုတ်ဘူးလေ"

"ကိုယ်သိပါတယ် မြူရယ်၊ မြူ ဒီအခန်းထဲမှာ အိပ်ပါ၊ ဗီရိုထဲမှာ လဲဖို့အဝတ်အစားတွေ ရှိတယ်၊ ကိုယ်က ဧည့်ခန်းမှာ အနောင်ပြေသလိုပဲ အိပ်မှာပါ၊ စိတ်ချပါမြူ ... မြူ့ကို မြတ်နိုးချစ်စိတ်က မြူစင်စွာနဲ့ တည်ရှိနေမယ်ဆိုတာ မြူယုံပါ"

စကားအဆုံးမှာ သူ အခန်းထဲကလှည့်ထွက်သွား၏။ မြူ မှင်တက်စွာရပ်ရင်း ကျိတ်ပြုံးလိုက်မိရဲ့။ အခုချိန်ထိ မြူ့စကားတွေကို သူ ယုံကြည်နေခဲ့တုန်းထင်ပါရဲ့။

မြူ ရေချိုးခန်းထဲမှာ ရေချိုးနေတုန်းမှာပဲ။ အခန်းတံခါးဆီက လူခေါ်ဘဲလ်သံကို ကြားရတယ်။

သူ့ဆီရောက်လာတဲ့ ဧည့်သည်ပဲ ဖြစ်မှာပါ။ မြူက ဒီနေ့မှ ဒီအခန်းကိုရောက်လာတဲ့သူ မဟုတ်လား။

မြူ တွေးရင်း ရေလဲလုံချည်လဲလှယ်နေတုန်း သူ့ခေါ်သံက ရေချိုးခန်းအပြင်ဘက်က ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြို ... မြို ... မြန်မြန်ထွက်ခဲ့စမ်းပါ"

အလောတကြီးနိုင်လှတဲ့ သူ့ခေါ်သံကြောင့် မြို လုံချည် ရင်လျားလေးနဲ့ပဲ လှမ်းထွက်ခဲ့ရင်း ...

"ဘာ ... ဘာဖြစ်လို့လဲ ခန့်ညား"

"ပြဿနာ ... ဒေါ်နန်းသူဇာစိမ့် ရောက်နေလို့"

"ဘယ်သူလဲ ... မြို့မှ မသိတာ"

"ပြီးရင် ရှင်းပြမယ်မြို ... အရေးကြီးတာ မြို့ကို ကိုယ့်မိန်းမအဖြစ် သူ သိသွားဖို့ပဲ၊ လာပါ ... ခဏလေး လိုက် ခဲ့"

"ဟို ... မြို အဝတ်အစားလဲပါရစေဦး"

"ဟာ ... ပြီးမှလဲပါမြိုရဲ့၊ လာပါကွာ ... မြို့နဲ့မိတ် ဆက်ပေးလိုက်တာနဲ့ သူပြန်သွားမှာ သေချာပါတယ်"

သူ ကသောကမျောဆွဲခေါ်ရာနောက်ကို မြိုလိုက်ခဲ့ရ တယ်။ ည့ခန်းထိုင်ခုံမှာ ငုတ်တုတ်ကြီးထိုင်နေတဲ့ ဝဝပုပု မိန်း မကြီးက မြို့ကို မျက်လုံးကြီးတွေ ပြူးကြည့်ရင်း ...

"ခန့် ... ခန့်လေး ... သူ ... သူက"

"ဒါ ကျွန်တော့်မိန်းမလေ မမစိမ့်ရဲ့ ... ဒီမနက်ပဲ





ဘုရားရုံးမှာလက်ထပ်လိုက်ကြတာ ... ပန်းမြိုတီတဲ့၊ မြို ... ဒါ မမစိမ့်တဲ့ ... အခု ကိုယ်နေတဲ့အခန်းပိုင်ရှင်လေ၊ ကိုယ်ရဲ့ အစ်မတစ်ယောက်ဆိုလည်း ဟုတ်တယ်"

မမစိမ့်ဆိုတဲ့မိန်းမကြီး မျက်နှာရှုံ့မဲ့သွားပုံက ဟန်မ ဆောင်နိုင်လောက်အောင်ပါပဲ။

"မင်း ... မင်း ... တကယ်ပြောနေတာလား ခန့်လေး ရယ်"

"အဟင်း .. ဟုတ်ပါတယ် မမစိမ့်ရဲ့ ... မြိုက ကျွန် တော့်ချစ်သူပါ"

မြို့ပခုံးကို ပိုင်စိုးပိုင်နင်းဖက်ရင်း ခန့်ညားဆိုတော့မှ မစိမ့် ထိုင်ခုံက သုတ်ခနဲထရပ်ရင်း ...

"မမပြန်တော့မယ် ခန့်လေး"

"ဟာ ... ပြန်တော့မှာလား မမရဲ့ ... နေပါဦး၊ ကျွန် တော့်ဇနီးဖျော်ပေးတဲ့ ကော်ဖီလေး သောက်သွားပါဦး"

"တော်ပြီ ... တော်ပြီ ... မသောက်တော့ပါဘူး၊ ညှော် ... မင်းကိုပြောရဦးမယ် ... မင်း ငါ့ကို အိမ်လခကျန် တစ်လစာ ပေးရဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ ... မနက်ဖြန်ကျရင် ကျန်တဲ့လစာအ ပြင် နောက်ထပ်ခြောက်လစာပါ ထပ်ပေးပါ့မယ်"

"အေး ... ဒါဆိုလည်း ပြီးရော ... မင်းစကားအတိုင်း တည်ပါစေ"

ရဲရဲနီအောင်ဆိုးထားတဲ့ နှုတ်ခမ်းကြီးတွေကို ရှုံ့ပြီ ထော်ရင်း မိန်းမကြီး အခန်းထဲက ချာခနဲလှည့်ထွက်သွားတော့ မှ ခန့်ညား ဂူးခနဲပင့်သက်မောကြီးချတယ်။

"ဒီမိန်းမကြီးက ရှင်နဲ့ဘယ်လိုပတ်သက်နေလို့လဲ ခန့် ညား"

"ဟို ... အဲ ... ဘာမှမပတ်သက်ပါဘူး၊ သူက အခန်းပိုင်ရှင်လေ၊ တစ်ခါတလေ ကိုယ် လခမရှင်းနိုင်သေးတော့ အဟဲ .. ဒီလိုပဲ တောင်းပန် ချော့မော့ ပေါင်းသင်းထားရတာ"

သူ့စကားကြောင့် ပန်းမြူတီ မျက်ဝန်းစူးစူးလေးတွေနဲ့ ကြည့်နေတော့ သူ မနေတတ်ဖြစ်ကာ ဖြေရှင်းမိပြန်ရဲ့။

"ဟို ... ဟို ... ကိုယ့်ကို အထင်မလွဲပါနဲ့မြူ၊ အမှန် ပြောရရင် ဒီမိန်းမကြီးက ကိုယ့်ကို တစ်ဖက်သတ်ရေလာမြော ပေး လုပ်နေတာလေ ... အဲဒါကြောင့် အမြဲရှောင်တိမ်းနေရတာ





အခု မြူနဲ့ မိတ်ဆက်ပေးလိုက်တော့ တစ်ခါတည်းပွဲပြတ်ပြီပေါ့"

"ရှင်နဲ့ကျွန်မကိစ္စ အမှန်အတိုင်း ပြောလိုက်သင့်တာ"

"ဟာ ... မလုပ်ပါနဲ့ မြူရယ်"

မြူ မကျေမနပ် မျက်စောင်းလေးထိုးကာ ထွက်သွားတော့ သူ မြူ့အလုမှာ ငေးမောမှင်တက်သွားရတယ်။

လုံချည်ရင်လျားလေးနှင့် ဆံနွယ်တိုတိုတွေကို စုချည် နှောင်ထားတာမို့ ဖါဝင်းသောရင်သားဖွေးဖွေးလေးတွေနှင့် ဝင်း ဖွတ်သောကျောပြင်အပေါ်ပိုင်းလေးကို သူမြင်နေရတယ်။

တဒိတ်ဒိတ်တိုးလာတဲ့ ရင်ခုန်သံတွေကို ပြန်ထိန်းချုပ် ရင်း သူ အကြည့်လွှဲပစ်လိုက်ရတယ်။

တကယ်ဆို ပန်းမြူတီဆိုသော ပန်းကလေးက သူခူး ဆွတ်နမ်းရှိုက်ခွင့်မရှိသော ပန်းကလေးပါပဲ။

မြတ်နိုးစွာ စောင့်ရှောက်ခွင့်ရတာကိုပဲ သူ ကျေနပ်နိုင်ပါ တယ်။

မမစိမ့်ပြဿနာကြောင့် ထင်ပါတယ်။

မြူ သူ့ကိုတောင် စကားမပြောတော့ဘဲ အခန်းထဲက ထွက်မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြူ ...မြူ ...အိပ်နေပြီလား"

သူ့ အပြင်က တီးတိုးခေါ်ပေမယ့် မြူပြန်မထူးဘဲ ငြ
လိုက်မိတယ်။ မြူ အိပ်သွားပြီထင်မှတ်သွားကာ သူ ပြန်လှည်
သွားပုံပါပဲ။

မြူမျက်ဝန်းတွေက အိပ်စက်မရနိုင်တာ ...အမှ
အာရုံထဲမှာ မမစိမ့်ဆိုတဲ့ မိန်းမကြီးမျက်နှာကို မြင်ယောင်လာ
တယ်။

ရုပ်ကသာ အကျည်းတန်တာ၊ နားမှာ ပန်ဆင်ထားတဲ့
စိန်နားကပ်က ဝင်းပြောင်လို့၊ ပလက်တီနမ်ဆွဲကြိုးတွေ၊ လက်
စွပ်၊ လက်ကောက်တွေကလည်း ဝပုပုခန္ဓာကိုယ်ကို ဆလိုက်
ရောင် ထိုးပေးထားသလို တောက်ပနေတယ်။

ဒီမိန်းမကြီးနဲ့ သူ့ကို မြူ သဝန်တိုနေမိတာ အမှန်ပါပဲ
ဘာကြောင့်မှန်း မသိပေမယ့် သူ့ကို ကုတ်ဖဲ့ထုရိုက်ပစ်ချင်လိုက်
တာ အရမ်း။

ရှင့်အချစ်ကို မြူ ယုံဖို့ခက်ခက်ဖြစ်ရပြီ ခန့်ညား။

ရှင် လူရှုပ်လူပွေတစ်ယောက်ဖြစ်နေရင် ...မြူ ဘာ
လုပ်ရမလဲ။ ရှင့်ကို မြူ စွန့်လွှတ်ပစ်လိုက်ရမှာလား။

**ထစီးဂျူစာဝေ**



တွေးမိရုံနဲ့ ရင်ထဲမှာမောဟိုက်ပြီး ငိုချင်သလို ဖြစ်သွား
တာ။

ဘာကြောင့်လဲ။

မြူ့နှလုံးသားကို ရှင်မြင်ကြည့်လှည့်ပါ ခန့်ညားရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၂၆ |

❑

❑ "အားဆေးတွေကို မှန်မှန်သောက်နော် ... မြူ ဒီမှာ မြူ ညဘက်ဆာရင် စားဖို့မုန့်တွေ၊ မီးဖိုထဲမှာ ကိုယ် ဓာတ်ဘူးနဲ့ ရေနွေးစိစဉ်ပေးထားမယ်"

"နေပါစေ ... မြူ ညဘက်မဆာတတ်ပါဘူး"

"အရင်က မဆာတတ်ပေမယ့် အခုမြူက နှစ်ယောက်စာ စားရမှာလေ ... မြူစားမှ ကလေးကအားရှိမှာတဲ့"





သူ့စကားတွေကြောင့် မြူ ပါးလေးတွေ ရဲရဲနီနေအောင် ရှက်နေရတယ်။ သူကတော့ ရှပ်အင်္ကျီပွပွကြီးဝတ်ထားတဲ့ မြူကို ကြည့်ပြီး ပြုံးရင်း ...

"နောက်ဆို မြူရှပ်အင်္ကျီတွေမဝတ်နဲ့တော့ ဒီမှာ ကိုယ် ဝယ်လာတာ"

"ဟင် ... ဘာ ... ဘာတွေလဲ"

"ဗိုက်ဖုံးအင်္ကျီတွေလေ မြူရဲ့၊ နောက်ဆို မြူ ဗိုက်ကြီး က ကြီးလာမှာ ... ရှပ်အင်္ကျီနဲ့တောင် ရမှာမဟုတ်ဘူး"

"အို"

"မရှက်ပါနဲ့ မြူရယ် ... မိခင်တစ်ယောက်ဖြစ်လာတော့ ယ့် မိန်းမတစ်ယောက်ဘဝဆိုတာ ကျေနပ်စရာကောင်းပါတယ်၊ မြူ့အတွက် ကိုယ်တောင် ခံစားကြည်နူးနေမိတာပါ"

သူ့ရဲ့ ပြုစုယုယမှုတွေကြောင့် မြူ လိပ်ပြာမလုံအောင် ဖြစ်ရတယ်။ သူ့ကို မြူလိမ်ညာထားတာကို သူ တကယ်ကို နိုင်မိရှာပါဘူး။

မြူ့အတွက် အားဆေးတွေ၊ ဗိုက်ဖုံးအင်္ကျီတွေ ဝယ်လာ တတ်တယ်။ သူရှာဖွေလို့ရသမျှငွေကိုလည်း မြူလက်ထဲ အပ်

www.burmeseclassic.com



တယ်။

"ရော့ ... ဒီနေ့ ကားတစ်စီးအရောင်းအဝယ်ဖြစ်တော့ ကိုယ်ရတဲ့ပွဲခ ... ကိုယ့်အတွက် အသုံးစရိတ်ပဲယူထားတယ်။ မြူ လိုတာသုံးနော်"

ကြွပ်ကြွပ်အိတ်နဲ့ ထည့်လာတဲ့ငွေထုပ်ကို စားပွဲပေါ်သူ တင်ပေးတော့ မြူ ခေါင်းခါလိုက်ရင်း ...

"ရှင့်ဘာသာ သိမ်းထားပါ ခန့်ညား။ ဒါတွေက ရှင်ရှာတဲ့ငွေတွေပဲ"

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ မြူရယ်"

"အမှန်ပဲလေ ... အချိန်တန်ရင် ရှင်နဲ့ကျွန်မ ပြတ်စဲကြမှာပဲ"

မြူ့စကားကြောင့် သူ့မျက်နှာလေး ညှိုးမှိုင်းသွားခဲ့တယ်။ ပြီးမှ မှင်တက်မောကိုရှိုက်ရင်း ...

"အဲဒီအချိန်ကြီး ကိုယ်မေ့ထားချင်တယ်မြူ"

"ဒါမေ့ထားလို့မှ မရနိုင်တာဘဲ ခန့်ညား"

"မြူရယ် ... မြူ့စိတ်ချမ်းသာအောင် ကိုယ့်ကတိအတိုင်း စိစဉ်ပေးမှာပါ။ ခုချိန်မှာ ကိုယ်ရှာဖွေသမျှကိုတော့ မြူ သုံးစွဲခွင့် ရှိပါတယ်။ တကယ်လို့ ကွာရှင်းတဲ့ အချိန်ကျရင်လည်း ကိုယ်ရှာဖွေသမျှ မြူတို့သားအမိအတွက်ပဲ ပေးလိုက်မှာပါ"

"ဟင့်အင်း ... ကျွန်မ ဘာမှမယူပါဘူး"

"မြူရဲ့မာနတွေကို မြူရင်သွေးအတွက် တစ်ထစ်လျှော့ပေးပါမြူ ... ကိုယ် မင်းကို ညီမလေးလိုစောင့်ရှောက်တာကို မင်း လက်ခံပါကွာ"

စကားအဆုံးမှာ သူ မြူ့ရှေ့က ခေါင်းငိုက်စိုက်ထွက်သွားခဲ့ပါတယ်။

သူ့မျက်ဝန်းတွေက မြူမြင်ခဲ့ရတဲ့ အရိပ်တွေအတွက် မြူ့ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးမိတာ အမှန်ပါပဲ။

သူနဲ့ပေါင်းသင်းလာတဲ့တစ်လကျော် ကာလတစ်လျှောက်လုံးမှာ မြူပိုင်ဆိုင်ခွင့်ရခဲ့တဲ့ သူ့ရဲ့ယုယကြင်နာမှုတွေက မြူ့ရင်ကိုလှိုက်ဖိုစေခဲ့တာပါပဲ။

သူ့ဘက်က အပြုအမူတွေက သန့်ရှင်းတဲ့ယုယမှုတွေဖြစ်နေပေမယ့် မြူရဲ့ဟန်ဆောင်မှုတွေကိုတော့ သူ မမြင်နိုင်ခဲ့လား။





ထမ်းချိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားရယ် ရှင့်ကိုမြတ်နိုးစိတ်တွေနဲ့ ဖြူနလုံးသားက ချစ်တတ်လာခဲ့ပြီဆိုတာ ရှင်သိခဲ့ရင် ...။

➚ ➚ ➚

## အခန်း | ၂၇ |

❑

❑ သူ ရေချိုးခန်းဝင်နေတုန်းမှာ သူ့ရဲ့ဟန်းဖုန်းကလေး မြည်လာတာမို့ ဖြူ ကောက်ကိုင်လိုက်ရတယ်။

"ဟဲလို ... ဖြူပါ"

"ဟင် ... ဖြူတီလား ... နိုင်ပါ"

ရန်နိုင်ရဲ့ဖုန်း နိုင်သဇင်ဆီကမို့ ဖြူ ဆက်နားထောင်နေလိုက်ရင်း ...

**ထမ်းရိုးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညားဆီဆက်တာလား နိုင်၊ သူ ရေချိုးနေတယ်၊ ဘာပြောစရာရှိလို့လဲဟင်"

"ဆက်တာက ခန့်ညားဆီပါ၊ ဒါပေမဲ့ မြူနဲ့တွေ့တာ အတော်ပဲ၊ မြူမသိအောင် သူလျှို့ဝှက်ထားတဲ့ ကိစ္စတစ်ခု နိုင် ပြောမလို့"

"ဟင် ... ဘာ ... ဘာလဲနိုင်"

မြူ့အသံက ထိတ်လန့်သံထွက်သွားတယ် ထင်ပါရဲ့။ နိုင် ညင်းညင်းကလေးရယ်ရင်း ...

"လျှို့ဝှက်ချက်ဆိုလို့ မစိုးရိမ်ပါနဲ့မြူရဲ့ ... မြူ့အတွက် ဝမ်းသာစရာသတင်းပါ၊ မြူ့ခင်ပွန်းက မြူဝမ်းသာသွားအောင် စီစဉ်ထားတဲ့ အစီအစဉ်လေ ... အခု သူရှာနိုင်းထားတဲ့ အိမ်လေး နိုင်ရှာတွေ့ထားတယ်"

"အိမ် ... ဟုတ်လားနိုင်"

"ဟုတ်တယ် ... မြူရင်သွေးလေးမွေးဖွားတဲ့နေ့ကျရင် မြူ့ကို လက်ဆောင်ပေးချင်လို့ဆိုပြီး သူငွေစုပြီး ဝယ်နိုင်းထားတဲ့ အိမ်လေးပေါ့၊ ခြံလေးက ပေခြောက်ဆယ်ပတ်လည်ပဲ၊ ဒါပေမဲ့ အေးချမ်းတယ်၊ ဆောက်ထားတဲ့အိမ်လေးက တစ်ထပ်တိုက်ပု





လေး ... မြူမြင်ရင် ကျေနပ်သဘောကျသွားမှာ သေချာတယ်၊ အိမ်ရောင်းမယ့်ပိုင်ရှင်နဲ့ တွေ့ပြီးပြီ၊ အဲဒါ သူလာကြည့်ပြီး ဝယ်ဖို့ပဲ လိုတော့တယ်"

"မြူ ... မြူ ... ဒါကို လုံးဝမသိဘူးနိုင်"

"ဟယ် ... ဟုတ်သားပဲ၊ သူက မြူအံ့ဩစေချင်လို့ မသိအောင်စီစဉ်နေတာ နိုင်က ကြိုဝမ်းသာစေချင်လို့ ပြောပြနေတာ၊ အဲဒီခြံနဲ့အိမ်လေးကို သူက မြူနာမည်နဲ့ ဝယ်ပေးမှာတဲ့"

"ဟင်"

"မြူ ... မသိချင်ယောင်ဆောင်နေနော် ... သူပြောပြမှ ထပ်ဝမ်းသာလိုက်ပေါ့၊ ဒါပဲနော် ... ပြီးမှ သူ့ဆီ နိုင် ပြန်ဖုန်းဆက်တော့မယ်"

"ဟုတ် ... ဟုတ်ကဲ့ နိုင်"

မြူ မယုံနိုင်အောင် အံ့ဩနေမိတယ်။ သူက မြူ့အမည်နဲ့အိမ်ခြံလေးဝယ်ဖို့ စီစဉ်နေတယ်တဲ့။ ဒါ ... ဒါအမှန်ပဲလား။

မြူအံ့ဩမယုံနိုင်စိတ်ကို ထိန်းရင်းချာခနဲလှည့်အထွက်။

"အိုး ... အမေ"

"ဟာ ... မြူ"



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်ပြုတ်ကျနေတဲ့ ကော်ယပ်တောင်လေး
နင်းမိတဲ့မြူ ဟန်ချက်မထိန်းနိုင်ဘဲ ချော်လဲသွားရတယ်။

"ဟာ ... မြူ ... နဖူးမှာ သွေး ... သွေးတွေ မြူ ... မြူ"

ရေချိုးခန်းထဲက စိုးရိမ်တကြီးပြေးထွက်လာတဲ့ သူ့အော် သံနှင့်အတူ မြူအနားကိုရောက်လာတယ်။

အခန်းထဲက စားပွဲစွန်းနဲ့ထိမိတဲ့ နဖူးမှာဒဏ်ရာက သွေး ဆို့ယိုစီးကျလာတယ်။ စေးပျစ်နီရဲတဲ့ သွေးတွေကိုကြည့်ရင်း မြူ ခေါင်းတွေ မူးမိုက်ထိတ်လန့်ရတယ်။

"မြူ ... မြူ ... ဘာမှမဖြစ်ဘူး"

သူ့အသံကို ကြားရပေမယ့် မြူမျက်ဝန်းတွေပြာဝေသွား ခဲ့ရတာနောက်ဆုံးအသိပါပဲ။

* * *

အခန်း | ၂၈ |

❑

❑ မြူ သတိရတော့ စိုးရိမ်တကြီး အနီးမှာရှိနေတဲ့ နိုင့်ကို မြင်လိုက်ရတယ်။

"မြူ ... သတိရလာပြီလားဟင် ... ဒဏ်ရာက နှစ် ချက်ချုပ်လိုက်ရတယ်။ ကြီးကြီးမားမားတော့ မထိနိုက်ပါဘူး"

"ဟို ... ဟို ... သူ ... သူ ... ခန့်ညားကော နိုင်"



www.burmeseclassic.com

www.burmeseclassic.com



မြူ့မျက်ဝန်းလေးတွေ ဝေဝဲရှာဖွေရင်းမေးတော့ နိုင်မျက်စိမျက်နှာပျက်နဲ့ ဘာမှမဖြေရှာဘူး။

"နိုင် ...နိုင် ...သူကောဟင်"

"ဟို ...သူ ...သူပြန်သွားပြီထင်တယ်"

"ဘာ ...ဘာရယ်နိုင်"

"မြူ လိမ်ညာခဲ့တာ သူသိသွားလို့ စိတ်ထိခိုက်သွားတာထင်တယ်"

BURMESE CLASSIC

"ဟင်"

"ဟုတ်တယ်မြူ ...သူက မြူ့ရဲ့ကိုယ်ဝန်ကို ထိခိုက်မှာစိုးရိမ်ပြီး ဆရာဝန်ကို တတွတ်တွတ်ပြောတယ်။ ဆရာဝန်က စမ်းသပ်ကြည့်တော့ မြူ့မှာကိုယ်ဝန်မရှိဘူးဆိုတာ သူသိသွားတယ်"

"ဟင်"

"လင်မယားတွေပဲ မြူရယ်၊ သူ စိတ်ထိခိုက်သွားတော့လည်း ချော့မော့လိုက်ပေါ့ကွာ"

နိုင် နှစ်သိမ့်အကြံပေးတာလား။ မြူနဲ့သူ့အကြောင်း နိုင်မှမသိတာ။ မြူ့ကို သူ စိတ်နာသွားခဲ့တာလား။ ဟန်ဆောင်





လိမ်ညာခဲ့မိတဲ့ မြူ့ကို သူမုန်းတီးသွားခဲ့ပြီလား။

"သူ ...သူ ...မြူ့ကို မုန်းသွားခဲ့ပြီထင်တယ်"

"အို ...သူမြူ့ကို သိပ်ချစ်တာ နိုင်တို့သိပါတယ်၊ အရင်က နေချင်သလိုနေတတ်တဲ့အကျင့်ကို ပြောင်းလဲပစ်လိုက်တာသက်သေပဲ၊ တိုက်ခန်းငှားနေရတဲ့ဘဝကို ရုန်းကန်ပြီး မြို့ပိုင်လေးဝယ်နိုင်အောင် နှစ်လအတွင်းမှာ ကြိုးစားခဲ့တာကိုကြည့်လေ၊ မြူ့ကို သူ မမုန်းပါဘူး"

နိုင်ပြောသလို ဖြစ်ပါစေလို့ မြူဆုတောင်းပါတယ် ခန့်ညားရယ်။

"ကဲ ...ပြန်ရအောင်နော် မြူ"

နိုင်ကိုယ်တိုင် ကားလေးနဲ့ မြူ့ကိုအိမ်ပြန်ပို့ပေးတယ်။ တိုက်ခန်းရောက်တော့ အခန်းက ပိတ်ရက်သားပါပဲ။

"သူ ...ဒီကို ပြန်မလာဘူးနိုင် ..အတင့် တင့်"

"မငိုပါနဲ့ မြူရယ် ...ချက်ချင်းကြီးဆိုတော့ သူ စိတ်ဆိုးသွားလည်း ခဏပါ၊ မြူ့ဆီပြန်လာမှာပေါ့"

"မဟုတ်ဘူး ...မြူ့ကို သူနာကြည်းမုန်းတီးသွားခဲ့မှာမြူ သိတယ်နိုင်၊ မြူ မှားခဲ့ပါတယ်၊ သူ့အချစ်ကို မြူ စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိတာပါ''

''ကဲပါ မြူရယ် . . . ဆေးသောက်ပြီး တစ်မှေးလောက် အိပ်လိုက်နော်၊ သူ အချိန်တန်ရင် ပြန်လာမှာပါ၊ နိုင်လည်း ပြန်ဦးမယ်၊ မနက်ဖြန် တစ်ခေါက်လာခဲ့မယ် . . . သိလား''

နိုင်ပြန်သွားတော့ မြူအခန်းတံခါးသော့ဖွင့်ပြီး ဝင်ခဲ့တယ်။ ရင်ထဲမှာ ဝမ်းနည်းစိတ်တွေနဲ့။ မြူ အိပ်ခန်းဘက်လှမ်းခဲ့တယ်။

''ဟင်''

အခန်းထဲက မှန်တင်ခုံပေါ်မှာ မြူမြင်လိုက်ရတဲ့ မြင်ကွင်းက ရင်ကိုထိတ်ခနဲဖြစ်သွားစေတယ်။

သူဝယ်ပေးခဲ့တဲ့ အားဆေးတွေကို မြူမသောက်ဖြစ်ဘဲ စားပွဲထဲဝှက်ထားခဲ့တာ သူက တွေ့သွားခဲ့ပြီပဲ။

စားပွဲပေါ်မှာ ဆေးလေးတွေပြန့်ကျဲလို့ စာလေးတစ်စောင်က အသင့်။

မြူ စာလေးကို တုန်တုန်ယင်ယင်ကောက်ဖတ်လိုက်မိတယ်။





မြူ . . .

ကိုယ့်ကိုလိမ်ညာလှည့်စားရက်တယ်နော်။ တကယ်ဆို မင်းကို မြတ်နိုးစိတ်နဲ့ ပြောင်းလဲခဲ့တဲ့ကိုယ့်ဘဝ . . ကိုယ့်အိပ်မက် လေးတွေအကုန်ကို မင်းဖျက်ဆီးပစ်လိုက်တာပါပဲ။

မြူ မင်း ဘာကြောင့် ညာရက်ခဲ့တာလဲဟင်။ လှည့်စားခံရတဲ့နှလုံးသားအတွက်တော့ ကိုယ်ခံစားနာကျင်ရတယ်။

မင်းကျေနပ်မယ်ဆိုရင် ကိုယ့်နှလုံးသားကိုပါ စေလိုရာစေဖို့ ချန်ထားရစ်ခဲ့ပါတယ်မြူ။

ကျေနပ်နိုင်ပါစေ။

ခန့်ညား

မျက်ရည်တွေ မြူ ပါးပြင်ပေါ်လိမ့်ဆင်းလာရတယ်။

ဘယ်လောက်ထိကြာအောင် မြူ ရှိုက်ငိုနေမိသလဲ မသိဘူး။ နူးညံ့တဲ့လက်တစ်ဖက်ရဲ့ အထိအတွေ့ကြောင့် မော့ကြည့်မိတော့ . . .

''ဟင် . . . ခန့် . . . ခန့်ညား''

''မြူ ဝမ်းသာလို့ငိုနေတာလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"မေး . . . မေးရက်လိုက်တာခင်ညားရယ်၊ မြူ့ တကယ် ခံစားနေရတာ သူသိသင့်ပါတယ် . . အဟင့် ဟင့်"

"မြူ ကိုယ့်ကို ဘာလိုညာခဲ့တာလဲဟင်"

"မြူ ညာခဲ့မိတာ ရှင့်ကိုချစ်လို့ဆိုရင် ရှင်ယုံမလား"

"ဘယ် . . . ဘယ်လိုမြူ"

မြူ မရုက်နိုင်တော့ပါဘူး။ ရင်ထဲကခံစားချက်တွေကို ဟန်မဆောင်စတမ်း ဝန်ခံနေမိတယ်။

"ဟုတ်တယ် . . . ရှင့်ကို ချစ်မိပေမယ့် ယောက်ျားတွေကို မယုံဘူး၊ ဒါကြောင့် လိမ်ညာခဲ့မိတာ"

"မြူရယ် . . . ကိုယ့်ကို ယုံပြီလားဟင်"

"ယုံမိတာတင် မကဘူး . . . ရှင်က ကျွန်မနှလုံးသား ထဲက အရာအားလုံးကို သိမ်းပိုက်ခိုးယူသွားတယ်"

"ဘယ်လို . . . ကိုယ်က . . ."

"ဟုတ်တယ် . . . ကျွန်မရဲ့မချစ်တတ်တဲ့ နှလုံးသားထဲ က ချစ်တတ်တဲ့ ခံစားမှုတွေ အကုန် ရှင်ယူသွားခဲ့တာ၊ အဲဒီ အတွက် ရှင့်ဆီက ကျွန်မ တစ်ခုတော့ ပြန်ခိုးယူရမယ်"

"မြူရယ်"





"ဘာမှမပြောနဲ့ . . . ရှင့်မျက်လုံးတွေ မှိတ်ထားစမ်းပါ ခင်ညား"

မြူ့အလိုကျ သူ မျက်လုံးတွေ မှိတ်ထားလိုက်မိတယ်။

မြူ ခြေဖျားလေးထောက်ရပ်ပြီး သူ့နဖူးပြင်ကို ညင်ညင် သာသာလေး နမ်းရှိုက်တယ်။

သူ့ရင်ခုန်သံတွေကိုပါ မြူ လှုပ်နှိုးပစ်လိုက်တာပါ။

"မြူ . . . မြူရယ်"

မြူ့ခန္ဓာကိုယ်လေးကို သူ ပွေ့ဖက်လိုက်တယ်။ မြူ့လက် ချောင်းသွယ်သွယ်လေးတွေကလည်း သူ့ကျောပြင်ကြီးကို သိုင်း ဖက်လာတယ်။

သူ့မျက်နှာက မြူ့မျက်နှာလေးပေါ် အုပ်မိုးကျသွားခဲ့ တယ်။

အနမ်းတွေက မွတ်သိပ်ရှည်လျားစွာ။

သူ့မျက်ဝန်းတွေတစ်ချက်အမှိတ်မှာ ကောင်မလေးခိုး ယူသွားတဲ့အနမ်းတွေအတွက် လျော်ကြေးပြန်ယူရမယ်။

အနမ်းတွေရဲ့ အဆုံးမှာ ရင်ခုန်သံတွေက နှစ်ဦးစလုံး နှလုံးသားထဲက ပေါက်ကွဲထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်အားမဲ့သလို ပြိုကျသွားတဲ့ ခန္ဓာကိုယ်နှစ်ခုက ·နှ
ကိုယ့်တစ်စိတ်ဖြစ်နေဆဲပါပဲ။

ရင်ခုန်သံတွေက အနမ်းတွေကို အသက်ပြန်ဆက်ပေ
လိုက်တယ်။ ချစ်သူနှစ်ဦးရဲ့ အခန်းကလေးက တိတ်ဆိတ်နေ
တယ်။

ဖုန်းမြည်သံလေးက အခန်းထဲလွင့်ပျံ့လာတယ်။ မှေ
စင်းနေတဲ့ဖြူမျက်ဝန်းတွေ အလန့်တကြားဖွင့်လာတယ်။

"ခိုင့်ဆီက ထင်တယ်"

သူ ခေါင်းကလေးခါပြီး ဖုန်းလေးကိုပိတ်ပစ်လိုက်တယ်

ထိတ်လန့်သွားတဲ့ ချစ်သူမျက်ဝန်းတွေကို အနမ်းတွေ
နဲ့ပြန်အိပ်စက်စေလိုက်မိတယ်။

ရင်ခုန်သံမြစ်ပြင်ကျယ်ထဲမှာ အနှောင့်အယှက်တွေကင်း
စင်သွားခဲ့ချိန်မှာတော့ ချစ်ခြင်း၏ပန်းရနံ့တွေ သင်းထုံရီဝေ
နဲ့ စီးမျောပျံ့လွင့်နေခဲ့ပါတယ်။

[illegible]

[illegible]

သပိုးပျို

သပိုးပျိုစာပေမှ

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

# သမီးပျို

## နှုတ်ခမ်းလေးတစ်စုံရဲ့ခြေရာ

www.burmeseclassic.com